# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၀)

# ဘာသာရပ်တွေမှာ ကိုယ့်ဝါသနာကို အရင်းခံပြီး စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများ ရယူ ရရှိလာသည့် ဗဟုသုတ၊ ဉာဏ်ပညာများဖြင့် အသိအမြင် ရရှိစေသည်အထိ ကြိုးစားအားထုတ်ဖို့ လိုအပ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ် အခြေခံပညာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်

**နေပြည်တော်  ဒီဇင်ဘာ ၈**

ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်

စာ » ၈

## ရခိုင်ပြည်နယ်၌ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ကလေးငယ် ငါးသိန်းကျော် ထိုးနှံမည်

စာ » ၁၁



## ခွဲထွက်ရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားနိုင်ရန် ဗြိတိန်ဝန်ကြီးချုပ်နှင့် ဥရောပသမဂ္ဂတို့ သဘောတူညီမှုရရှိ

စာ » ၁၄



# မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကင်းဝေးသည့် ဝန်းကျင်များထူထောင်

မူးယစ်ဆေးဝါးသုံးစွဲမှုသည် ရာဇဝတ်မှုကျူးလွန်ခြင်းလား၊ အပြုအမူနှင့်ဆိုင်သော ကျန်းမာရေးဆိုင်ရာပြဿနာလားဆိုသည်ကို ပြန်လည်သုံးသပ်ခြင်းနှင့်အတူ မူးယစ်ဆေးဝါးပြဿနာများကို ဖြေရှင်းရန်အတွက် ချဉ်းကပ်မည့်နည်းလမ်းများကိုလည်း ပြန်လည်စဉ်းစားသုံးသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းများအရ သိရသည်။ ဤသည်မှာ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုများလျော့နည်းပပျောက်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မိမိတို့နိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အတွေးအခေါ်သစ်နှင့်အတူ မဟာဗျူဟာ၊ နည်းဗျူဟာအရ ပြုပြင်ပြောင်းလဲမှုတစ်ခုဆီသို့ ရွေ့လျားသွားခဲ့ခြင်းလည်း ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ သုံးစွဲမှု၊ လက်ဝယ်ထားရှိမှုတို့အတွက် ပြစ်မှုထင်ရှားပါက ကြီးလေးသော ထောင်ဒဏ်မှသည် သေဒဏ်အထိ ကြီးလေးသော ပြစ်ဒဏ်များနှင့် ဥပဒေပြဋ္ဌာန်းချက်ရှိခဲ့သည့်တိုင်အောင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများ ထင်တိုင်းမပေါက်ခဲ့ခြင်းအတွက် အရွေ့သစ်ဆီသို့ ဦးတည်လာခဲ့ခြင်းဟုလည်း ဆိုနိုင်သည်။

နိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများ၏ လေးပုံသုံးပုံခန့်မှာ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော ပြစ်မှုများနှင့် သက်ဆိုင်သူများဖြစ်ရာ မူးယစ်ဆေးဝါးပြဿနာများအပေါ် ရှုမြင်ပုံအသစ်နှင့် ချဉ်းကပ်ဖြေရှင်းပုံအသစ်တို့က အကျဉ်းကျသူဦးရေ လျော့ကျလာစေရန်အတွက် အတိုင်းအတာတစ်ရပ်အထိ သက်ရောက်လာစေနိုင်သည်။ လက်ရှိအခြေအနေတွင် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့်စပ်လျဉ်း၍ ပျော့ပြောင်းသည့် မူဝါဒ ချမှတ်ကျင့်သုံးခြင်းအပေါ် မေးခွန်းထုတ်ခြင်း၊ ဝေဖန်ပြစ်တင်ခြင်းများကို ကြားသိရသည်။ ပြည်နယ်အချို့ရှိ မြို့ကြီးများမှ လူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုပိုမိုများပြားလာခြင်းတို့ကိုလည်း ထောက်ပြလျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုအတွက် ထောင်ဒဏ်အပြစ်ပေးနေသည့်ကြားကပင် သုံးစွဲမှုများ ပပျောက်သွားခြင်းမရှိရာ ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ခြင်းမရှိပါက လူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ကျယ်ပြန့်များပြားလာမည်ကို စိုးရိမ်ကြခြင်းလည်း ဖြစ်ကြသည်။

စင်စစ်အားဖြင့် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် တရားရေးဆိုင်ရာ ရှုထောင့်တစ်ခုတည်းမှကြည့်ကာ ဖမ်းဆီးအရေးယူ ထောင်ချ အပြစ်ပေးရုံဖြင့် ထိရောက်မှုမရှိခြင်းကို အတွေ့အကြုံများအရ သိရှိကြရပြီးဖြစ်သည့်အလျောက် အခြားရှုထောင့်များဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အစီအမံများ စသည်ဖြင့် အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ကြရမှာ ဖြစ်သည်။ တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးသုံးစွဲမှုသည် ရာဇဝတ်မှု မဟုတ်ဟုဆိုသည့်တိုင်အောင် လူငယ်ထုအတွင်း ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် အမြစ်တွယ်မလာအောင် ကာကွယ်တားဆီးခြင်း၊ ပညာပေးခြင်း၊ လူငယ်ဖွံ့ဖြိုးမှုဆိုင်ရာအစီအစဉ်များ စဉ်ဆက်မပြတ် ပြုလုပ်ပေးကာ ဆွဲဆောင်စည်းရုံးခြင်း နည်းလမ်းများကို ကျင့်သုံးအကောင်အထည်ဖော်သွားရကြမည် ဖြစ်သည်။

လူငယ်များအတွင်း ကောင်းမွန်သည့် ဓလေ့စရိုက်များ ရှင်သန်ထွန်းကားစေခြင်း၊ မိမိနှင့် မိမိပတ်ဝန်းကျင် ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်နိုင်သူများ၊ အများအကျိုးသယ်ပိုးလိုသည့် ပရဟိတစိတ်ဓာတ်များ များပြားလာအောင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုများနှင့် ကင်းဝေးစေမည့် စာပေ၊ ဂီတ၊ အနုပညာ၊ နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များကို လူငယ်ထုနှင့်လက်လှမ်းတမီတွင် သင်ယူဆည်းပူး ပျော်မွေ့နိုင်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ထူထောင်ပေးခြင်း စသည့်နည်းလမ်းများဖြင့် မူးယစ်ဆေးဝါးနှင့် လူငယ်ထုကြားတွင် ကတ္တားခြားရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးသည် လူငယ်တစ်ဦးချင်းစီ၏ အနာဂတ်ဘဝကို မှုန်ဝါးပျက်သုဉ်းစေမည့် ဆိုးဝါးသောအန္တရာယ်များထဲမှ အဆိုးဆုံးတစ်ခုဖြစ်ကြောင်း သတင်းစကားကို အမှန်တကယ် ပြောကြားနိုင်သူမှာ လူငယ်တို့၏ အနီးဆုံးလူများဖြစ်သည့် မိဘဆရာများပင်ဖြစ်သည်ဟု ရှုမြင်မိပါကြောင်း။ ။



## ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၌ တန်ဖိုးနည်း ရိုးမအိမ်ရာ တိုက်ခန်းသစ်များ ဆောက်လုပ်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

အခြေခံလူတန်းစားပြည်သူများသည် နှစ်စဉ် ရန်ကုန်မြို့တွင်း၌ တိုးပွားလာသည့်အတွက် ခေတ်နှင့်လျော်ညီသည့် တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းသစ်များတွင် ပြည်သူများ အိုးပိုင်အိမ်ပိုင် နေထိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အလိုက်တွင် တန်ဖိုးနည်း အိမ်ရာ တိုက်ခန်းသစ် အဆောက်အအုံပေါင်းများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ၁၆၈ ရပ်ကွက်တွင် ၃၂ ဒသမ ၄၆ ဧကခန့် ကျယ်ဝန်းသော မြေကွက်ပေါ်၌ တန်ဖိုးနည်း ရိုးမအိမ်ရာစီမံကိန်းကို ၂၀၁၅/၂၀၁၆ ခုနှစ် နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုချက်ဖြင့် ၂၀၁၆ ခုနှစ် ဧပြီလတွင် စတင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

ခြောက်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌ ၄၈၄ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၃၈၄ ခန်း၊ အဆောက်အအုံ ၁၆ လုံး၊ ဆယ့်နှစ်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌ ၃၂၄ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၁၁၅၂ ခန်း၊ အဆောက်အအုံပေါင်း ၂၄ လုံးနှင့် ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ အကူအညီဖြင့် ကမ္ဘာ့ကုလသမဂ္ဂ ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ပြီး လေးခန်းတွဲ ငါးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌ ၂၈၈ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၁၂၀၊ အဆောက်အအုံ ၆ လုံးကို တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း တန်ဖိုးနည်း ရိုးမအိမ်ရာစီမံကိန်း အကောင်အထည်ဖော် အပြီးတည်ဆောက်ရန် လျာထားလျက်ရှိကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနွေမှူးက ပြောသည်။

**ကျင်မောင် (ဆိပ်ကမ်း)**

## လောင်းလုံးမြို့နယ်၌ လူထုငြိမ်းချမ်းရေးဟောပြောပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**လောင်းလုံး ဒီဇင်ဘာ ၈**




တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပန်းဒလဲကျေးရွာနှင့် မောင်းမကန်ကျေးရွာတို့၌ ယနေ့တွင် လူထုငြိမ်းချမ်းရေး ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

လောင်းလုံးမြို့နယ် ပန်းဒလဲ ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နံဘေးလယ်ကွင်းပြင်၌ ယနေ့ နံနက် ၇ နာရီခွဲတွင် လူထုငြိမ်းချမ်းရေး ဟောပြောပွဲကို ပြုလုပ်ရာ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောကြသည်။

ဟောပြောပွဲသို့ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ကြသည်။

ဆက်လက်၍ လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ ကားလမ်းမပေါ်၌ လူထုငြိမ်းချမ်းရေး လှုပ်ရှားမှုဟောပြောပွဲနှင့် တေးဂီတ ဖျော်ဖြေပွဲကို ပြုလုပ်ရာ တေးသံရှင် ကာကာ၊ ဘယ်ဝါ၊ ဘိုဘိုထွဋ် တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မစုစုလှိုင်(ကံပေါက်)က ပန်းကလေးများငြိမ်းချမ်းပါစေ ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုခြင်း၊ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ ဟောပြောသို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလယ် ဦးဗိုလ်ထွေးနှင့် ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်အားပေးခဲ့သည်။

မောင်းမကန်ကျေးရွာ မောင်းမကန်ကမ်းခြေ၌ မွန်းတည့် ၁၂ နာရီတွင် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်) လူထုငြိမ်းချမ်းရေး ဟောပြောပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ကျင်းပရာ တေးသံရှင်များက "ငြိမ်းချမ်းပါစေ မြန်မာပြည်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ထွေးနှင့် ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**လောင်းလုံး(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈ -၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၈ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၃ ·၇ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

❊ ကျောဖုံးမှ

(ဃ) Professor Lord Derzi of Denham
Former Parliamentary Under-Secretary of State of Health,
Department of Health
Member of Her Majesty's Most Honourable Privy Council

(င) Mr. Roelof Petrus (Roelf) Meyer
Former Minister of Defence
Former Minister of Constitutional Affairs and
Communication Former Minister of Constitutional
Development and Provincial Affairs
South Africa

(စ) ဦးဝင်းမြ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဆ) ဦးထွန်းမြတ်
အငြိမ်းစား၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်

(ဇ) ဦးခင်မောင်လေး
အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဈ) ဦးလှမြင့်
သံအမတ်ကြီး(ငြိမ်း)
အဖွဲ့ဝင်၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်

(ည) ဒေါက်တာ ဒေါ်ခင်ညို
ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်

၄။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ အကြံဉာဏ်များပေးနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနှင့် အမေရိကန်တို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ Senior Vice President နှင့် Regional Managing Director ဖြစ်သူ သံအမတ်ကြီး Michael Michalak ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

❊ ကျောဖုံးမှ

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြခဲ့သည့် ပုဂံရွှေစည်းခုံဘုရားမှ ဘုရင့်နောင်ခေါင်းလောင်းစာမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အကြံပေးကော်မတီ အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် (Memory of the World)အဖြစ် သတ်မှတ်ခံရပြီး ဖြစ်ပါကြောင်း။

**ဖွဲ့စည်းဆောင်ရွက်**

ဆက်လက်ပြီး ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရှစ်သောင်းဘုရားတွင် ရှိသည့် အာနန္ဒစန္ဒြကျောက်စာကိုလည်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်း တင်သွင်းရန် အဆိုပြုစာတွဲကို အာရှပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ်ကော်မတီသို့ ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်က တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်ကော်မတီသို့ ၂၀၁၈ ခုနှစ် မေလ နောက်ဆုံးထား တင်သွင်းနိုင်ရေးအတွက် ထပ်မံဖြည့်စွက်ပြင်ဆင်မှုများကို ပညာရှင်များက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရန် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ**

တန်ဖိုးကြီးမားလှသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို သုတေသနပြုလေ့လာမည်ဆိုပါက ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကဲ့သို့ ရုပ်ဝတ္ထုကို ထိတွေ့ကိုင်တွယ်တွေ့မြင်နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ နားမျက်စိအာရုံခံစားမှုနှင့် ကြားနိုင်မြင်နိုင်သော်လည်း ရုပ်ဝတ္ထု မတည်မြဲ၍ အမြဲတစေ လက်ဆုပ်လက်ကိုင်မပြနိုင်၊ ထိတွေ့ကိုင်တွယ်မရနိုင်၊ အနုသုခုမဆိုင်ရာ ပညာရပ်များ၊ အသိပညာ အတတ်ပညာများနှင့် ဖန်တီးမှုရလဒ်များဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရိုးရာအစဉ်အလာဓလေ့အလိုက် ဆက်ခံထိန်းသိမ်းလာခဲ့ကြသည့်အတွက် နှစ်ပေါင်းထောင်ချီတည်တံ့နေခဲ့ပြီး မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်အောင် ဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပါကြောင်း၊ ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက် သုတေသနပြုပြီးဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များသာမက တိမ်မြုပ်နေသေးသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက် သုတေသနပြုကြရမည်ဖြစ်ပါကြောင်း။

**ဖွဲ့စည်းတာဝန်ပေးခဲ့**

မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသား၊ မြန်မာ့ဓလေ့ အစဉ်အလာတို့ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသားအားလုံး၌ တာဝန်ရှိပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာသည့် ဗဟိုကော်မတီဝင်များအနေဖြင့် ယဉ်ကျေးမှုနယ်မြေများအတွင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဆိုင်ရာအစဉ်အလာဓလေ့များကို ရှာဖွေဖော်ထုတ်ရေး၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ သုတေသနပြုရေးနှင့် ဒေသခံများ၏ အကျိုးစီးပွား ဟန်ချက်ညီစေရန်၊ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲနိုင်စေရေးအတွက် မူဝါဒများ ချမှတ်ပေးနိုင်ရန် ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့် သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်စေရေးအတွက် မိမိတို့လုပ်ငန်း တာဝန်များတွင် အတူလက်တွဲ ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအား အတည်ပြုနိုင်ရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ငံတကာဆက်ဆံရေးမှူး ဦးမိုးကျော်သန့်က မြန်မာယဉ်ကျေးမှုပန်းချီ အနုပညာဖော်ထုတ်ထိန်းသိမ်းပြသမှုအခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေများ သတ်မှတ်ရာတွင် Boundary Limit ကို Coordinates စနစ်ဖြင့် တိုင်းတာသတ်မှတ်ရန်အတွက်လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တက်ရောက်လာကြသူများက ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌက အကြံပြုချက်များနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများ အောင်မြင်မှုရသကဲ့သို့ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများမှာ တိုင်းပြည်အတွက်ဖြစ်သောကြောင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးပညာရှင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)၌ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❁ ရှေ့ဖုံးမှ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများအဖွဲ့ချုပ်၊ တပ်မတော်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကား ပြောကြားရာတွင် "အခုဆိုရင် အခြေခံပညာကဏ္ဍအတွင်း အဓိကနယ်ပယ်များဖြစ်တဲ့ ပညာသင်ယူမှု အခွင့်အလမ်း၊ ပညာအရည်အသွေးနဲ့ အကျုံးဝင်မှု၊ သင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ဆရာအတတ်ပညာနဲ့ ပညာရေးစီမံခန့်ခွဲမှု စသည်တို့မှာ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုများကို ပညာရေးဝန်ကြီးဌာနအနေနဲ့ အထူးအလေးထား ဆောင်ရွက်ကြတယ်ဆိုတာကို သိကြလိမ့်မယ် ထင်ပါတယ်။

**ပညာသင်ကြားခြင်း၏ အဓိကရည်ရွယ်ချက်**

"ပညာသင်ကြားခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ တာဝန်ယူပြီး တာဝန်ခံဆောင်ရွက်တတ်တဲ့ အလေ့အကျင့်၊ ဆက်စပ်စဉ်းစားတွေးခေါ် တီထွင်ကြံဆတတ်တဲ့ အရည်အချင်း၊ အသင်းအဖွဲ့နဲ့အတူ ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဓာတ်တွေနဲ့ ပြည့်ဝတဲ့ အစဉ်လေ့လာသင်ယူနေတဲ့ လူသားကောင်းများ ပြုစုပျိုးထောင်နိုင်ဖို့ ဖြစ်ပါတယ်။

"ကလေးများဟာ ကျောင်းသင်ခန်းစာများအပြင် မိမိနေအိမ်၊ မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၊ မိမိနိုင်ငံရဲ့ သမိုင်းနဲ့ လက်ရှိအခြေအနေမှသည် ကမ္ဘာတစ်ခုလုံး လူသားအားလုံးနဲ့ သက်ဆိုင်တဲ့ ဗဟုသုတအရပ်ရပ်ကို သိမြင်နားလည်ဖို့ ဖြစ်ပါတယ်၊ ကလေးများရဲ့အတွေ့အကြုံ ဗဟုသုတများကို အခြေခံပြီး အတူတကွ သင်ယူလေ့လာနိုင်တဲ့ အခွင့်အလမ်းတွေကို စီစဉ်ဖန်တီးပေးနိုင်တာနဲ့အမျှ ကလေးများရဲ့ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု ရင့်သန်လာစေမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် ပွင့်လင်းမှု၊ ခံနိုင်ရည်ရှိမှု၊ စီမံခန့်ခွဲမှု၊ ကူညီစောင့်ရှောက်လိုမှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ အနစ်နာခံနိုင်မှု၊ တာဝန်ယူမှု၊ မတူကွဲပြားမှုများကို သိရှိနားလည် လက်ခံနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးများ ရှင်သန်ဖွံ့ဖြိုးလာစေမှာလည်း ဖြစ်ပါတယ်။

**အခြေခံပညာ၏ အခန်းကဏ္ဍ**

"အခြေခံပညာကဏ္ဍရဲ့ ရည်မှန်းချက်များကတော့ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေ ရရှိစေဖို့၊ ကျောင်းထွက်သွားရတဲ့ ကျောင်းသား၊ ကျောင်းသူများ မရှိစေဖို့၊ အလယ်တန်း၊ အထက်တန်းမှတစ်ဆင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ဒါမှမဟုတ် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ဖို့နဲ့ အခြေခံသုတေသန စွမ်းဆောင်မှုများနဲ့ နယ်ပယ်အရပ်ရပ် ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုစေဖို့တို့ပဲ ဖြစ်ပါတယ်။

**အခြေခံပညာနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များ**

"ဒီရည်မှန်းချက်တွေ အပြည့်အဝအောင်မြင်စေဖို့အတွက် မြန်မာနိုင်ငံရဲ့ အခြေခံပညာကဏ္ဍမှာ အဓိကကျကျ ပြုပြင်ပြောင်းလဲရမယ့် အချက်တွေကတော့ KG+ 12 ပညာရေးစနစ် အဖြစ်ပြောင်းလဲဖို့၊ ကျောင်းထွက်နှုန်း မြင့်မားနေရတဲ့ အခြေခံအကြောင်းရင်းများကို ဖြေရှင်းနိုင်အောင် ပံ့ပိုးပေးနိုင်ဖို့၊ အလွတ်ကျက်မှတ်ရတဲ့စနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အခြေခံတဲ့ ပညာရေးစနစ်ဆီကို ပြောင်းလဲရေးအတွက် ဆရာ၊ ဆရာမများရဲ့အရည်အသွေး ပြည့်ဝလာစေဖို့၊ ပညာရေးကောလိပ်များ အဆင့်မြှင့်တင်ရေး၊ ဘာသာရပ်ဆိုင်ရာ သင်တန်းများ စဉ်ဆက်မပြတ် ပို့ချနိုင်ရေးတို့ကို ဆောလျင်စွာ ဆောင်ရွက်ဖို့၊ သင်ရိုးညွှန်းတမ်းနဲ့ ကျောင်းသုံးဖတ်စာအုပ်များရဲ့ အရည်အသွေးမြှင့်တင်ဖို့နဲ့ ပညာရေးဆိုင်ရာ အုပ်ချုပ်မှုစွမ်းဆောင်ရည်များ တိုးတက်စေဖို့တို့ကိုလည်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

"ဒီလိုပြုပြင်ပြောင်းလဲရမယ့်အချက်တွေ တစ်ချိန်တည်း တစ်ပြိုင်တည်း အားလုံးပြီးစီးအောင် ဆောင်ရွက်ရာမှာ အချို့သော အခက်အခဲများလည်း ရှိနေသေးတာကြောင့် ဝန်နဲ့အားမျှတမှုကို ချင့်ချိန်ပြီး အုပ်ချုပ်ရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာဘောင်အတွင်းက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲမှုများ**

"ယခုဆိုရင် ကျောင်းအဆင့်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းထွက်နှုန်းလျော့ကျရေး ဆောင်ရွက်ရာမှာလည်း ဘဏ္ဍာငွေခွင့်ပြုနိုင်မှုပေါ်မူတည်ပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များ အခမဲ့ပေးဝေခြင်း၊ ဆရာ၊ ကျောင်းသားအချိုး မျှတနိုင်ရေးအတွက် ဆရာများတိုးချဲ့ခန့်ထားခြင်း၊ စာသင်ဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်းတို့အပြင် ကျောင်းပြင်ပရောက် ကလေးများအတွက် လေ့လာဆန်းစစ်မှု အစီအစဉ်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်၊ အမြင်အာရုံ၊ အကြားအာရုံချို့တဲ့တဲ့ ကျောင်းသား၊ ကျောင်းသူများ၊ မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများ၊ နယ်စပ်ဒေသမှ ကျောင်းသား၊ ကျောင်းသူများကိုလည်း ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိပါတယ်။

"အမြစ်တွယ်နေတဲ့ အလွတ်ကျက်မှတ်ရတဲ့ ပညာရေးစနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အခြေခံတဲ့ပညာရေးစနစ်ဆီသို့ ပြောင်းလဲရာမှာလည်း ဆရာနဲ့ ကျောင်းသားအများစု အရိုးစွဲနေတဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကိုသာ သင်ကြားပေးခြင်း၊ သင်ရိုးမာတိကာအတိုင်း အမြန်ပြီးစီးအောင် သင်ကြားခြင်း၊ အတန်းအောင်ချက် မြင့်မားခြင်းကိုသာ အာရုံစူးစိုက်ခြင်း၊ စာမေးပွဲအောင်ဖို့အတွက်သာ သင်ကြားပေးခြင်း၊ ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များအတိုင်း တစ်သဝေမတိမ်း ဖြေဆိုနိုင်မှသာ ရလဒ်ကောင်းမွန်ခြင်း စတဲ့အချက်တွေကိုလည်း မဖြစ်မနေ ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။

"အဓိကအားဖြင့် သင်ရိုးညွှန်းတမ်း အကြောင်းအရာများဟာ ကလေးတစ်ဦးချင်းစီရဲ့ စဉ်းစားဉာဏ်ကို ထက်သန်စေရပါမယ်၊ စိတ်ကူးဉာဏ်ကို ပံ့ပိုးနိုင်စေရပါမယ်၊ ကောင်းသော အလေ့အကျင့်နဲ့ စာရိတ္တကို ဖြည့်ဆည်းပေးနိုင်စေရပါမယ်၊ ကျန်းမာသောခန္ဓာကိုယ်မှာ ကြံ့ခိုင်သောစိတ်ဓာတ်ကို ရှင်သန်စေရပါမယ်၊ ဒီလိုသင်ရိုးညွှန်းတမ်း ရည်ရွယ်ချက်များ ပေါက်မြောက်စေရေးအတွက် ဆရာအတတ်ပညာ ပြည့်ဝမှုက အဓိကအရေးကြီးပါတယ်။

"ဒါကြောင့် ဆရာ၊ ဆရာမများအတွက် ဆရာအတတ်ပညာ ပြည့်ဝစေရေး၊ သင်ကြားမှုစွမ်းဆောင်ရည် မြင့်မားရေးအတွက် အင်္ဂလိပ်စာနဲ့ အိုင်စီတီအရည်အသွေးမြင့်မားရေး၊ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်၊ ကျောင်းအဆင့်၊ ကျောင်းမိသားစုအဆင့်၊ ကျောင်းအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့် စသည်ဖြင့် လုပ်ငန်းခွင်စွမ်းရည်မြှင့် ဆွေးနွေးပွဲများ ပြုလုပ်ပေးနေပြီ ဖြစ်ပါတယ်၊ ဆရာ၊ ဆရာမများအနေနဲ့လည်း သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် သုတေသနလုပ်ငန်းများ၊ ပရောဂျက်လုပ်ငန်းများတွင် အရည်အသွေး မြင့်မြင့်မားမားနဲ့ ဆောင်ရွက်ကြနိုင်ဖို့လည်း လိုအပ်ပါတယ်။

**ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ မိဘများ၏ တာဝန်အသီးသီး**

"ဆရာ၊ ဆရာမများရဲ့အတတ်ပညာ၊ စွမ်းဆောင်ရည်ပြည့်ဝဖို့ လိုအပ်သလို တစ်ဖက်ကလည်း ကျောင်းသား၊ ကျောင်းသူများနဲ့ မိဘများကိုယ်တိုင် ပါဝင်ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေလည်း ရှိနေပါတယ်၊ ကျောင်းသား၊ ကျောင်းသူများဟာ ကျောင်းမှန်မှန်တက်ရောက်နေရုံနဲ့သာ တာဝန်ကျေပွန်တာမဟုတ်ဘဲ တစ်နေ့တာ သင်ခန်းစာအပေါ်မှာ ခြုံငုံစဉ်းစား

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲအထိမ်းအမှတ် အခြေခံပညာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)သို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**စာမျက်နှာ ၄ မှ**

သုံးသပ်တွေးခေါ်နိုင်ခြင်း၊ အားကစားနှင့် အနုပညာဘာသာရပ်တွေမှာ ကိုယ့်ဝါသနာကိုအရင်းခံပြီး ပါဝင်ဆောင်ရွက်တတ်ခြင်း၊ ပြင်ပစာပေဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများ ရယူနိုင်ခြင်း၊ မိမိဖတ်ရှုတဲ့ စာအုပ်စာပေများမှ ရရှိလာတဲ့ ဗဟုသုတ၊ ဉာဏ်ပညာများကိုအခြေခံပြီး အကြောင်းအကျိုး အကောင်းအဆိုးများကို ဝေဖန်ပိုင်းခြားတတ်တဲ့ အသိအမြင် ရရှိစေခြင်းအထိပါ ကြိုးစားအားထုတ်ဖို့ လိုအပ်ပါတယ်၊ မိဘများ အနေဖြင့်လည်း မိမိတို့ရဲ့သားသမီးများရဲ့တီထွင်ကြံဆနိုင်မှုကို အားပေးကူညီခြင်း၊ စဉ်းစားတွေးခေါ်နိုင်မှုအတွက် ပူးပေါင်းစီမံ လေ့ကျင့်ပေးခြင်းများတို့နဲ့ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

“စာဖတ်စွမ်းရည် အလေ့အကျင့်များ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အားကစားပွဲများ ပြုလုပ်ပေးခြင်းဖြင့် ကလေးပျော်ကျောင်းများဖြစ်အောင် ဖန်တီးပေးနိုင်ခြင်းဟာလည်း ပညာရေးအရည်အသွေး ပြည့်ဝအောင် စွမ်းဆောင်နိုင်ခြင်းနဲ့ အတူ ကျောင်းထွက်နှုန်း လျော့နည်းပပျောက်နိုင်မယ့် အဓိက နည်းလမ်းတစ်ရပ် ဖြစ်ပါတယ်။

“ပညာရပ်နဲ့ ယဉ်ကျေးမှုဆိုင်ရာ သင်ယူလေ့လာရေး ခရီးထွက်ခြင်း၊ စူးစမ်းလေ့လာမှုများကို မှတ်တမ်းတင်ခြင်း၊ ကျောင်းစာကြည့်တိုက်များကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် စာပေနဲ့ အသိဉာဏ် အတွေးအခေါ်မြင့်မားစေဖို့ လေ့ကျင့်ပေးနိုင်မှာ ဖြစ်ပါတယ်။

**ပညာရေးမှတစ်ဆင့် နိုင်ငံအတွက် မျှော်လင့်ချက်များ**

“ဒါဆိုရင် ပညာရေးကနေ ကျွန်မတို့နိုင်ငံအတွက် ဘာတွေ မျှော်လင့်နိုင်ပါသလဲ။

ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ ပညာရေးဖြင့် ကျွန်မတို့ ယခုကြုံတွေ့ရင်ဆိုင်နေရတဲ့ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ဖို့ မျှော်လင့်နိုင်ပါမယ်။

“ပညာရေးဖြင့် မညီမျှမှုများ မတည်ငြိမ်မှုများ ကင်းဝေးပပျောက်ပြီး တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုများကို နိုင်ငံသားများအားလုံး ရယူခံစားနိုင်ဖို့ မျှော်လင့်နိုင်ပါမယ်။

“ပညာရေးဖြင့် ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုး တိုးတက်မြင့်မားလာစေဖို့၊ ပိုမိုစည်းလုံးညီညွတ်စေဖို့၊ ငြိမ်းချမ်းစည်ပင်စေဖို့ မျှော်လင့်နိုင်ပါမယ်။

“ပညာရေးဖြင့် ပြည်ထောင်စုတိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့များကို တန်းဖိုးထားမြတ်နိုး ထိန်းသိမ်းသွားကြဖို့ မျှော်လင့်နိုင်ပါမယ်။

“ပညာရေးဖြင့်သာ နိုင်ငံသားတိုင်း၊ မိသားစုတိုင်း လူတန်းစေ့ဘဝများကို ပိုင်ဆိုင်ပြီး သာယာပျော်ရွှင်စွာ ရပ်တည်နိုင်ဖို့ မျှော်လင့်ရပါမယ်။

“ဒါတွေဟာ ပညာရေးကနေ ကျွန်မတို့ မျှော်လင့်ရယူနိုင်တဲ့ အခွင့်အလမ်းတွေပါပဲ။ ဒါ့ကြောင့် ပညာရည်မြင့်မားဖို့အတွက် အဓိကအခြေခံအကျဆုံးဖြစ်တဲ့ အခြေခံပညာအဆင့် ပညာရေးမျှော်မှန်းချက်များမှသည် ကလေးတစ်ဦးချင်းစီရဲ့ ပညာသင်ယူမှု အခွင့်အလမ်းများ၊ ပညာရေးအရည်အသွေးများ ပြည့်ဝအောင် ဖြည့်ဆည်းပေးနိုင်မယ့် လုပ်ငန်းစဉ်များအထိ စ၊ လယ်၊ ဆုံး အပြည့်အဝအောင်မြင်စေရေးအတွက် ယခု နှီးနှောဖလှယ်ပွဲမှာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး တာဝန်ယူတာဝန်ခံ၍ ပူးပေါင်းတီထွင်ကြံဆတတ်သော နိုင်ငံ့သားကောင်း၊ လူသားကောင်းများကို လေ့ကျင့်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)သို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ် အခြေခံပညာပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

**❖ အမြစ်တွယ်နေတဲ့ အလွတ်ကျက်မှတ်ရတဲ့ ပညာရေးစနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အခြေခံတဲ့ ပညာရေးစနစ်ဆီသို့ ပြောင်းလဲရာမှာလည်း ဆရာနဲ့ ကျောင်းသားအများစု အရိုးစွဲနေတဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကိုသာ သင်ကြားပေးခြင်း၊ သင်ရိုးမာတိကာအတိုင်း အမြန်ပြီးစီးအောင် သင်ကြားခြင်း၊ အတန်းအောင်ချက် မြင့်မားခြင်းကိုသာ အာရုံစူးစိုက်ခြင်း၊ စာမေးပွဲအောင်ဖို့အတွက်သာ သင်ကြားပေးခြင်း၊ ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များအတိုင်း တစ်သဝေမတိမ်း ဖြေဆိုနိုင်မှသာ ရလဒ်ကောင်းမွန်ခြင်းစတဲ့ အချက်တွေကိုလည်း မဖြစ်မနေ ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။**

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ပညာရေးပြက္ခဒိန်ပါ လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အခြေခံပညာ အရည်အသွေးမြင့်မားရေး လုပ်ငန်းစဉ်များတွင် မိဘအုပ်ထိန်းသူပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အခြေခံပညာရေး လူတိုင်းအကျုံးဝင်မှု အားပေးမြှင့်တင်ခြင်း၊ ပြည်သူ့နီတိအလေ့အကျင့်နှင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကျောင်းထွက်သူပပျောက်ရေး၊ မူလတန်းပညာသင်ယူသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရေး၊ ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်၊ စာသင်ခန်းတွင် သင်ကြားသင်ယူမှု တိုးတက်မြင့်မားရေး ဆောင်ရွက်မှု၊ အတူ ပူးပေါင်းသင်ယူ လက်တွေ့လုပ်ဆောင်ခြင်း၊ အလယ်တန်းပညာသင်ယူပြီးမြောက်ပြီး အထက်တန်းပညာ ဆက်လက်ပညာသင်ယူရေး ဆောင်ရွက်ခြင်း၊ သင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးခြင်းအပေါ် အကြံပြုဆွေးနွေးခြင်း၊ အခြေခံပညာအဆင့် ပညာရည်စစ်ဆေးတိုင်းတာမှုကို လေ့လာသုံးသပ်ခြင်း၊ ကြီးကြပ်အကဲဖြတ်လုပ်ငန်းများ ထိရောက်အောင်မြင်ရေး ဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများ ခန့်ထားမှုတွင် အရည်အချင်းရှိ၍ သင်တန်းပြီးမြောက်သူများကို ခန့်ထားရေးနှင့် ထိုခန့်ထားသည့် အရေအတွက်အတိုင်းသာ ရာထူးပြောင်းရွှေ့ရာထူးတိုးဆောင်ရွက်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သော ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အခြေခံပညာ ဆရာ ဆရာမများ အရည်အသွေးမြင့်မားစေရန် ထိရောက်သော အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် မြို့နယ်၊ တိုင်းဒေသကြီးအလိုက် လိုအပ်ချက်များ ဖြည့်ဆည်းရန် စီမံကိန်းလုပ်ငန်းများ ပြုစုရေး ပူးပေါင်းဆောင်ရွက်ခြင်း စသည့်စာတမ်းခေါင်းစဉ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို ဒီဇင်ဘာ ၉ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ဆဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး၊ မဟာဗျူဟာများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ချက်ထရီယံဟိုတယ်၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**




ညီလာခံတွင် ဆွေးနွေးပွဲအနှစ်ချုပ်များအဖြစ် ပထမနေ့က ဆွေးနွေးခဲ့ကြသည့် ကျင့်ဝတ်စောင့်ထိန်းလိုက်နာပြီး ပရော်ဖက်ရှင်နယ်ပီသမှုကို ထိန်းသိမ်းခြင်း၊ မီဒီယာဆိုင်ရာဗဟုဝါဒ (Pluralism)နှင့် ရေရှည်တည်တံ့ရေး၊ သတင်းအချက်အလက်ရရှိရေးနှင့် သတင်းအချက်အလက်ရောက်ရှိရေး၊ သတင်းသမားများ ဘေးကင်းလုံခြုံရေးနှင့် ပြစ်ဒဏ်ကင်းလွတ်မှု ရရှိရေးစသည့် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆွေးနွေးပွဲညှိနှိုင်းရေးမှူးများက အနှစ်ချုပ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ မီဒီယာနှင့် ဆက်နွှယ်သော ဥပဒေများ၊ ဒီဂျစ်တယ်ဆိုင်ရာ အခွင့်အရေးနှင့် အွန်လိုင်းဥပဒေရေးရာ အုပ်ချုပ်ရေးစနစ်၊ ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် တိုင်းရင်းသားမီဒီယာ၏ အခန်းကဏ္ဍ၊ သတင်းအတုပြဿနာ၊ ဆိုရှယ်မီဒီယာနှင့် အချက်အလက်များ စစ်ဆေးခြင်း စသည့်ခေါင်းစဉ်များကို အနှစ်ချုပ် ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယနေ့ ညီလာခံတွင် စာနယ်ဇင်းကောင်စီ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များ၊ မီဒီယာဗဟုဝါဒ၊ တိုင်းရင်းသားမီဒီယာများ ရေရှည်တည်တံ့ရေးနှင့် စဉ်ဆက်မပြတ် ထုတ်ဝေနိုင်ရန် အစိုးရအနေဖြင့် အကူအညီပေးရေး၊ နိုင်ငံပိုင်မီဒီယာကဏ္ဍလျှော့ချရေး၊ သတင်းအချက်အလက်ရရှိပိုင်ခွင့် ဥပဒေနှင့် ပါဝင်သင့်သည့်အချက်များ၊ သတင်းသမားများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတင်းမီဒီယာကောင်စီအနေဖြင့် မီဒီယာသမားများ လွတ်လပ်စွာ သတင်းရယူရန် ပြည်ထောင်စုအစိုးရနဲ့ ချိတ်ဆက်ဆောင်ရွက်ရေး၊ မီဒီယာများကို စောင့်ကြည့်လေ့လာခြင်း စသဖြင့် ဆွေးနွေးပွဲအကြံပြုချက်များပါဝင်ပြီး ဆွေးနွေးပွဲရလဒ်များကို စာအုပ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကို ၂၀၁၂ ခုနှစ်ကစတင်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များက ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် ဆဋ္ဌမအကြိမ်မြောက်ဖြစ်သည်။ **သတင်းစဉ်**

# စွမ်းဆောင်ရည် မြှင့်တင်ရေး

## သိန်းထွန်း (IR)

**စွမ်းဆောင်ရည် ...**

စွမ်းဆောင်ရည်နှင့်ပတ်သက်၍ အောက်စဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခများဖြစ်သော A. M. Carr-Saunders, & P. A. Wilson, P.A. တို့က အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရသည်။ professionalism is linked to individuals, while professionalization is associated with the development of bodies that establish qualifications for entrance to a pro-fessional practice or activity.Professionalism သည် တစ်ဦးချင်းစီ၏ အရည်အချင်းစွမ်းဆောင်ရည်ကို ရည်ညွှန်းပြီး professionalization သည် တစ်ဦးချင်းအရည်အချင်းစွမ်းဆောင်ရည်မှ အဖွဲ့အစည်းစွမ်းဆောင်ရည်သို့ တည်ဆောင်ခြင်းဟု တွေ့ရသည်။

စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အခြေခံလိုအပ်ချက်ငါးခုရှိကြောင်းကိုလည်း E. Greenwood, ၏ "The Attributes of a Profession." တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

(၁) လုပ်ငန်းအတွင်း စနစ်ရှိမှု
(၂) မိမိလုပ်ငန်းအပေါ် ကျွမ်းကျင်မှု
(၃) မိမိလုပ်ငန်းအား တာဝန်ယူမှု၊ တာဝန်ခံမှု
(၄) ကိုယ်ကျင့်တရားများ လေးစားလိုက်နာမှု
(၅) အကျိုးခံစားခွင့်

**အပြောင်းအလဲနောက်ကွယ်**

မြန်မာနိုင်ငံ ခေတ်ပြောင်း စနစ်ပြောင်းလာခဲ့သည်မှာ ၂၀၁၁ ခုနှစ်ကစ ယနေ့အထိဆိုလျှင် ခုနှစ်နှစ်ကျော် ကြာမြင့်လာပြီဖြစ်သည်။ မြန်မာ့နိုင်ငံရေးစနစ် ပြောင်းလဲလာခဲ့သော်လည်း ယင်းအပြောင်းအလဲ၏ အသီးအပွင့် အကျိုးဆက်များကို အောက်ခြေပြည်သူလူထုအထိ အကျိုးရှိရန် လိုအပ်လျက်ရှိနေသေးသည်ဟု တွေ့မြင်မိသည်။ ပြည်သူလူထုအား အကျိုးရှိရန်အတွက် ထိရောက်သော အုပ်ချုပ်ရေးယန္တရားသည်သာလျှင် အဓိက ဆောင်ရွက်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အဆင့် institutions များ ပြောင်းလဲခြင်းနှင့်အတူ ယင်း၏ အကျိုးဆက်ကို ပြည်သူများ ရသင့်သလောက် မရသေးသည်မှာ မူဝါဒချမှတ်ခြင်း၊ မူဝါဒအကောင်အထည်ဖော်ခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းနှင့် အကောင်အထည်ဖော်သည့် အချိန်ကာလတို့ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်မည်ဟု ယူဆပါသည်။ မူဝါဒချမှတ်ခြင်းသည် ပြည်သူလူထုနှင့် တိုက်ရိုက် မသက်ဆိုင်လှသော်လည်း မူဝါဒ အကောင်အထည်ဖော်သည့်ကဏ္ဍသည် လူထုနှင့် တိုက်ရိုက် ပတ်သက်နေပေသည်။ သေချာသည်မှာ လူထုသည် မူဝါဒချမှတ်သူများနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံရခြင်းထက် မူဝါဒ အကောင်အထည်ဖော်သူများနှင့်သာ တိုက်ရိုက် ထိတွေ့ဆက်ဆံနေကြရပေသည်။ ထို့ကြောင့် မူဝါဒချမှတ်သူများ၏ အပြောင်းအလဲကို ပြည်သူအများ အကျိုးခံစားစေရန်အတွက် ကြားခံအဖြစ် ဆောင်ရွက်နေကြသည့် မူဝါဒအကောင်အထည်ဖော်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရေးသည် များစွာ အရေးပါလျက်ရှိသည်။ အချို့အချို့သော ကဏ္ဍများတွင် မူအားဖြင့် ချမှတ်ထားသော်လည်း လက်တွေ့အောက်ခြေတွင် အကောင်အထည်မဖော်နိုင်သေးခြင်း၊ ထိရောက်မှု မရှိသေးခြင်းများမှာ အချိန်ကာလ လိုအပ်ခြင်း၊ ဖြည့်ဆည်းပေးမှုအပိုင်း လိုအပ်ခြင်းများထက် စီမံခန့်ခွဲမှုနှင့် စွမ်းရည်ပြည့်ဝမှု အပိုင်းများ မြှင့်တင်ပေးရန်လိုအပ်နေကြောင်း တွေ့ရပါသည်။

**မူဝါဒအကောင်အထည်ဖော်သူများ**

မူဝါဒ အကောင်အထည်ဖော်သူများဆိုသည်မှာ အစိုးရက ချမှတ်ထားသည့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ပြည်သူများအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရသည့်သူများဖြစ်သည်။ နိုင်ငံတိုင်းတွင် မူဝါဒများကို အစိုးရက ချမှတ်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှုကို အုပ်ချုပ်ရေးယန္တရားမှ ဆောင်ရွက်ကြရသည်။ အစိုးရတစ်ရပ် မည်သို့ပင် ပြောင်းလဲသွားစေကာမူ အုပ်ချုပ်ရေးယန္တရားခိုင်မာနေလျှင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်နေပေမည်။ အစိုးရက ချမှတ်သော မူဝါဒများ၊ ပေါ်လစီများ မည်မျှ ကောင်းမွန်နေစေကာမူ အုပ်ချုပ်ရေးယန္တရား၏ စွမ်းဆောင်ရည် လိုအပ်နေပါက သိသာသော ရလဒ် အကျိုးကျေးဇူးများ ရရှိမည် မဟုတ်ချေ။ စွမ်းရည်ထက်မြက်သော အုပ်ချုပ်ရေးယန္တရား ရှိမှသာလျှင် ထိရောက်သော အကောင်အထည်ဖော်မှုကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မူဝါဒအကောင်အထည်ဖော်မည့် အုပ်ချုပ်ရေးယန္တရားများတွင် ကျွမ်းကျင်သော လူသားရင်းမြစ်ဖြည့်ဆည်းမှု၊ လူသားရင်းမြစ်စီမံခန့်ခွဲမှု၊ စွမ်းရည်မြှင့်တင်ပေးမှု၊ ရုံးလုပ်ငန်းစနစ်ခိုင်မာမှု၊ ခေါင်းဆောင်မှု၊ ကျွမ်းကျင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ ကိုယ်ကျင့်တရား၊ ခံစားခွင့် စသည့် အခြေခံလိုအပ်ချက်များကို မဖြစ်မနေပြောင်းလဲရန် လိုအပ်နေပြီဟု ယူဆပါသည်။ ထို့အတူ ဝန်ထမ်းများအတွင်း မှားယွင်းသော စီမံခန့်ခွဲမှု၊ ကြိုးနီစနစ်ထားရှိမှု၊ ဖိနှိပ်မှု၊ အဂတိလိုက်စားမှု စသည့် ချွတ်ယွင်းချက်များကိုလည်း မှန်မှန်ကန်ကန် သုံးသပ်၍ ဌာန၏ ဦးဆောင်သူများကိုယ်တိုင်က လိုလိုလားလား ဦးဆောင် ပြုပြင်ရန် လိုအပ်မည်ဖြစ်သည်။

> **"အစိုးရတစ်ရပ် မည်သို့ပင် ပြောင်းလဲသွားစေကာမူ အုပ်ချုပ်ရေးယန္တရား ခိုင်မာနေလျှင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်နေပေမည်။ အစိုးရက ချမှတ်သော မူဝါဒများ၊ ပေါ်လစီများ မည်မျှ ကောင်းမွန်နေစေကာမူ အုပ်ချုပ်ရေးယန္တရား၏ စွမ်းဆောင်ရည် လိုအပ်နေပါက သိသာသော ရလဒ် အကျိုးကျေးဇူးများ ရရှိမည်မဟုတ်"**

မြန်မာနိုင်ငံ အုပ်ချုပ်ရေးယန္တရားသည် ယခင်က "လူ" အခြေပြုစနစ်ဖြင့် လုပ်ဆောင်ခဲ့သော်လည်း ယနေ့အချိန်အခါတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ "မူ" အခြေပြုသည့်စနစ်သို့ ပြောင်းလဲမှသာ ခိုင်မာသောအုပ်ချုပ်ရေးစနစ်တစ်ရပ် ဖြစ်လာမည်ဖြစ်ပေသည်။

**သီအိုရီမှ လက်တွေ့သို့**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူ အခွင့်အရေးများဆိုင်ရာ သဘောထားအမြင်စစ်တမ်းကို ၂၀၁၆ ခုနှစ် ဇွန်လက ထုတ်ဝေခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ပူးပေါင်း ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ အဆိုပါစစ်တမ်းတွင် နိုင်ငံတည်ဆောက်ရေးတွင် အဓိကမောင်းနှင်အားဖြစ်သော နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စီမံခန့်ခွဲမှုစနစ်များကို ဆန်းစစ်သုံးသပ် အကြံပြုထားသည်။ တွေ့ရှိချက်များတွင် -

(၁) ဝန်ထမ်းများ ခေါ်ယူခန့်ထားမှု
(၂) ရာထူးတိုးမြှင့်ခြင်းနှင့် တာဝန်ကျရာနေရာ ရွေးချယ်သတ်မှတ်ခြင်း
(၃) သင်တန်းများနှင့် စွမ်းရည်မြှင့်တင်မှုများ
(၄) လုပ်ငန်းစွမ်းဆောင်ရည် သုံးသပ်အကဲဖြတ်ခြင်း
(၅) ချီးမြှင့်ငွေများ ရိုးဖြောင့်မှန်ကန်မှုနှင့် ကျင့်ဝတ်
(၆) စိတ်ပါဝင်စားထက်သန်မှုရှိအောင် စေ့ဆော်ပေးသောအရာများနှင့် တန်းတူအခွင့်အရေးများ

တို့ပါဝင်ပါသည်။

ဖော်ပြပါတွေ့ရှိချက်များအပေါ် မူတည်၍ အောက်ပါအကြံပြုချက် လေးခုကို တင်ပြထားသည်။

(၁) ပြုပြင်ပြောင်းလဲရေးကို ဦးဆောင်မှု
(၂) မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ
(၃) နိုင်ငံ့ဝန်ထမ်းစနစ်များ
(၄) သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု

လက်တွေ့မပါသော သီအိုရီသည် ခြေကျိုးနှင့်တူပြီး သီအိုရီမပါသော လက်တွေ့သည် အကန်းနှင့် တူသည် ဟု မှတ်သားဖူးသည်။ သီအိုရီ မည်မျှကောင်းမွန်နေစေကာမူ အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက အကျိုးရလဒ် ရရှိမည်မဟုတ်ချေ။ စီမံခန့်ခွဲမှု အားနည်းပါက တစ်ဦးချင်းစွမ်းဆောင်ရည် ပြည့်နေသော်လည်း ဌာန၏ စွမ်းဆောင်ရည် နိမ့်နေမည်ဖြစ်သည်။

သို့ဖြစ်၍ သက်ဆိုင်ရာဌာနအသီးသီး၏ တာဝန်ရှိသူများကိုယ်တိုင် combined approach ဖြင့် ဦးဆောင် ပြောင်းလဲမှသာလျှင် နိုင်ငံတော်အတွက် လည်းကောင်း၊ ပြည်သူလူထုအတွက် လည်းကောင်း အားထားရသည့် ယန္တရားဖြစ်လာမည်ဟု ယုံကြည်ပါသည်။ ။

# မြိတ်မြို့၌ ဥပဒေနှင့်ညီသော ငါးလေလံဈေး အမြန်ဆုံးပေါ်ပေါက်ရေး ဆွေးနွေး




**မြိတ် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဥပဒေနှင့်ညီသော ငါးဈေးကွက် ဖြစ်ပေါ်လာရေး၊ ဥပဒေနှင့်ညီသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာရေး ရည်ရွယ်၍ ဒီဇင်ဘာ ၆ ရက်က ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတရေးဆိုင်ရာ လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ တိုင်းဒေသကြီးအဖွဲ့ (ခွဲ)ခေါင်းဆောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတရေးဆိုင်ရာလုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ တိုင်းဒေသကြီးအဖွဲ့ (ခွဲ)ခေါင်းဆောင် ဦးအောင်နိုင်ဦးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများအား ခွင့်ပြုချက်ပေးရာတွင် ဥပဒေနှင့်အညီ ခွင့်ပြုပေးရန်လိုကြောင်း၊ မြိတ်မြို့တွင် ဥပဒေနှင့်ညီသော တရားဝင် ငါးလေလံဈေးကို အမြန်ဆုံးဖော်ဆောင်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားခဲ့သည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် ရေလုပ်ငန်းနှင့် ပတ်သက်၍ ငါးလုပ်ငန်းနှင့် ရေသယံဇာတ ထိန်းသိမ်းရေးအတွက် အဆိုတင်သွင်းခဲ့ရာ အောင်မြင်မှု ရရှိမှုအခြေအနေများ၊ မြိတ်ဒေသအတွင်း ငါးလေလံဈေး ပီပြင်စွာ ဖော်ဆောင်နိုင်မှသာ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဒေသဖွံ့ဖြိုး ကောင်းမွန်မည်ဖြစ်ကြောင်း၊ စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုများအား ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များသည် နေ့လယ်ပိုင်းတွင် မြိတ်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ရေလုပ်ငန်းရှင်များအား တွေ့ဆုံ ဆွေးနွေးခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်အပိုင်းမှ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ငါးလေလံဈေး အကောင်အထည်ဖော်မည့် ကုမ္ပဏီဘက်မှလည်း ၎င်းတို့လုပ်ပေးရမည့်အပိုင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ရောင်းချမည့်သူများကလည်း ငါးဈေး အဆင်သင့်ဖြစ်လျှင် ပြန်လည်ရောင်းပေးမည်ဟု ကတိပြုခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

# ဆိုလာ အသေးစား ဓာတ်အားစနစ်ဖြင့် ဖြန့်ဝေခြင်းဖွင့်ပွဲ ကျင်းပ

**ကောလင်း ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် လာကာကျေးရွာအုပ်စုရှိ ဗောဓိကုန်း၊ ဘုရားကုန်း၊ ဇီးဖြူကျင်း၊ ချီယားပင်စုကျေးရွာများရှိ အိမ်ခြေစုစုပေါင်း ၄၃၂ အိမ်အား ဆိုလာအသေးစား ဓာတ်အားစနစ်ဖြင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်(တိုင်ပေ)နိုင်ငံ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့ (Taiwan ICDF) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်း၊ တရုတ်(တိုင်ပေ)နိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ သံရုံးတာဝန်ခံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

# မူးခင်း အသိပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မူးခင်းအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်ဆွေနှင့် အဖွဲ့က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ညွန့်နှင့် ဒေသခံများအား မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေး မူးခင်းအသိပညာပေး ဟောပြောဆွေးနွေးရာ တက်ရောက်လာသည့် ဒေသခံများကလည်း သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်ဇော် (မြန်မာ့အလင်း)

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၈**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ ရဲအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးသည်။

**ချီတက်အလေးပြု**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၀၇၆ ဗိုလ်လောင်းစံရဲကျော်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၀၉၇ ဗိုလ်လောင်းဇင်ကိုထက်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၀၆၀ ဗိုလ်လောင်းကျော်ဇင်သန့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**ကြိုးပမ်းအားထုတ်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် မိမိတို့တပ်မတော်ကို ခေတ်မီပြီးစွမ်းရည်ထက်မြက်သည့် တပ်မတော်အဖြစ်တည်ဆောက်ရာတွင် "အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ အင်ဂျင်နီယာအတတ်ပညာဖြင့် တိုက်စွမ်းအားမြှင့်တင်ရန် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ တိုက်စွမ်းရည်ရှိရန်လည်း ထိရောက်သည့် လေ့ကျင့်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ လေ့ကျင့်ရေးဖြင့် တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကိုပါ လေ့ကျင့်ပေးပြီး တပ်မတော်၏ လုပ်ငန်းစဉ်(၃)ရပ်ဖြစ်သည့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့်အတိုင်း လေ့လာမှတ်သားမှုများ၊ လေ့ကျင့်မှုများ အမြဲမပြတ်ဆောင်ရွက်ပြီး ရရှိထားသည့် လေ့လာထားမှု၊ လေ့ကျင့်မှုများအတိုင်း လုပ်ငန်းခွင်တွင် လိုက်နာဆောင်ရွက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရမည့် အင်ဂျင်နီယာအတတ်ပညာရှင်သားကောင်း ရတနာများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်ကြောင်း။

**လိုက်ပါပြောင်းလဲ**

ယနေ့ခေတ်ကာလတွင် သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်မှုနှင့်အတူ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည့်အတွက် နည်းပညာဖွံ့ဖြိုးသည့်နိုင်ငံနှင့် နည်းပညာမဖွံ့ဖြိုးသည့် နိုင်ငံများအကြား ကွာဟမှုသည် နိုင်ငံ၏အချုပ်အခြာ အာဏာထိပါးခံရမှု၊ ဆုံးရှုံးနိုင်မှုတို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက နည်းပညာအခြေပြုခေတ်မီတပ်မတော် တည်ဆောက်ရေးကို အပြိုင်အဆိုင် လုပ်ဆောင်နေကြသည်ကို လေ့လာ တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ခေတ်မီတပ်မတော်တည်ဆောက်မှုများကို လေ့လာကြည့်လျှင် စစ်မှုသိပ္ပံနှင့် နည်းပညာပြောင်းလဲတိုးတက်မှုများအရ တပ်မတော်ကို အဆင့်မြှင့်တင်ခြင်း၊ ကျင့်သုံးသည့် စစ်ဆင်မှုသဘောတရား ပြောင်းလဲခြင်းများကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်ကို ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ ပြောင်းလဲမှုများ၊ ကျင့်သုံးသည့် နိုင်ငံရေးစနစ်အပေါ်တွင် မူတည်ပြီး အတွေးအခေါ် အယူအဆများ၊ ခြိမ်းခြောက်မှုများ၊ လုံခြုံရေးဆိုင်ရာ အယူအဆများလည်း လိုက်ပါပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**အမျိုးသားရေးတာဝန်ဖြစ်**

စစ်ဘက်ခေါင်းဆောင် တစ်ဦးအနေဖြင့် စစ်ပညာနှင့်ပတ်သက်ပြီး ပြည့်စုံပြီးမြောက်အောင် ဖြည့်ဆည်းရန်အတွက် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာနှင့် အဆင့်မြင့်နည်းပညာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် စဉ်ဆက်မပြတ်လေ့လာ သုတေသနပြုတီထွင်နေရန် လိုအပ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် ခိုင်ခိုင်မာမာ တည်ရှိနေရန်လိုကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို မည်သည့်အခါမျှ အထိအပါး အပွန်းအပဲ့ခံမည် မဟုတ်ဘဲ အမြဲဦးထိပ်ပန်ဆင်ပြီး ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်၏ သမိုင်းပေးတာဝန်တစ်ရပ်လည်းဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်လာလျှင် မမျှော်မှန်းနိုင်သည့်ရလဒ်ဆိုးများ ပေါ်ပေါက်လာနိုင်ပြီး ဘယ်ခေတ်၊ ဘယ်စနစ်တွင်ဖြစ်စေ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအတွက် ထာဝရလိုအပ်နေသည့် ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရမည့် အမျိုးသားရေးတာဝန် ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်ရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသ တိုင်းရင်းသားလေ့လာရေးအဖွဲ့များ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ်များသည် လေ့လာရေးအစီအစဉ် စတုတ္ထနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(MWD)၊ အမျိုးသားပြတိုက်၊ ဥတ္တရသီရိမြို့နယ် Ocean Shopping Center တို့သို့ သွားရောက် လေ့လာခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းသားလေ့လာရေးအဖွဲ့များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းသို့ ရောက်ရှိကြပြီး အားကစားနည်းအလိုက် လေ့ကျင့်နေမှုများ၊ မြန်မာ့အားကစား မော်ကွန်းခန်းမ၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲဝင် အားကစားနည်းများ ပြခန်း၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိသူများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း တာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (MWD) သို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး မြဝတီရုပ်မြင်သံကြား၏ သမိုင်းကို Video Projector ဖြင့် ပြသခဲ့ပြီးနောက် တိုင်းရင်းသား၊



တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှုများအား ဖလှယ်ခြင်းအစီအစဉ်အရ ရိုးရာအကများဖြင့် သီးခြားစီ ကပြဖျော်ဖြေခဲ့ကြသည်။ လေ့လာရေးအဖွဲ့များသည် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်ရေးစက်ရုံအတွင်းရှိ သတင်းရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ သတင်းထုတ်ပြန်ခြင်း ဆောင်ရွက်နေမှုများအား လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် အမျိုးသားပြတိုက်နှင့် ဥတ္တရသီရိမြို့နယ် Ocean Shopping Center သို့ သွားရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် ညအပူအချိန်များမှာ ပူတာအိုမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့၊ ဟားခါးမြို့နှင့် တွန်းဇံမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သား ဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၅၉ လက်မနှင့် လပွတ္တာမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ၂၀၃၀ ပြည့်နှစ်တွင် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့်တင်ရန် အဆင့်မြင့်အရာရှိကြီးများ စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး (Regional Director), Dr. Poonam Khetrapal Singh ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ Dr. Shin Young-Soo တို့ ပါဝင်သောအဖွဲ့နှင့် အာရှ-ပစိဖိတ် ဒေသတွင်းခေါင်းဆောင်များ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်း (APLMA) မှ Board Chair, Ms. Ruby Shang ပါဝင်သောအဖွဲ့တို့အား သီးခြားစီ လက်ခံတွေ့ဆုံသည်။




ယင်းနောက် နံနက် ၁၀ နာရီတွင် Grand Amara Hotel ၌ ၂၀၃၀ ပြည့်နှစ်တွင် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အရှိန်အဟုန်မြှင့်တင်ရန် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အာရှပစိဖိတ်ဒေသတွင်းခေါင်းဆောင်များ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်း (APLMA)၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

**ဖြစ်ပွားမှုရှိနေဆဲဖြစ်**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မဟာမဲခေါင်ဒေသတွင်းတွင် လွန်ခဲ့သော ငါးနှစ်အတွင်း၌ ငှက်ဖျားရောဂါဖြစ်ပွားမှုကို ၈၆ ရာခိုင်နှုန်းနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးနှုန်းကို ၉၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း "WHO Global Technical Strategy and Strategy for Malaria Elimination in the Greater Mekong Subregion" ကို အခြေခံကာ အမျိုးသားငှက်ဖျားရောဂါကင်းဝေးရေးစီမံချက်ကိုရေးဆွဲပြီး လုပ်ငန်းများစတင်လျက်ရှိပါကြောင်း၊ စီမံချက်များကို တာဝန်ရှိပုဂ္ဂိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ စနစ်တကျ လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ငှက်ဖျားရောဂါ လျော့နည်းကျဆင်းလာသော်လည်း ဝေးလံခက်ခဲသည့်နေရာများ၊ နယ်စပ်ဒေသများ၊ ရွှေ့ပြောင်းနေထိုင်ကြသည့်လူများတွင် ဖြစ်ပွားမှုရှိနေဆဲ ဖြစ်ပါကြောင်း၊

**ငှက်ဖျားရောဂါကင်းဝေးရေး**

ငှက်ဖျားဆေးယဉ်ပါးမှုနှင့် အာတီမီဆီနင် ငှက်ဖျားဆေးပေါင်းကို ဆေးယဉ်ပါးမှုများသည်လည်း မဟာမဲခေါင်ဒေသကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ အရည်အသွေး မပြည့်မီသည့် ငှက်ဖျားဆေးများ၊ ငှက်ဖျားဆေးဝါးအတုများအား အချို့နေရာများတွင် တွေ့ရှိနေရပါကြောင်း၊ ငှက်ဖျားရောဂါ ကင်းဝေးစေရေး ဆောင်ရွက်ရာတွင် ငှက်ဖျားရောဂါပိုးသယ်ဆောင်သည့်ခြင်၏ သဘောသဘာဝ၊ ခြင်များ၏ ပိုးသတ်ဆေးယဉ်ပါးလာမှု၊ အပြုအမူပြောင်းလဲမှုများကိုလည်း အထူးအရေးပေးထည့်သွင်းလေ့လာရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ အလှူရှင်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးမှ ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုရရှိနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ငှက်ဖျားရောဂါကင်းဝေးရန် မဟာမဲခေါင်ဒေသတွင်းတွင် "One Region One Strategy" ကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၊ အခြား မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငှက်ဖျားရောဂါကင်းဝေးရေး ဆောင်ရွက်ရန် အသင့်ရှိနေပါကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၃၀ ပြည့်နှစ်တွင် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က မဟာမဲခေါင်ဒေသတွင်း နိုင်ငံများကိုယ်စား "Ministerial Call for Action to Eliminate Malaria in the Greater Mekong Subregion before 2030" အားဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက အသီးသီး ထောက်ခံဆွေးနွေးကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးနှစ်ဦး၊ APLMA အဖွဲ့မှ ကိုယ်စားလှယ်၊ လူထုအခြေပြုအဖွဲ့အစည်းမှ ကိုယ်စားလှယ်၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်၊ USAID မှ ကိုယ်စားလှယ်၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်တို့က ပါဝင်ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် "Ministerial Call for Action to Eliminate Malaria in the Greater Mekong Subregion before 2030" ကို အတည်ပြုခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

**သဘောတူလက်မှတ်ရေးထိုး**

ညနေပိုင်းတွင် "ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ NFM-2 Grant Agreements (2018-2020)"သဘောတူ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ Interim Executive Director, Dr. Marijke Wijnroks ၊ UNOPS မှ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ Mr. Sanjay Mathur, Save the Children မှ Country Director, Mr. Michael McGrath ၊ Civil Society များ၏ ကိုယ်စားလှယ် ဒေါ်နွယ်ဇင်ဝင်းတို့ ပါဝင်၍ HIV/AIDS ကာကွယ် ကုသရေးလုပ်ငန်းများအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ထောက်ပံ့ ကူညီမည့် အမေရိကန်ဒေါ်လာ သန်း ၁၃၀ နှင့် TB ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၉၄ သန်း ပံ့ပိုးပေးသွားမည့် အကြောင်းအရာအား သဘောတူလက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၈

**မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (United Nations Office on Drugs and Crime – UNODC) နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Program -UNDP) တို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်သော ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (ယာပုံ)




**အဓိကကျသည့် အခန်းကဏ္ဍ**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်လာစေရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အပိုင်းတို့တွင် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (United Nations Convention Against Corruption-UNCAC) ၏ အဓိကကျသည့် အခန်းကဏ္ဍကို သိရှိနားလည်စေရန်အတွက် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ တွင် ဒီဇင်ဘာ ၉ ရက်အား "အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့"အဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

**အမျိုးသားရေးတာဝန်**

မြန်မာနိုင်ငံသည် UNCAC ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရန် ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့ပါကြောင်း၊ ယင်းသို့အတည်ပြုလိုက်ခြင်းသည် အဂတိလိုက်စားမှု ကင်းစင်သည့် လူ့အသိုက်အဝန်းတစ်ခုဖြစ်လာရေး အဖွဲ့ဝင်နိုင်ငံအားလုံး၏ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ရန် အရေးကြီးသည်ကို ကမ္ဘာကို အသိပေးကြေညာလိုက်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်နှင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်ဆိုသည့် ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန် အားစိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပညာပေးအစီအစဉ်များကို ကျောင်းသားလူငယ်များသာမက အခြေခံလူတန်းစားများအထိပါ ပျံ့နှံ့ရောက်ရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပညာပေးအစီအစဉ်၏ ကနဦးခြေလှမ်းအဖြစ် ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်းပြီး အခြေခံပညာအဆင့် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများ စီစဉ်ကျင်းပကာ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် UNODC ရုံး၏ မြန်မာနိုင်ငံအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်ခွဲ-၂ အောက်မှ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ်ကို ၂၀၁၉ ခုနှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင်လည်း မိမိတို့ကော်မရှင်နှင့် UNODC တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလေးနက် အားကောင်းလာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် ကော်မရှင်သည် UNDP နှင့် လက်တွဲ၍ မြန်မာနိုင်ငံရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အခြေခံအဆောက်အအုံများအပေါ် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းတစ်ရပ်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**လုပ်ငန်းစီမံချက်**

ကော်မရှင်အနေဖြင့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (TI)မှ ထုတ်ပြန်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု အညွှန်းကိန်း(CPI Index)အရ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၅၇ ရရှိခဲ့ရာမှ မိမိတို့ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကြိုးပမ်းမှုများကြောင့် ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၃၆ ထိ တိုးတက်ရောက်ရှိခဲ့ပါကြောင်း၊ သို့သော်လည်း CPI အဆင့် ပိုမိုကောင်းမွန်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် လိုအပ်နေသေးပါကြောင်း၊ ထို့ပြင် ကော်မရှင်၏ ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန် ပြင်ဆင်နေပါကြောင်း၊ စီမံချက်တွင် စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့သာမက ပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ အပါအဝင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက်ပါ ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အဂတိတိုက်ဖျက်ရေး ဥပဒေမူဘောင်များကိုလည်း အားကောင်းလာစေရေးအတွက် ဥပဒေပြုအဖွဲ့အစည်းများသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNODC မှ Regional Office for Southeast Asia and the Pacific မှ Regional Representative Mr. Jeremy Douglas နှင့် UNDP မှ Deputy Country Director Ms. Dawn Del Rio တို့က အမှာစကားပြောကြားပြီး ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ သိသင့်သိထိုက်သည့်အချက်များကို ပြည်သူများ သိရှိနိုင်ရေးအတွက် Video Clips ဖိုင်ဖြင့် ဖွင့်လှစ်ပြသသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အထက်တန်းအဆင့် **"အဂတိကင်းကွာ ပြည်သာယာ"**ဆောင်းပါးနှင့် အလယ်တန်းအဆင့် **"အဂတိတိုက်ဖျက်ဖို့ပူးပေါင်းဆောင်ရွက်ကြစို့"**စာစီစာကုံး ပြိုင်ပွဲများမှ ဆုရရှိခဲ့ကြသည့် နေပြည်တော်အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၂ ဦးတို့ကို ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု တစ်ခုချင်းစီနှင့် နှစ်သိမ့်ဆုသုံးဆုစီတို့ဖြင့် စုစုပေါင်း ၁၂ ဆုအား ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်သည့် ကိုယ်စားလှယ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ပြသထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းနှင့် ဆောင်းပါးများကို ကြည့်ရှုအားပေးကြသည်။

**တက်ရောက်**

ယနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGOs များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်သူလူထုအကျိုးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသစ်ကို ဥက္ကဋ္ဌအဖြစ် ဦးအောင်ကြည်က တာဝန်ယူကာ နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှု ကော်မရှင်အနေဖြင့် လုပ်ငန်းကော်မတီ ခြောက်ရပ်ဖြစ်သော မူဝါဒ၊ နိုင်ငံတကာ၊ ဥပဒေ၊ တိုင်ကြားစာ၊ ဝန်ထမ်းရေးရာနှင့် ပြန်ကြားရေးကော်မတီတို့ကို နိုဝင်ဘာ ၂၉ ရက်တွင် ဖွဲ့စည်းထားခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကိုလည်း ယနေ့ နံနက်က အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်အတွက်ရည်ရွယ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ပြန်ကြားရေးကော်မတီဝင်များနှင့် တွေ့ဆုံမေးမြန်း၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူအချို့၏ အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အတွေးအမြင်များကို သိရှိခဲ့ရသည်။**

**ဦးဟန်ညွန့်**
**ပြန်ကြားရေးလုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်**

**မေး။ ။အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို တိုင်ကြားလိုတဲ့ ပြည်သူတွေအနေနဲ့ သိသင့်သိထိုက်တဲ့အချက်တွေကို ရှင်းပြပေးပါရှင့်။**

ဖြေ။ ။အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ နိုင်ငံအနေနဲ့ အရေးတကြီးလိုအပ်ပါတယ်။ အဲဒီလို အချိန်မှာ အချို့က အဂတိလိုက်စားမှုကို သိတော့သိတယ်၊ မတိုင်ကြားရဲဘူး။ တိုင်ကြားပြန်တော့လည်း တိုင်ကြားဖို့ သတ်မှတ်ထားတဲ့ နည်းလမ်း၊ စည်းကမ်းတွေကို မသိကြဘူး။ အဲဒီလို သိအောင်လည်း ပညာပေးမှုက အထူးလိုအပ်နေတယ်။ အဲဒီလိုတိုင်ကြားတဲ့အခါမှာလည်း ကော်မရှင်ကို မိတ္တူပေးပို့တာလည်းရှိတယ်။ အဲဒီလိုမိတ္တူပေးလာရင် ကျွန်တော်တို့အတွက် အခက်အခဲတွေရှိပါတယ်။ တိုင်ကြားစာကို တိုက်ရိုက်ပေးပို့သင့်ပါတယ်။ တိုင်ကြားရမယ့် စည်းကမ်းတွေ မသိတဲ့အခါကျတော့ ပြည်သူလူထုက အလွယ်တကူပဲ သူ့ရဲ့တိုင်ကြားစာကို ပေးပို့လိုက်တယ်။ ဒါကြောင့် ချွတ်ယွင်းအားနည်းချက်တွေ ဖြစ်တယ်။ အရေးကြီးတဲ့ သက်သေခံချက်တွေ၊ စာရွက်စာတမ်းတွေ၊ ဓာတ်ပုံ၊ အသံဖိုင်တွေပါလည်း ပိုကောင်းပါတယ်။ အချက်အလက် တွေမစုံတဲ့အခါ သက်ဆိုင်ရာကော်မရှင်က စုံစမ်းတဲ့အခါ အခက် အခဲတွေဖြစ်တယ်။ ဒါကြောင့်မို့ မိမိတို့ခံစားနေရတဲ့ ဒုက္ခတွင်းထဲက ရုန်းထွက် ဖို့ဆိုတာဟာ မိမိတို့ကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေကို အများပြည်သူသိအောင် ဒါမှမဟုတ် တာဝန်ယူဆောင်ရွက်တဲ့ အဖွဲ့အစည်းသိအောင် ပြောနိုင်ရမယ်၊ တင်ပြနိုင်ရပါမယ်။ ပြည့်စုံစွာ ဖော်ထုတ်ပေးနိုင်ရပါမယ်။ ဒါမှလည်း အဂတိလိုက်စားမှု ကော်မရှင်ကနေ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ တဖြည်းဖြည်းနဲ့ တစ်နိုင်ငံလုံးက ပြည်သူလူထုကို သိအောင် ဗဟုသုတရအောင် လုပ်ကိုင်ပုံနည်းစနစ်တွေ၊ တင်ပြပုံနည်းစနစ်တွေကို အလျဉ်းသင့်သလို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။အဂတိလိုက်စားမှု ကင်းဝေးအောင် ပြည်သူ့ဝန်ထမ်းတွေမှာရော ဘယ်လိုအသိအမြင်တွေရှိထားဖို့ လိုအပ်ပါသလဲရှင့်။**

ဖြေ။ ။အဂတိလိုက်စားမှု တိုက်ဖျက်ဖို့အတွက်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေက တာဝန်ရှိအကြီးအကဲတွေနဲ့ ဝန်ထမ်းတွေကိုလည်း ပညာပေးရမယ်၊ ဆွေးနွေးရမယ်၊ ဟောပြောရမယ်။ ဒါမှလည်း ပြည်သူနဲ့ နေ့စဉ်နဲ့အမျှ ထိတွေ့ဆက်ဆံနေရတဲ့ ဝန်ထမ်းတွေဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုတဲ့ ဗဟုသုတကို သိသွားမှာ ဖြစ်ပါတယ်။ ဦးနှောက်ထဲမှာ စွဲနေမှာဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းဟာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပြည်သူကိုအကျိုးပြုရမယ်၊ ဒါ့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်တာကိုလည်း သူတို့ရဲ့ဦးနှောက်ထဲမှာ နားလည်အောင်ထည့်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို နားလည်တတ်ကျွမ်းဖို့ကလည်း ခံယူချက်ရှိလာဖို့ကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရဲ့ တာဝန်ပါပဲလို့ ကော်မရှင်က ခံယူမိပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရဲ့ဆက်လက်လုပ်ဆောင်သွားရမယ့် မဟာဗျူဟာတွေထဲက အရေးကြီးတဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။

**မေး။ ။အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေမှာ ပြုပြင်ပြောင်းလဲရမယ့် အချက်တွေရော ရှိပါသလား။**

ဖြေ။ ။ဥပဒေရေးရာနဲ့ ပတ်သက်ပြီးတော့ ဖြေရှင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ၊ ပြုပြင်ပြောင်းလဲရမယ့် ကိစ္စရပ်တွေကို တွေ့ရှိရပါတယ်။ ဘယ်ဥပဒေ၊ ဘယ်ပုဒ်မဆိုတာတွေကိုတော့ အသေးစိတ် မတင်ပြလိုသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကော်မရှင်အဟောင်းက ပြုစုရေးဆွဲထားတဲ့ ဥပဒေချွတ်ယွင်းချက်တွေနဲ့ ပြုပြင်ရန် လိုအပ်ချက်တွေကို ကော်မရှင်အဟောင်းက ပြုစုထားပါတယ်။ ၎င်းတို့ပြုစုခဲ့တဲ့ အချက်အလက်တွေအပြင် ကျွန်တော်တို့ ကော်မရှင်အသစ်သည်လည်း ဥပဒေရဲ့ အားနည်းချက်တွေကို အစည်းအဝေးတွေပြုလုပ်ပြီး စိစစ်သုံးသပ်လျက် ရှိပါတယ်။ ဒါကြောင့် ကော်မရှင်အဟောင်းနဲ့ ကော်မရှင်အသစ် ရှာဖွေတွေ့ရှိတဲ့ အားနည်းချက်တွေကို စုစည်းမှာဖြစ်ပါတယ်။ စုစည်းပြီးတော့မှ သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ လွှတ်တော် ဆီကို တင်ပြသွားမှာ ဖြစ်ပါတယ်။ မည်သည့်ပုဒ်မ မည်သည့် အားနည်းချက်ဆိုတာတွေကို ဆက်လက်ပြီး သတင်းထုတ်ပြန်ပေးမှာပါ။

**မေး။ ။ပြန်ကြားရေးလုပ်ငန်းကော်မတီရဲ့ လုပ်ဆောင်မယ့် နည်းလမ်းတွေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ။ကော်မရှင်မှာ စတင် တာဝန်ပေးတဲ့နေ့က စပြီး ကော်မတီခြောက်ရပ်နဲ့ ဆောင်ရွက်ပါတယ်။ ပြန်ကြားရေးကော်မတီရဲ့ လုပ်ငန်းတွေကတော့ ပြဋ္ဌာန်းဥပဒေတွေရဲ့ ရည်ရွယ်ချက်တွေကို ဖော်ထုတ်ပြောကြားမယ်၊ ဥပဒေရဲ့အားနည်းချက်တွေ၊ အားသာချက်တွေကို အလျဉ်းသင့်သလို စိစစ်လေ့လာ တင်ပြမယ်၊ လူထုအဖွဲ့အစည်းတွေအတွင်းမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်မယ်၊ ကော်မရှင်ဥက္ကဋ္ဌကိုလည်း ကော်မတီရဲ့ လုပ်ဆောင်မယ့် နည်းလမ်းတွေကို တင်ပြပြီး လမ်းညွှန်မှုခံယူသွားမယ်၊ မီဒီယာတွေနဲ့ ပူးပေါင်းပြီး



ဦးဟန်ညွန့်
ပြန်ကြားရေးလုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်



ဒေါ်လှဲလှဲသွင်
ပြန်ကြားရေးလုပ်ငန်းကော်မတီဝင်
အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်



ဦးခင်မောင်မြင့်
ပြန်ကြားရေးလုပ်ငန်းကော်မတီဝင်
အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်

ဖော်ထုတ်မယ်၊ ပြန်ကြားပေးမယ်ဆိုတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။

**မေး။ ။အဂတိလိုက်စားမှုကို အကြွင်းမဲ့တိုက်ဖျက်နိုင်ဖို့အတွက် ကော်မရှင်အနေနဲ့ရော၊ ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ရော၊ ပြည်သူတွေအနေနဲ့ပါ ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။**

ဖြေ။ ။အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုတာ တကယ်တော့ အပြောလွယ်သလောက် အလုပ်ခက်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံတော်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ကျွန်တော်တို့အပြည့်အဝ လုပ်နိုင်ပြီလားဆိုရင် အပြည့်အဝ လုပ်နိုင်ခြင်းမရှိသေးပါဘူး။ အပြည့်အဝ အဂတိလိုက်စားမှု ပပျောက်သွားပြီလို့ ကြွေးကြော်နိုင်တဲ့ အခြေအနေမျိုး မရှိသေးပါဘူး။ ဒါကိုလည်း ရိုးသားစွာနဲ့ ဝန်ခံရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဂတိလိုက်စားမှုမှာ ပေးသူနဲ့ ယူသူဆိုပြီး ရှိပါတယ်။ ပေးသူကပေးလို့ ယူသူက ယူခြင်းဖြစ်ပါတယ်။ ယူသူကလည်းပဲ ပေးသူရှိတာကြောင့် ယူရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပေးသူနဲ့ ယူသူဆိုတာ အပြန်အလှန် ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ ပန်းလိုပါပဲ။ ဒီသံသရာဟာ တဝဲလည်လည်ပဲ ဖြစ်နေပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ သို့သော်လည်း ပြည်သူလူထုရဲ့ အကျိုးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဦးလည်မသုန် အကောင်းမွန်ဆုံး၊ အပြည့်ဝဆုံး၊ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး ကော်မရှင်အနေနဲ့ ပြည်သူတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ စီမံထားပါတယ်။

**ဒေါ်လှဲလှဲသွင်**
**ပြန်ကြားရေးလုပ်ငန်းကော်မတီဝင်**
**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်**

**မေး။ ။အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေရဲ့ရည်ရွယ်ချက်တွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့က ဥပဒေအမှတ် ၂၃ အဖြစ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေကို ရည်ရွယ်ချက်ခြောက်ခုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ဖို့၊ သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်သူ အစိုးရဖြစ်အောင် ဆောင်ရွက်ဖို့ပါပဲ။ အများပြည်သူနဲ့ဆိုင်တဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာတွေ မြင့်မားတိုးတက်ဖို့၊ အဂတိလိုက်စားတဲ့ လူတွေကိုလည်း ထိထိရောက်ရောက် အရေးယူဖို့ ပြဋ္ဌာန်းထားခဲ့တာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးပိုင်းတွေ၊ တရားစီရင်ရေးပိုင်းတွေ၊ တရားဥပဒေ စိုးမိုးမှုပိုင်းတွေနဲ့ပတ်သက်ပြီးတော့ သမာသမတ်ရှိအောင် ပြည်တွင်း၊ ပြည်ပက စီးပွားရေးအခွင့်အလမ်းတွေ တိုးတက်လာအောင် ရည်ရွယ်ပါတယ်။

**မေး။ ။လူထုအဖွဲ့အစည်းတွေကို ပညာပေးလုပ်ငန်းတွေ ဘယ်လိုပေးအပ်မလဲဆိုတာ သိချင်ပါတယ်ရှင့်။**

ဖြေ။ ။ရှေ့ဆက်လုပ်မယ့် လုပ်ငန်းတွေထဲမှာ လူထုတွေကို ပိုပြီးပညာပေးနိုင်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးက ထိရောက်ပါလိမ့်မယ်။ အဲဒီအတွက် နေရာအနှံ့မှာ ပြည်သူတွေ နားလည်တဲ့ပုံစံနဲ့ ပြသရမယ်၊ ရုပ်သံတွေကနေ ပညာပေးဇာတ်လမ်းတွေ ပြသမယ်။ ကျွန်မတို့ဆီမှာ တိုင်တဲ့သူက တိုင်ပါတယ်။ ဒါပေမယ့် တိုင်ကြားတဲ့အခါမှာ ဥပဒေပြဋ္ဌာန်းချက်နဲ့ မညီတဲ့အတွက်ကြောင့်မို့ ဆောင်ရွက်ပေးဖို့ အခက်အခဲတွေ ရှိပါတယ်။ တိုင်ကြားတဲ့အခါ ဘယ်လိုအချက်အလက်တွေပါမှ တိုင်ကြားနိုင်မယ်၊ ထိရောက်မယ်ဆိုတာကိုလည်း ပြန်ကြားပေးမယ်၊ ပညာပေးမယ်။ ဒီလုပ်ငန်းတွေဟာ ကျွန်မတို့ ကော်မတီတစ်ဖွဲ့တည်း ဆောင်ရွက်လို့မရပါဘူး။ အစိုးရအဖွဲ့အစည်းတွေ၊ လွှတ်တော်နှစ်ရပ်စလုံးက ကိုယ်စားလှယ်တွေနဲ့ ပြည်သူလူထုတွေ အားလုံးပူးပေါင်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်မှ အောင်မြင်မှာဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို လုပ်ငန်းစပြီး ဆောင်ရွက်တဲ့အခါ စတွေ့ရတဲ့အခက်အခဲတွေက ဥပဒေတွေမှာ အားနည်းချက်တွေ ရှိနေပါတယ်။ တိုင်ကြားတဲ့အခါ သူတို့တွေရဲ့ဆောင်ရွက်ပေးစေလိုတဲ့ စိတ်နဲ့တော့ လုပ်ခဲ့တာပါပဲ။ ဒါပေမယ့် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေထဲမှာတော့ အချို့တိုင်ကြားမှုတွေက အကျုံးမဝင်ဘူး ဖြစ်နေပါတယ်။ အကျုံးမဝင်တဲ့အတွက် သက်ဆိုင်ရာဌာနတွေကို လွှဲပေးလိုက်ရတယ်။ ကိုယ်တိုင်ဆောင်ရွက်ခွင့်မရဘူး။ အဲဒီလိုတွေ ဖြစ်တာရှိတယ်။ ဒါကြောင့် ပြည်သူတွေကိုလည်း ဘယ်လိုတိုင်ကြားရမလဲ၊ ဘယ်လိုထိရောက်အောင် တိုင်ကြားရမလဲဆိုတာတွေကို ဆောင်ရွက်ပေးရမယ့် အချက်တွေကို ပညာပေးသွားမှာပါ။ အဂတိလိုက်စားမှုတွေ မြန်မာနိုင်ငံတစ်ခုလုံးမှာ လျော့နည်းသွားအောင် ကော်မရှင်အနေနဲ့ ကြိုးပမ်းသွားမှာပါ။

**ဦးခင်မောင်မြင့်**
**ပြန်ကြားရေးလုပ်ငန်းကော်မတီဝင်**
**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်**

**မေး။ ။တိုင်ကြားသူတွေအနေနဲ့ ဘယ်လိုအချက်အလက်တွေကို အသုံးပြုပြီး တိုင်ကြားသင့်ပါသလဲ။ လက်ရှိကော်မရှင်ကို တိုင်ကြားတဲ့အထဲမှာရော ဘယ်လိုသတိပြုစရာမျိုးတွေ တွေ့ရပါသလဲရှင့်။**

ဖြေ။ ။ပြည်သူများ တိုင်ကြားလာတဲ့ အကြောင်းအရာနဲ့ တိုင်ကြားစာတွေအကြောင်းကို ပြောရရင် အဓိက လုပ်ငန်းဖြစ်တဲ့ အရေးကြီးတဲ့ သက်သေခံချက်တွေ မပါတဲ့ တိုင်ကြားစာတွေကြောင့် အမှုကိုဆက်ပြီး စစ်ဆေးပေးဖို့ ခက်ခဲတဲ့အတွက် အမှုတွဲအဖြစ်သာ ထားနေရပါတယ်။ မိတ္တူတိုင်ကြားစာတွေ၊ တိုင်ကြားသူကို အတည်မပြုနိုင်တာတွေကို မှတ်တမ်းပဲ တွဲနေရတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ မိမိတို့ရဲ့နစ်နာချက်တွေကို နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးတာတွေကို တင်ပြတိုင်တန်းချင်တာ မှန်ပေမယ့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၂ (ခ)နဲ့ (ဂ)အရ ဆုံးရှုံးမှုတွေ တင်ပြတိုင်တန်းမှုတွေ မှန်သော်လည်းပဲ ဥပဒေနဲ့ မညီညွတ်တဲ့အတွက် ဆက်လက် စုံစမ်းစစ်ဆေးတာတွေ မလုပ်နိုင်ဘူး ဖြစ်နေပါတယ်။ ဒါကြောင့် ဥပဒေနဲ့ ညီညွတ်ပြီး တိုင်တန်းမှု မှန်မှန်ကန်ကန် တင်ပြနိုင်ဖို့ လိုအပ်တာတွေက တရားလိုနစ်နာသူရဲ့နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊တရားလိုနစ်နာသူရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူပါရမှာပါ။ နစ်နာသူ (အစွပ်စွဲခံရသူ)တိုင်တန်းခံရသူရဲ့ အမည်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ရုံးဌာန၊ လုပ်ငန်းတွေကို ဖော်ပြရမယ်၊ ဘယ်လိုကိစ္စရပ်ကြောင့် တိုင်တန်းရခြင်းဖြစ်ကြောင်းကိုလည်း ရေးသားရမယ်။ သက်သေနဲ့ သက်သေခံအထောက်အထား အပြည့်အစုံဖြစ်တဲ့

*စာမျက်နှာ ၁၂ သို့*

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် သံတွဲမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ




**နေပြည်တော် ဒီဇင်ဘာ ၈**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် သံတွဲမြို့ရှိ ဒွါရာဝတီခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်ရေးရာကိစ္စများ ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့သည် ရခိုင်ပြည်နယ်အတွက် လိုအပ်သည့် အကူအညီများ ပေးနိုင်ရန် Japan Youkou Sakura Friendship Association မှ Mr. Yasuraru Narizubu နှင့် အဖွဲ့အား ယမန်နေ့ နံနက်ပိုင်းတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် ကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များအား ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ညနေပိုင်းတွင် ကမ္ဘာ့ဘဏ်အဖွဲ့မှ ဌာနေညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေသော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီရန် World Bank ၏ အဆိုပြုစီမံချက်အား ရှင်းလင်းတင်ပြ၍ အဆိုပါအစီအစဉ်တွင် ပါဝင်သော ရခိုင်ပြည်နယ်ကိစ္စအား စိစစ်သုံးသပ်၍ ပြန်လည်ထူထောင်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်သောလုပ်ငန်းများအားဆွေးနွေးကြသည်။

**သတင်းစဉ်**

## နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေး လုပ်ငန်းစဉ်တွင် အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ပေးသည့် မောင်တောမြို့နယ် ဒုညောင်ပင်ကြီးကျေးရွာ တာဝန်ခံတစ်ဦး သတ်ဖြတ်ခံရ၊ NV Card ထုတ်ပေးရေးလုပ်ငန်းစဉ်အား ဟန့်တားနှောင့်ယှက် ခြိမ်းခြောက် အကြမ်းဖက်သတ်ဖြတ်သူများ ဖော်ထုတ်အရေးယူလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုညောင်ပင်ကြီး ကျေးရွာတာဝန်ခံ ရော်ဖိတ်အာမန် (ခ) ရော်ဖိရာမန်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက နေအိမ်ရှေ့မှ အော်ခေါ်သံကြားသဖြင့် နေအိမ်ရှေ့တံခါးအား သွားရောက်ဖွင့်စဉ် ဘင်္ဂါလီလူမျိုးနှစ်ဦး အိမ်ပေါ်တက်လာပြီး ရော်ဖိတ်အာမန်အား သေနတ်ဖြင့်ပစ်၍ ဓားဖြင့်ထိုးခုတ်ကြရာမှ ရော်ဖိတ်အာမန်သေဆုံးခဲ့ပြီး ထွက်ပြေးလွတ်မြောက်သွားသော ဘင်္ဂါလီတရားခံများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဖြစ်စဉ်တွင် ရော်ဖိတ်အာမန်သည် ဒုညောင်ပင်ကြီး ကျေးရွာတာဝန်ခံဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများက မောင်တောမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် အင်တိုက်အားတိုက် ပါဝင်ကူညီ ဆောင်ရွက်ပေးနေသူဖြစ်သဖြင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများက လာရောက်သတ်ဖြတ်ခြင်းဖြစ်ကြောင်းနှင့် လာရောက်သတ်ဖြတ် ထွက်ပြေးသွားသည့် ဘင်္ဂါလီနှစ်ဦးအပါအဝင် ယင်းကဲ့သို့ NV Card ထုတ်ပေးရေးလုပ်ငန်းစဉ်အပေါ် ဟန့်တားနှောင့်ယှက် ခြိမ်းခြောက် အကြမ်းဖက်သတ်ဖြတ်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ သာယာကုန်း (တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ဆိတ် တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ကပ္ပတောင်း (တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်းနွား ၃၂၃ ကောင်အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၈၆ ကောင်အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်တို့သည် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက သံတွဲမြို့ ဘုရင့်နောင်လမ်းရှိ ဓမ္မဗိမာန် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓမ္မဗိမာန် ဖြစ်မြောက်ရေးကော်မတီများနှင့် တွေ့ဆုံကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မှာကြားခဲ့ပြီး ဒွါရာဝတီမြို့မဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဈေးအတွင်း လမ်းအမိုးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲမြို့နယ် ကင်းမော် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးရာ ကျောင်းအုပ်ဆရာမကြီးက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားအထူးအဖွဲ့-၇ မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဇာဒီပြင်တံတား ပေ ၁၄၀ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ**(အောက်ပုံ)** သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာများကို မှာကြားခဲ့သည်။

ယင်းနောက် အမှတ်-၈ ရပ်ကွက် ဒွါရာဝတီ လျှိုပိတ်ဆည် ရေလှောင်ထားရှိမှုအခြေအနေနှင့် ရေပေးဝေရေးပိုက်အတွက် သွယ်တန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့မှ ဆက်လက်ထွက်ခွာလာရာ တောင်ကုတ်မြို့နယ် နပင်းမ-ပန်းထော် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများနှင့် အောင်လဝန်းကုမ္ပဏီမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေကျပ် ၄၂ ဒသမ ၀၀ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆလီယေကျေးရွာအဝင်လမ်း ၁ ဒသမ ၆၁ ကီလိုမီတာ ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကုတ်မြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးသည်။

ဆက်လက်၍ တောင်ကုတ်မြို့ အထက (ခွဲ) ဂူတာကျောင်းသို့ ရောက်ရှိပြီး သုံးထပ် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တွေ့ဆုံ၍ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆိုင်ရာများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး တောင်ကုတ်မြို့ ခုတင် ၁၀၀ ဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် မအီမြို့သို့ ရောက်ရှိပြီး အထက မအီကျောင်းတွင် ကျောင်းအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်သတင်း

# ရခိုင်ပြည်နယ်၌ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ကလေးငယ် ငါးသိန်းကျော် ထိုးနှံမည်

**စစ်တွေ ဒီဇင်ဘာ ၈**


ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


ရှေးဦးစွာ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာသီဟက ဒီဇင်ဘာ ၁၁ ရက်မှ ၂၁ ရက်အထိ အသက် ကိုးလမှ ငါးနှစ်အောက် ကလေးငယ် ၃၅၃၇၃၃ ဦးနှင့် ဝေးလံဒေသမှ ကလေးငယ် ၂၃၃၀၁၁ ဦး စုစုပေါင်း ၅၈၆၇၄၄ ဦးကို ထိုးနှံသွားမည်ဖြစ်ကြောင်း၊ ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းတွင် ကျန်ရှိသည့် ကလေးငယ်များကိုလည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။


ထို့ပြင် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို အသက် ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များ ထိုးနှံရာတွင် စစ်တွေခရိုင်၌ ကလေးငယ် ၄၈၇၆၆ ဦး၊ ကျေးရွာ ရပ်ကွက် ၆၃၆၊ မြောက်ဦးခရိုင်၌ ကလေးငယ် ၁၀၂၆၀၃၊ ကျေးရွာ ရပ်ကွက် ၉၉၉၊ မောင်တောခရိုင်၌ ကလေးငယ် ၁၀၅၁၄၀၊ ကျေးရွာ ရပ်ကွက် ၄၉၉၊ ကျောက်ဖြူခရိုင်၌ ကလေးငယ် ၄၅၃၇၀၊ ကျေးရွာ ရပ်ကွက် ၈၄၇၊ သံတွဲခရိုင်၌ ကလေးငယ် ၅၁၈၅၄ ဦး၊ ကျေးရွာ ရပ်ကွက် ၆၂၂ တို့ကို ဆေးထိုးအဖွဲ့များက ထိုးနှံသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းတွင် သွားလာရန်ခက်ခဲသော ဝေးလံခေါင်းပါးဒေသများနှင့် နယ်စပ်ဒေသရှိ ကျေးရွာပေါင်း ၇၁၃ ရွာရှိ ကလေးငယ် စုစုပေါင်း ၂၅၁၉၈၃ ဦးကို ထိုးနှံသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌ ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းတွင် အသက် ငါးနှစ်မှ ၁၅ နှစ် ကလေးငယ် စုစုပေါင်း ၄၂၅၄၂၃ ဦး၊ သွားလာရန်ခက်ခဲသော ဝေးလံခေါင်းပါးဒေသများနှင့် နယ်စပ်ဒေသရှိ ကလေးငယ် စုစုပေါင်း ၄၅၁၅၇ ဦးကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ထိုးနှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**







# မုန်တိုင်းငယ်အား အဝါရောင်အဆင့်သတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၈**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ မာချီလီပတ္တနမ်မြို့၏ အရှေ့ဘက် မိုင် ၃၁၀ ခန့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ၂၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲတွင် မြောက်လတ္တီကျု ၁၆ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၅ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေအနီးနှင့် ဩရိသတောင်ပိုင်းကမ်းခြေအနီးသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

**မိုးထစ်ချုန်းရွာမည်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။


**ကြိုတင်သတိပြု**

သို့ဖြစ်၍ မိဘပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု နိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**အုပ်စုအလိုက် ပို့ကုန်များ(ပုံမှန်+နယ်စပ်)**
**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိနှင့်**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ နှိုင်းယှဉ်ချက်**

(ညီမျှအမေရိကန်ဒေါ်လာသန်းပေါင်း)




ဇာစ်မြစ်။ အကောက်ခွန်ဦးစီးဌာန

သတင်းစဉ်

**အုပ်စုအလိုက် သွင်းကုန်များ(ပုံမှန်+နယ်စပ်)**
**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိနှင့်**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ နှိုင်းယှဉ်ချက်**

(ညီမျှအမေရိကန်ဒေါ်လာသန်းပေါင်း)



ဇာစ်မြစ်။ အကောက်ခွန်ဦးစီးဌာန

သတင်းစဉ်

### ❂ *ကျောဖုံးမှ*

ဗီယက်နမ်အသင်း၊ ဒီဇင်ဘာ ၁၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဥဇဘက်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်း၏ ပွဲအားလုံးကို မြန်မာ့ရုပ်မြင်သံကြား(MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က “ ထိုင်းဘောလုံးအဖွဲ့ချုပ်အနေနဲ့ ၂၀၁၈ အာရှ ယူ-၂၃ ပြိုင်ပွဲအတွက် ရည်ရွယ်ပြီး အခုပြိုင်ပွဲကို ကျင်းပတာဖြစ်ပြီး ကျွန်တော်တို့အသင်းက ခြေစစ်ပွဲမအောင်ဘဲ ခြေစစ်ပွဲ အောင်တဲ့ အသင်းတွေနဲ့ ကစားရမှာပါ” ဟု ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၉ ရက်၊ ၁၁ ရက်၊ ၁၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ကို ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းမှာ ဗိုလ်လုပွဲ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဒုတိယနေရာရအသင်းများမှာ တတိယ နေရာလုပွဲ ကစားရမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊**



မမေစန္ဒီအောင်
စာစီစာကုံးပြိုင်ပွဲ
တိုင်းဒေသကြီး
အဆင့် ဆုရရှိသူ



မောင်စိုးလင်းထွန်း
စာစီစာကုံးပြိုင်ပွဲ
တိုင်းဒေသကြီး
အဆင့် ဆုရရှိသူ

*စာမျက်နှာ ၉ မှ*

လူသက်သေ၊ မျက်မြင်သက်သေ၊ အတူလိုက်ပါဆောင်ရွက်သူ၊ ကြံ့ကြိုက်သက်သေတို့ရဲ့အမည်၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူနဲ့ ဖုန်းနံပါတ်တွေ ပါသင့်ပါတယ်၊ စာရွက်စာတမ်းသက်သေအနေနဲ့ ဆိုရင် မိတ္တူတွေ၊ ကတိပြုစာတမ်းတွေ၊ အသံဖိုင်တွေ၊ ဗီဒီယိုဖိုင်တွေ ပါဝင်နိုင်ပါတယ်၊ ဝတ္ထုပစ္စည်းအနေနဲ့ ပတ်သက်လို့ ကျောက်မျက်ရတနာ၊ ငွေကြေးစတဲ့ သက်သေခံ အထောက်အထား အတိအကျဖော်ပြပေးရမှာဖြစ်ပါတယ်၊ နောက်တစ်ခုက နေရာနဲ့ မြင်ကွင်းတွေ ဘယ်နေရာမှာပေးလဲ ယူလဲ စတာတွေ၊ တောင်းတာ ပေးတာ ကတိပြုတာတွေကို ပြောကြားရမှာဖြစ်ပါတယ်၊ ဒါမှ ကော်မရှင်အနေနဲ့ အမှုအသွားအလာ အဖြစ်အပျက်၊ နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုတွေကို စုံစမ်းထောက်လှမ်းပြီး ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်၊ ဒီဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လိုအပ်တဲ့အကူအညီတွေကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ သင့်လျော်တဲ့ သူတွေဆီကနေ ရယူဆောင်ရွက်သွားဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(င)မှာ ဖော်ပြထားပါတယ်၊ အဂတိလိုက်စားမှုကြောင့် ဖြစ်စေ၊ အဂတိလိုက်စားမှုနဲ့ ကြံ့လို့ ချမ်းသာလာတာ ဖြစ်စေ ခိုင်လုံတဲ့ အထောက်အထားနဲ့ သတင်းပေးတိုင်တန်းတဲ့အတွက် ဖော်ထုတ်တဲ့ကိစ္စတွေမှာ သတင်းပေးသူတွေကို လိုအပ်တဲ့ ဥပဒေအကာအကွယ်တွေ ပေးမယ်၊ သတ်မှတ်တဲ့ ဆုငွေတွေ ချီးမြှင့်တာတွေနဲ့ ပတ်သက်ပြီး ဥပဒေရဲ့ပုဒ်မ ၁၇ ပုဒ်မခွဲ (ဈ) မှာ ဖော်ပြထားပါတယ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ပိုင် ပစ္စည်းတွေ၊ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေကြေးတွေ၊ နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ထိခိုက်မှုမရှိစေဖို့ အကာအကွယ်ပေးဖို့အတွက် ပြည်သူတွေအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

**မမေစန္ဒီအောင်**
**စာစီစာကုံးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ဆုရရှိသူ**

**မေး။ ။အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို နားလည်သလောက် ပြောပြပေးပါဦး။**

ဖြေ။ ။ကျွန်မက “အဂတိတိုက်ဖျက်မှု ပူးပေါင်းပါဝင်ဆောင်ရွက်စို့”ဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံးပြိုင်ပွဲမှာ ဆုရရှိခဲ့ပါတယ်၊ အဂတိလိုက်စားတယ်ဆိုတာ မကောင်းပါဘူး၊ သုဂတိ နဲ့ အဂတိဆိုပြီး သင်ကြားဖူးပါတယ်၊ အဂတိလိုက်စားမှုကို လက်သင့် မခံသင့်ပါဘူး။ ကျွန်မကတော့ စာစီစာကုံးထဲမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံက ဆောင်ရွက်နေတဲ့အချက်တွေ၊ နိုင်ငံတကာနဲ့ ဆောင်ရွက်နေတာတွေ၊ ဥပမာ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းမှာ မြန်မာနိုင်ငံကလည်း လက်မှတ်ရေးထိုးထားပြီး ပူးပေါင်းဆောင်ရွက်နေတဲ့အကြောင်းတွေကို ရေးသားခဲ့ပါတယ်။ အဂတိလိုက်စားမှု မရှိမှသာ ကျွန်မတို့နိုင်ငံ ပိုပြီးကောင်းလာမယ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ပိုပြီး မြင့်မားတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**မောင်စိုးလင်းထွန်း**
**စာစီစာကုံးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ဆုရရှိသူ**

**မေး။ ။အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုတာ လူငယ်တွေနဲ့ရော သက်ဆိုင်ပါသလား။**

ဖြေ။ ။အဂတိလိုက်စားမှုဆိုတာ အဖြစ်မှန်ကနေ သွေဖည်ပြီး အခွင့်အရေး ဒါမှမဟုတ် အကျိုးစီးပွားတွေအတွက် မတရားသော နည်းလမ်းတစ်ခုလို့ ကျွန်တော် မြင်ပါတယ်၊ အဂတိ လိုက်စားတယ်ဆိုတာ ပိုက်ဆံလည်းပါတယ်၊ အခွင့်အရေးတွေလည်း ပါတယ်၊ အများကြီးပဲ၊ ကျွန်တော်တို့လို လူငယ်တွေကလည်း အဂတိလိုက်စားမှုကို တိုက်ဖျက်တဲ့အထဲမှာ ပါဝင်သင့်တယ်လို့ ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပညာသင်တဲ့အခါမှာဖြစ်ဖြစ်၊ ကျွန်တော်တို့ ရည်မှန်းချက်ကို လျှောက်ကြတဲ့အခါမှာဖြစ်ဖြစ် ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် သွားတတ်ဖို့ လိုတယ်လေ၊ အခုဆိုရင် ကျောင်းတွေမှာ ကျောင်းဝင်ကြေးတွေ ပေးစရာမလိုတော့ဘူး၊ ကြိုးစားရင် ကြိုးစားသလောက် ဆုရမယ်၊ ငွေကြေးပေးပြီး အတန်းတင်တာတွေ ဘာတွေ မရှိတော့ဘူးဆိုတာမျိုးပေါ့၊ အဂတိလိုက်စားတာက မကောင်းဘူးဆိုတာလည်း သိထားရင် ကိုယ်ကြီးလာလို့ လုပ်လို့ရမယ့်နေရာမျိုးရောက်လည်း မကျူးလွန်ဖြစ်တော့ဘူးပေါ့၊ မကောင်းတဲ့အလုပ်ကို မြင်ရင် ကိုယ်တတ်နိုင်သလောက် တားဆီးကာကွယ် တတ်လာမှာပါ။ ။



ထိုင်းနိုင်ငံ၏ ယခင် နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ဖြစ်သူ **Dr. Surin Pitsuwan** သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့ရှိ ထိုင်းသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ ဒီဇင်ဘာ ၈ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး လက်မှတ်ရေးထိုးစဉ်။

သတင်းစဉ်

# မြန်မာ ကလပ်အသင်းများနှင့် ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်း ခြေစမ်းမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများနှင့် ဂျပန် အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲများကို ဒီဇင်ဘာ ၉ ရက် **(ယနေ့)**တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပထမဆုံးပွဲအဖြစ် ဇွဲကပင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲများအဖြစ် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းနှင့် မြန်မာကလပ်အသင်းများဖြစ်သည့် ဇွဲကပင်၊ မကွေးနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၉၊ ၁၂၊ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပထမဆုံးပွဲအဖြစ် ယနေ့ညနေပိုင်းတွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၈ ရာသီအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ဇွဲကပင်၊ မကွေးနှင့် ရန်ကုန်အသင်းတို့သည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဇွဲကပင်အသင်းသည် အသစ်ခေါ်ယူမည့် ကစားသမားများအား စမ်းသပ်အသုံးပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မူလက ခြေစမ်းပွဲကစားရန် မြန်မာ ယူ-၂၀ အသင်းနှင့် ရတနာပုံအသင်းတို့ကို ရွေးချယ်ခဲ့သော်လည်း ယှဉ်ပြိုင်ကစားရန် အဆင်မပြေသောကြောင့် မကွေး၊ ဇွဲကပင်အသင်းတို့နှင့် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ခြေစမ်းပွဲများအနက် ဇွဲကပင်နှင့်ပွဲကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ကျန်နှစ်ပွဲကို ရန်ကုန်အသင်း၏ အိမ်ကွင်းဖြစ်သော YUSC ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းသည် အပျော်တမ်းအသင်းများမှ ခြေစွမ်းကောင်းသူများဖြင့် ဖွဲ့စည်းထားသောကြောင့် မြန်မာကလပ်အသင်းများအတွက် အကျိုးရှိမည်ဖြစ်ပြီး ရာသီကြိုပြင်ဆင်မှုများအနက် အတွေ့အကြုံကောင်းများ ရမည့်ပွဲ ဖြစ်လာနိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဦးကိုနီ လုပ်ကြံခံရမှု ပါဝင်ပတ်သက်သူများအား ရုံးထုတ်စစ်ဆေး လိုပြသက်သေ သုံးဦးအား စစ်ဆေးမှုပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ပြီး လိုပြသက်သေ သုံးဦး စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်းနှင့် ရုံးချိန်းပေါင်း ၃၄ ချိန်း ရှိသည့်အနက် လိုပြသက်သေ ၆၅ ဦး စစ်ဆေးမှု ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဦးရဲလွင်က “ဒီကနေ့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ်မိုးနိုင်နဲ့ တရားခံ ကြည်လင်း ပါ-၄ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄/၂၁၂ အမှုကနေ လိုပြသက်သေသုံးဦး စစ်ဆေးပါတယ်၊ အဲဒီ သုံးဦးဟာ နေပြည်တော် ရွှေကြာပင်ရပ်ကွက်မှာရှိတဲ့ ခြံစောင့် ဦးသန်းဝင်း၊ ကုမ္ပဏီဝန်ထမ်း ဦးမင်းမင်းထွန်းနဲ့ ကုမ္ပဏီတာဝန်ခံ ဦးကျော်လင်းသန်းတို့ကို စစ်ဆေးပါတယ်၊ သူတို့က ကုမ္ပဏီခြံဝင်းထဲမှာ တရားခံပြေး အောင်ဝင်းခိုင် ရောက်ရှိလာပြီး ဟန်းဖုန်းတစ်လုံးနဲ့ စာရွက်စာတမ်းအချို့ မီးရှို့တဲ့ကိစ္စ မြင်တွေ့တာတွေ ထွက်ဆိုသွားတာပါ။

“ဒီနေ့မှာတော့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ရာဇသတ်ကြီး ပုဒ်မ (၁၉၃)နဲ့ မမှန်သက်သေ အရေးယူပေးဖို့ လျှောက်ထားတဲ့အတွက် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ(၄၇၆)အရ စုံစမ်းစစ်ဆေးအမှုဖွင့်ပြီးလျှောက်ထားတဲ့အပေါ် ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားရုံး ရာဇဝတ်အထွေထွေအမှုအမှတ် ၁၁၉/၂၀၁၇ နဲ့ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်၊ လျှောက်ထားခံရသူ ဦးရဲထွဋ်လှိုင်က ဒီကနေ့ ရုံးရှေ့ရောက်တယ်၊ သူ့ကိစ္စနဲ့ ပတ်သက်တဲ့ အာမခံ ဆောင်ရွက်တာပါ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ(၄၇၆)ပါ ပြဋ္ဌာန်းချက်နဲ့အညီ ခံဝန် နှစ်ဦး ချုပ်ဆိုခြင်းဖြစ်ပါတယ်၊ ဦးရဲထွဋ်လှိုင်ကို ရုံးချိန်းတိုင်းမှန်မှန်လာဖို့ပါ။ ဥပဒေအရာရှိကို နောက်အပတ် ရုံးချိန်းမှာ သက်သေတင်ပြဖို့ ဒီဇင်ဘာ ၁၅ ရက်ကို ချိန်းဆိုလိုက်ပါတယ်”ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရန်ကုန်သွားမည့် ခရီးသည်တင်ယာဉ်ပေါ်မှ ကန့်သတ်ကုန်ပစ္စည်း ဆေးဝါးများဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၉၆၀၊ သွင်းကုန် ၉၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၁၉၈ သန်းခန့် ဖမ်းဆီးရမိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၇ ရက်က ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ဆေးဝါး ၂၂ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၈၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ နေအိမ်လေးလုံး မီးလောင်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်-၈ ရပ်ကွက် ယောမင်းကြီးလမ်း၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က နေအိမ် လေးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း ကြီးကြပ်ကွပ်ကဲ၍ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ၁ နာရီ ၄၃ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်ပြီး စတင် မီးလောင်ခဲ့သော ရွှေပြည်သာမြို့နယ်-၈ ရပ်ကွက် ယောမင်းကြီးလမ်း နေအိမ်မှ ဦးအောင်ကိုလတ် ကို တာဝန်ရှိသူများက ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဆီဘောက်ဆာအတွင်းမှ တရားမဝင် ပိတောက်ခွဲသားများ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် လားရှိုးခရိုင် သိန္နီမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေပူစစ်ဆေးရေးစခန်းမရောက်မီ သိန္နီမြို့နယ် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၉၁/၇ ပန်ဖတ်ရွာအနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသော ယာဉ်အမှတ် YGN/-----(နောက်တွဲ TLR-6987) Nissan Diesel ၂၂ ဘီး ဆီဘောက်ဆာတွဲယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ခန့်မှန်း ငါးတန်ခန့်ကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားမဝင် သစ်/ ယာဉ်နှင့် ဆက်စပ်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် နိုင်ရေး စုံစမ်းရှာဖွေဖော်ထုတ်ပေးရန် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ မီးလောင်မှုဖြစ်ပွား

**စစ်တွေ ဒီဇင်ဘာ ၈**

စစ်တွေမြို့ စက်ရုံစုရပ်ကွက် ရဲတပ်ရင်းရှေ့ဓာတ်ဆီဆိုင်၌ ယနေ့ ညနေ ၄ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဓာတ်ဆီဆိုင် လုပ်သား ဦးမောင်သန်းက ဓာတ်ဆီပီပါကို ဆီဖြည့်ပြီး အဖုံးပြန်ပိတ်စဉ် ချော်ထွက်ပြီး မီးပွင့်ထွက်သွားကာ မီးစတင်လောင်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကို ရခိုင်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်တွေမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ညနေ ၆ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားသည်။ မီးလောင်နေစဉ် စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။ မီးလောင်မှုကြောင့် အလျား ပေ ၆၀ ၊ အနံ ပေ ၃၀ ၊ အမြင့် ၁၅ ပေ သွပ်မိုး၊ သွပ်ကာအဆောက်အအုံ၊ ဆီသိုလှောင်ရုံတစ်လုံး၊ ဓာတ်ဆီပီပါ ၁၀ လုံး၊ ဒီဇယ်ပီပါ အလုံး၂၀ မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။



ဆီပီပါများ လဲလှယ်စဉ် ပေါ့ဆစွာ ဆောင်ရွက်သူ ဦးမောင်သန်းနှင့် ဆီဆိုင်ပိုင်ရှင် ဒေါ်မသိန်းစိန်တို့အား မီးပေါ့ဆမှုဖြင့် အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လေးဝတီထွန်းစောခိုင်**




# ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၈

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၂၃)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် လှည်းကူးမြို့နယ် အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ်(မင်းကုန်း)ရှိ သေနတ်ပစ်ကွင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဖိတ်ကြားထားသူများ၊ သေနတ်ပစ်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက မိန့်ခွန်းပြောကြားပြီးနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ရဲချုပ်နှင့်ဇနီး၊ အရာရှိကြီးများနှင့် ဇနီးများက ၉ မမ ပစ္စတို (အမျိုးသမီး)ပစ်ခတ်စဉ် ဆု၊ BA 94 (အမျိုးသမီး) ပစ်ခတ်စဉ် ဆု၊ ၉မမ ပစ္စတို (အမျိုးသား) ပစ်ခတ်စဉ် ဆု၊ BA 94 (အမျိုးသား) ပစ်ခတ်စဉ် ဆု၊ BA 64 (အမျိုးသား) ပစ်ခတ်စဉ် ဆု၊ BA 63 မောပန်း (အမျိုးသား) ပစ်ခတ်စဉ် ဆု၊ အကောင်းဆုံး သေနတ်သမား (အမျိုးသား/ အမျိုးသမီး)ဆုနှင့် ရဲချုပ်တံခွန်စိုက်ဒိုင်းဆုတို့ကို ချီးမြှင့်ခဲ့သည်။

၂၀၁၇ ခုနှစ် (၂၃)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို သတင်းရဲတပ်ဖွဲ့မှ ရရှိခဲ့ကြောင်း၊ အကောင်းဆုံး သေနတ်သမား(အမျိုးသား)ဆုနှင့် အကောင်းဆုံး သေနတ်သမား (အမျိုးသမီး) ဆုတို့ကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေဘောလုံးဆုရရှိသည့် စီရော်နယ်ဒို မက်ဆီနှင့် ငါးကြိမ်စီ တူညီသွားပြီဖြစ်

**Ballon d'Or ၂၀၁၇ ဆုပေးပွဲကို ဒီဇင်ဘာ ၇ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ အီဖယ်တာဝါကြီးအောက်၌ ကျင်းပခဲ့ရာ ပေါ်တူဂီနိုင်ငံသား ရီးရဲမက်ဒရစ် ကစားသမား စီရော်နယ်ဒိုသည် ငါးကြိမ်မြောက်ဆု ရရှိခဲ့သည်။**

Ballon d'Or ရွှေဘောလုံးဆုကို ယခင်က ဖီဖာက တာဝန်ယူခဲ့ပြီး ၂၀၁၆ ခုနှစ်မှစ၍ ပြင်သစ်ဘောလုံးမဂ္ဂဇင်းအဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရွှေဘောလုံးဆုကို ၂၀၀၇ ခုနှစ်မှစ၍ စီရော်နယ်ဒိုနှင့် မက်ဆီတို့ နှစ်ဦးမှာ ပြိုင်ဘက်များအဖြစ် ရပ်တည်နေပြီး ၂၀၀၇ ခုနှစ်တွင် ၎င်းနှစ်ဦးကို ကျော်ဖြတ်ကာ အေစီမီလန်ကစားသမား ကာကာက ဆွတ်ခူးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် စီရော်နယ်ဒိုက စတင်ရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လေးနှစ်ဆက်တိုက် မက်ဆီက ဦးဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်ကို နှစ်နှစ်ဆက်တိုက် စီရော်နယ်ဒိုက ပြန်လည်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မက်ဆီက ငါးကြိမ်မြောက် ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်တွင် စီရော်နယ်ဒိုက မက်ဆီနှင့် အကြိမ်အရေအတွက်တူညီကာ ရပ်တည်နိုင်ခဲ့သည်။



ဆုပေးပွဲအခမ်းအနား၌ စီရော်နယ်ဒိုတို့ သားအဖကို တွေ့ရစဉ်။

ယခုနှစ်တွင် စီရော်နယ်ဒိုသည် ရမှတ် ၉၄၆ မှတ်ရရှိကာ မက်ဆီက ၆၇၀ နှင့် နေမာက ၃၆၁ မှတ်သာ ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် မက်ဆီသည် ဘာစီလိုနာနှင့်အတူ စပိန်ဘုရင့်ဖလားတစ်လုံးတည်းသာ ဆွတ်ခူးနိုင်ခဲ့ပြီး စီရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်နှင့်အတူ လာလီဂါ အမှတ်ပေးပြိုင်ပွဲ၊ ချန်ပီယံလိဂ်ဖလား၊ စပိန်စူပါဖလား၊ ဥရောပစူပါဖလားများကို ရယူနိုင်ခဲ့သည်။ စီရော်နယ်ဒိုသည် ဖီဖာက ပေးအပ်ခဲ့သည့် တစ်နှစ်တာ အကောင်းဆုံး ကစားသမား (The Best Player of the year) ဆုကိုလည်း ရရှိထားသည်။ ၎င်းတို့နှစ်ဦးသည် ဆယ်စုနှစ်အတွင်း ရွှေဘောလုံးဆုကို စိုးမိုးထားနိုင်ခဲ့သည်။

ရွှေဘောလုံးဆုကို အများဆုံး သုံးကြိမ်စီ ရရှိထားသော နယ်သာလန်နိုင်ငံသား မားကိုဗန်ဘတ်စ်တန်နှင့် ဂျိုဟန်ခရက်ဖ်၊ ပြင်သစ်နိုင်ငံသား မိုက်ကယ်ပလာတီနီတို့ကို ကျော်ဖြတ်ကာ (၂၁)ရာစုနောက်ပိုင်းတွင် စီရော်နယ်ဒိုနှင့် မက်ဆီတို့က ငါးကြိမ်စီရရှိကာ ဦးဆောင်နိုင်ခဲ့သည်။

**သီဟ**

## စားသုံးသူများသို့ အသိပေးကြေညာခြင်း

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်း၌ Online အသုံးပြုသူများ တိုးတက်များပြားလာသည်နှင့်အညီ အစားသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံအား Facebook၊ Web Page များမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ကြော်ငြာပြီး Online Shooping ပုံသဏ္ဍာန် ရောင်းချမှုများ တွင်ကျယ်လာသည်ကို တွေ့ရှိရသည်။

ထိုသို့ Facebook၊ Web Page များမှတစ်ဆင့် ကြော်ငြာရောင်းချနေသည့် ကုန်စည်အများစုသည် သက်ဆိုင်ရာဌာန၏ ခွင့်ပြုထောက်ခံချက်၊ တရားဝင်တင်သွင်းထားသည့် အထောက်အထားများ အပါအဝင် ကုန်စည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်အပြည့်အစုံ ဖော်ပြမှုမရှိဘဲ ကြော်ငြာရောင်းချနေခြင်း၊ ရောင်းချသူ၏ လိပ်စာပြည့်စုံစွာ ဖော်ပြထားမှု မရှိခြင်းတို့ကြောင့် ဝယ်ယူအသုံးပြုသည့် စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ပတ်သက်၍ ကတိကဝတ်ဖောက်ဖျက်မှုများ၊ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အခက်အခဲ ကြုံတွေ့နိုင်သည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ စားသုံးသူပြည်သူများအနေဖြင့် Facebook၊ Web Page များမှတစ်ဆင့် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် မိမိဝယ်ယူအသုံးပြုမည့် ကုန်စည်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ ကတိကဝတ်များကိုသေချာစွာ ကြိုတင်လေ့လာစုံစမ်းခြင်း၊ ကုန်ပစ္စည်းလက်ခံရာတွင် တစ်ပါတည်း တောင်းခံခြင်းတို့ဖြင့် နစ်နာမှုမရှိစေရေး စိစစ်ဝယ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့**


## အလိုရှိသည်

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးတာဝန်များအား သတ်မှတ်အရည်အချင်းပြည့်မီသူများလျှောက်ထားနိုင်ပါသည်။

၁။ **ရုံးအဖွဲ့မှူး** **ကျား/မ(၁)ဦး**
- ရုံးလုပ်ငန်းကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
- အင်္ဂလိပ်စကားပြောဆို ရေးသားနိုင်ရမည်။
- ဌာနဆိုင်ရာ ဝန်ကြီးဌာနများမှ လုပ်ငန်းအတွေ့အကြုံရှိသူများ/ အငြိမ်းစားများကို ဦးစားပေးမည်။

၂။ **စာရင်းကိုင်** **ကျား/မ(၁)ဦး**
- B.Com (သို့) LCCI Level III
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

- စိတ်ပါဝင်စားသူများသည် CV Form (၁)စုံ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ အောက်ပါလိပ်စာအတိုင်းလျှောက်ထားနိုင်ပါသည်။

အမှတ် ၂၉၊ အခန်း ၉၀၂၊ ကိုးလွှာ၊ UMFCCI၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၃၁၄၂၉၆၊၀၉-၄၄၄၄၃၇၂၉၅

**မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**






## တံဆိပ်အမှတ်အသားမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ သီရိနန္ဒာလမ်း၊ အမှတ်(၃၀၀)နေ ဦးရန်နိုင်လင်း ၉/ပဥလ(နိုင်) ၀၀၃၁၁၂၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ တံဆိပ်အမှတ်အသား "New Donuts" သည် ဦးရန်နိုင်လင်း၏ မူပိုင်အမှတ်အသားဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် "New Donuts"ကထုတ်လုပ်သော အင်္ဂလိပ်၊ မြန်မာစာတန်းပါ ပလတ်စတစ်အိပ်၊ ပါဆယ်ထုပ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်းများတွင် ရိုက်နှိပ်၊ ဖိနှိပ်၍ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးဖြင့်ထုတ်လုပ် ဖြန့်ချိသုံးစွဲသွားမည် ဖြစ်ပါသည်။

New Donuts

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံစံတူ(သို့)ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲလာပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကယ်၍ အဆိုပါ တံဆိပ်အမှတ်အသားအား မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်သုံးစွဲနေသူရှိပါက တရားဝင် စာရွက်စာတမ်းအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးရန်နိုင်လင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း(LL.B)** **ဒေါ်ခင်မာကြည်(LL.B)**
**စဥ်-၈၄၈၃/၂၀၁၂** **စဥ်-၁၃၂၉၀/၂၀၁၆**
**တရားလွှတ်တော်ရှေ့နေများ**
**'ဖြိုး'အမှုလိုက်နှင့် ဥပဒေအတိုင်ပင်ခံရုံး**
**အမှတ် ၁၂၊ (B-4)၊ မေခလမ်း၊ (၃)ကွက်**
**ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၃၁၈၉၃၉၉၊ ၀၉-၇၉၅၃၆၁၉၂၆**



## အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်အာဂူဖိုး(ခ)နော်အားရူးဖိုး ၁၂/အလန(နိုင်)၀၂၁၅၃၈မှ အမှတ် ၁၆၂၊ လမ်း ၅၀၊ ရန်ကုန်မြို့နေ ဦးဝင်းဟန်ထွန်း ၉/မကန(နိုင်)၀၇၅၆၉၉ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၁၃၇၁၇) (၂၅-၇-၂၀၁၁)ကို လွှဲအပ်ခဲ့ပါသည်။ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း လွှဲအပ်ခြင်းခံရသူနှင့် အများသိသာစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းနိုင်အောင်(LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၁၃၆)**
**အခန်း ၅၀၂၊ တိုက် ၃၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၄၄၃၀၈၈၀၈၄**



## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၂-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ(၂၄)တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာတွင် အမှတ်စဉ်(ခ) ဒုတိယ စာကြောင်းတွင် မန္တလေးတက္ကသိုလ်(MA)သင်တန်းအမှတ်စဉ်(၅)အပါအဝင် စာသားအစား မန္တလေးတက္ကသိုလ်(MBA)ဟု ပြင်ဆင်ဖတ်ရှုပါရန်။



## ဖခင်အမည်မှန်

ဟားခါးမြို့၊ ပညာရေးကောလိပ် ပထမနှစ်မှ မောင်ဗန်ခန်းလင်း၊ ကျောက်ထုမြို့ ရွှေမိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မဘွေနီးယန်ပါရ်၊ ဂန့်ဂေါမြို့ မြို့မအထကသတ္တမတန်းမှ မရိုစ်ပါရ်တို့၏ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၄/မတပ(နိုင်)၀၁၂၄၄၁ ဖြစ်ပါကြောင်း။



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/9593 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



## ပျောက်ဆုံးကြောင်း

Aung Kyar Phuu Co.,Ltd. ၏ကုမ္ပဏီ Import Licence No.YGNIL1 17-18 3915 မူရင်း၊ B/L No.BKKCB17012339 မူရင်း၊ Invoice & Packing List မူရင်း၊ စိုက်ပျိုးရေးထောက်ခံချက်အမှတ်(၂၀၅၀)မူရင်းတို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မောင်သီဟအောင် ဖုန်း-၀၉-၄၅၄၈၃၇၇၃၈၆**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/1898, Toyota Landcruiser, S/W(4x4)®ယာဉ်လက်ဝယ်ရှိသူ ဦးမင်းလတ် ၁၂/ဗဟန(နိုင်)၀၈၇၆၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**


## ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်

- ရန်ကုန်-မန္တလေးအမြန်လမ်း မိုင် ၄၀/၀၊ မိုင် ၁၅၈/၀၊ မိုင် ၃၁၇/၂ နှင့် မိုင် ၃၅၂/၂တို့တွင် ယာယီသန့်စင်ခန်း (၆)ခုအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါစနစ်ဖြင့် ဖွင့်လှစ်အသုံးပြုခွင့်ပြုခဲ့ပါသည်။
- အဆိုပါ ယာယီသန့်စင်ခန်းများအား တင်ဒါစာချုပ်ပါ စည်းကမ်းအတိုင်း စာချုပ်သက်တမ်းကုန်ဆုံးမည့် (၃၁-၁၂-၂၀၁၇)ရက်မှ စတင်၍ ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း အမြန်လမ်းအသုံးပြုသူ ခရီးသွားပြည်သူများ သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**
**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**


## ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ခင်မာအေး ၇/ပမန(နိုင်)၀၅၄၀၁၁သည် မိမိသဘောဆန္ဒအလျောက် ထွက်ခွာသွားသည်မှာ တစ်နှစ်ကျော်ရှိပြီဖြစ်ပြီး ဆက်သွယ်၍မရရှိပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲကြောင်း ကြေညာပါသည်။

**ဦးကျော်နိုင်မင်း ၇/ပမန(နိုင်)၀၅၃၈၇၄**
**တရုတ်မော်ကျေးရွာ၊ ရွှေတောင်မြို့နယ်၊ ပြည်ခရိုင်၊**
**ပဲခူးတိုင်းဒေသကြီး**

# ခွဲထွက်ရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားနိုင်ရန် ဗြိတိန်ဝန်ကြီးချုပ်နှင့် ဥရောပသမဂ္ဂတို့ သဘောတူညီမှုရရှိ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၈**

ဗြိတိန်ဝန်ကြီးချုပ်မေနှင့် ဥရောပသမဂ္ဂတို့သည် ဥရောပသမဂ္ဂမှဗြိတိန်ခွဲထွက်ရေးဆိုင်ရာ အစီအစဉ်လျာထားချက်များကို သဘောတူညီခဲ့ပြီးနောက်တွင် ကုန်သွယ်ရေးနှင့် အကူးအပြောင်း ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်သွားရန်အတွက် သောကြာနေ့တွင် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ယင်းသဘောတူညီချက်သည် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေအပေါ် ကျရောက်လျက်ရှိသည့် ဖိအားများကို လျော့ပါးသက်သာစေခဲ့သည်ဟု ဆိုသည်။

နှစ်ဖက်စလုံးသည် တနင်္လာနေ့တွင် သဘောတူစာချုပ်ချုပ်ဆိုရန် အစောပိုင်းကြိုးပမ်းမှုများကို ပျက်ပြားစေခဲ့သည့် အိုင်ယာလန်နယ်စပ်အရေးနှင့်ပတ်သက်သည့် ထွက်ပေါက်မရှိသော အခြေအနေကို အဆုံးသတ်နိုင်ရန် တစ်ညတာလုံး ဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့ဆွေးနွေးခဲ့ပြီးနောက်တွင် လုံလောက်သည့် အောင်မြင်ဖြစ်ထွန်းမှု ရရှိခဲ့သည်ဟု ဥရောပကော်မရှင်က ပြောကြားခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲများ အပြင်းအထန် ပြုလုပ်ခဲ့ပြီးနောက်တွင် ဥရောပကော်မရှင်သည် ၎င်း၏ဆုံးဖြတ်ချက် ကို ဖော်ပြခဲ့သည်။ ယင်းဆုံးဖြတ်ချက်က ဗြိတိန်ဝန်ကြီးချုပ် မေကို နံနက်စောစောလေယာဉ်ဖြင့် ဘရပ်ဆဲလ်သို့ သွားရောက်ကာ ကော်မရှင်ဥက္ကဋ္ဌ ဂျိမ်းကလော်ဒီဂျန်ကာနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့မှုကို ထုတ်ဖော်ကြေညာနိုင်မည့်ရလဒ်ကို ပေါ်ထွက်လာစေခဲ့သည်။

ဥရောပသမဂ္ဂ ခေါင်းဆောင် ဒေါ်နယ်တပ်စ်သည် သဘောတူစာချုပ်ကို ဝမ်းသာလှိုက်လှဲစွာကြိုဆိုခဲ့သည်။



သို့သော် လန်ဒန်သည် ဥရောပမှခွဲထွက်မှုအပြီးတွင် ဆက်ဆံရေးသစ်တစ်ရပ်နှင့်ပတ်သက်၍ ပိုမိုရှင်းလင်းပြတ်သားရန် လိုအပ်နေဦးမည်ဖြစ်ကြောင်းနှင့် ပထမအကျော့ဆွေးနွေးမှုများသည် အချိန်ကြာမြင့်နေဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခွဲထွက်ခြင်းသည် ခက်ခဲသည်ကို ကျွန်ုပ်တို့အားလုံးအသိပင်ဖြစ်ကြောင်း သို့သော် ခွဲထွက်ပြီးနောက်ဆက်ဆံရေးသစ်တစ်ရပ်ကိုပြန်လည် တည်ဆောက်ရန်မှာ ပို၍ပင် ခက်ခဲကြောင်း ဒေါ်နယ်တပ်စ်က ပြောကြားခဲ့သည်။

ဗြိတိန် အပြီးထွက်ခွာမည့် ၂၀၁၉ ခုနှစ်မတ်လ မတိုင်မီတွင် ဆွေးနွေးပွဲများ ပြုလုပ်ရန် တစ်နှစ်ခန့်သာကျန်ရှိတော့မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ လုံလောက်သည့် အောင်မြင်ဖြစ်ထွန်းမှုရရှိအောင် ဆွေးနွေးနိုင်ခဲ့ခြင်းက လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် ဥရောပသမဂ္ဂ ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကို ဆက်သွားစေနိုင်လိမ့်မည်ဖြစ်ကြောင်းကော်မရှင်က ပြောကြားခဲ့သည်။ **ရိုက်တာ**

# တတိယအကြိမ်မြောက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို မကြာမီကျင်းပမည်

**ပေကျင်း ဒီဇင်ဘာ ၈**

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ၏ တတိယအကြိမ်မြောက် အစည်းအဝေးကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တာ့လီမြို့၌ ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်း များတွင် ဖော်ပြသည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ခြောက်နိုင်ငံအကြား အိမ်နီးချင်းကောင်းနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရေး၊ ဒေသခွဲနိုင်ငံများ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး၊ လန်ချန်း-မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ နိုင်ငံများအကြား အနာဂတ်ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေး မျှဝေမှုရှိသော အသိုက်အဝန်းတစ်ခုတည်ထောင်ရေး၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုနှင့် ဒေသတွင်း ပေါင်းစည်းမှု တိုးမြှင့်ရေးအတွက် အထောက်အကူဖြစ်စေရန် ကတိပြုထားကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရိနှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ပရတ်ဆွတ်ဟွန်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Saleumxay Kommasith၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမူဒွင်နိုင်နှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး ဖန်ဘင်မင်းတို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုအစည်းအဝေး၌ ယခင်အစည်းအဝေးရလဒ်များ ခိုင်မာစေရန်၊ အနာဂတ်တိုးတက်ဖွံ့ဖြိုးရေး အမြင်ချင်းဖလှယ်ရန်၊ လာမည့်နှစ်တွင် ကျင်းပမည့် လန်ချန်း-မဲခေါင် ခေါင်းဆောင်များအစည်းအဝေးအတွက် ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှောင်က ပြောခဲ့သည်။ **ဆင်ဟွာ**

## အိုင်အက်စ်အဖွဲ့ ကလေးစစ်သား ၃၀၀ ထက်မနည်း လေ့ကျင့်ပေးခဲ့ကြောင်းသိရ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်းသည် ၎င်းတို့ ထိန်းချုပ်ထားရာ အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဂျောဇဂျန်ပြည်နယ်ရှိ ဒေသအချို့တွင် အစွန်းရောက်ဝါဒများကို ဖြန့်ဝေခဲ့ပြီး ကလေးစစ်သားပေါင်း ၃၀၀ ထက်မနည်း လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်အဖွဲ့သည် ၎င်းတို့ ထိန်းချုပ်ထားသည့် ဒေသများတွင် တပ်သားသစ်များစုဆောင်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ဆင်းရဲနွမ်းပါးသည့် ဒေသတွင်းရှိ ပြည်သူများက ၎င်းတို့၏ ကလေးများကို အိုင်အက်စ်အကြမ်းဖက်အဖွဲ့သို့ ပေးခဲ့ကြောင်း ဒေသတွင်းသတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

၎င်းတို့သည် ကလေးငယ်များအား အစွန်းရောက် ဝါဒများကို ပို့ချပေးခဲ့ကြောင်း သိရသည်။ ထို့အတူ ၂၀၁၄ ခုနှစ်ကုန်ပိုင်းမှစကာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ စိမ့်ဝင်လာခဲ့ပြီး အစိုးရထိန်းချုပ်မှုလျော့နည်းသည့် ဒေသများတွင် အစွန်းရောက်ဝါဒများကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

လတ်တလောတွင် နိုင်ငံအတွင်း အိုင်အက်စ်အကြမ်းဖက်သမား ၆၀၀မှ ၈၀၀ ခန့်အထိရှိကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံ အမျိုးသားလုံခြုံရေးတပ်ဖွဲ့က အိုင်အက်စ်အကြမ်းဖက်သမားများကို နှိမ်နင်းခဲ့သော်လည်း အချို့ဒေသများတွင် အိုင်အက်စ်အကြမ်းဖက်လှုပ်ရှားမှုများရှိနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန် အထက်တန်းကျောင်းတစ်ကျောင်း၌ ပစ်ခတ်မှု ဖြစ်ပွားရာ သုံးဦးသေဆုံး




**ဟူစတန် ဒီဇင်ဘာ ၈**

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း နယူးမက္ကဆီကိုပြည်နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ ယမန်နေ့က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ သေနတ်သမားအပါအဝင် လူသုံးဦးသေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။

သေနတ်ပစ်ခတ်မှုသည် နယူးမက္ကဆီကိုပြည်နယ် မြို့တော်အယ်လ်ဘူကွာကျူမြို့၏ အနောက်မြောက်ဘက် ၂၉၀ ကီလိုမီတာခန့်အကွာရှိ အက်ဇ်တက်အထက်တန်းကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေနတ်ပစ်ခတ်မှုတွင် ကျောင်းသားနှစ်ဦးနှင့် သေနတ်သမားတစ်ဦးတို့ အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့ကြောင်း နယူးမက္ကဆီကိုပြည်နယ် ရဲတပ်ဖွဲ့က ၎င်း၏ တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

လတ်တလောတွင် အခင်းဖြစ်ပွားရာ အထက်တန်းကျောင်းဝင်းအတွင်း လိုအပ်သော လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားကြောင်း သိရသည်။ ပစ်ခတ်မှုအတွင်း ဖြစ်ပွားနိုင်သော အခြားထိခိုက်မှုအခြေအနေနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က ချက်ချင်းသတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှုအတွင်း လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ သို့သော်လည်း သေဆုံးပုံနှင့် ပတ်သက်ပြီး အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

ဆန်ဂွါန်းခရိုင်ရဲမှူးရုံး၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော ဖေ့စ်ဘုတ်ခ်ပေါ်တွင် ပစ်ခတ်မှုဖြစ်ပွားသော အထက်တန်းကျောင်းကို ယခုအခါတွင် အောင်မြင်စွာထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။ **ဆင်ဟွာ**

# လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ တည်ထောင်ခြင်းကို ဂျော်ဒန်က အပြည့်အဝထောက်ခံ

**အမ်မန် ဒီဇင်ဘာ ၈**

အရှေ့ဂျေရုဆလင်ကို မြို့တော်အဖြစ်သတ်မှတ်ခြင်းနှင့်အတူ ပါလက်စတိုင်းတို့၏ လွတ်လပ်သော နိုင်ငံတည်ထောင်ခြင်းကို ဂျော်ဒန်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း ဂျော်ဒန်နိုင်ငံ ဘုရင်အဗ္ဗဒူလာ၂ က ယမန်နေ့တွင် ပြောခဲ့ကြောင်း နိုင်ငံပိုင် ပီထရာသတင်းဌာနတွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုလိုက်ခြင်းမှာ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာဥပဒေကြောင်းအရ သဘောတူညီချက်များကို ချိုးဖောက်ရာရောက်ကြောင်း စွပ်စွဲပြောကြားခဲ့သည်။

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဆောင်ကြဉ်းပေးရာတွင် ဂျေရုဆလင်တွင် နေထိုင်ကြသည့် မွတ်စလင်များ၊ အာရပ်များနှင့် ပါလက်စတိုင်းပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ရန် အာရပ်၊ အစ္စလာမ့်နိုင်ငံများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရန် လိုအပ်ကြောင်း ဂျော်ဒန်နိုင်ငံဘုရင် အဗ္ဗဒူလာ၂ က ပြောခဲ့သည်။



ထို့အတူ ၎င်းက အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ကမ္ဘာကြီးနှင့် ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေး အပါအဝင် အနာဂတ်ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ခြိမ်းခြောက်မှုဖြင့် ကြုံတွေ့လာနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

အမေရိကန်သမ္မတက အမေရိကန်နိုင်ငံအနေဖြင့် ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုကြောင်းနှင့် အစ္စရေးနိုင်ငံရှိ အမေရိကန်သံရုံးကို တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း အစောပိုင်းရက်က ထုတ်ဖော်ကြေညာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အေသင်၌ ကျောင်းသားတစ်ဦး အသတ်ခံခဲ့ရသည့် နှစ်ပတ်လည်နေ့ အဓိကရုဏ်းဖြစ်ပွား

**အေသင် ဒီဇင်ဘာ ၈**

အေသင်မြို့လယ်ကောင်တွင် အဓိကရုဏ်းဖြစ်ပွားမှုကို တားဆီးသည့် အင်အားစုများသည် ဗုဒ္ဓဟူးနေ့က ကျောင်းသားများသမဂ္ဂအဖွဲ့၊ လက်ဝဲယိမ်းပါတီဝင်များနှင့် ထူထောင်ရေးဆန့်ကျင်သည့် အုပ်စုများက စီစဉ်ခဲ့သည့် လူထုစုဝေးချီတက်မှုများစွာကို ဖြိုခွင်းမှုများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

အဓိကရုဏ်းဖြစ်ပွားမှုများသည် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က ရဲများ၏ ပစ်ခတ်မှုကြောင့် ဆယ်ကျော်သက်အရွယ် ကျောင်းသားတစ်ဦး သေဆုံးခဲ့ရသည့် ကိုးနှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခေါင်းစွပ်များကို စွပ်ထားကြသည့် ဆန္ဒပြစုဝေးသူများသည် အမှိုက်ပုံးများကို မီးရှို့ခဲ့ကြပြီး ပုံးများကို ပစ်သွင်းခဲ့ကြသည်။ ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုကို ထိန်းချုပ်သည့် ရဲများ ရှိရာသို့ အုတ်ခဲများဖြင့် ပစ်ခဲ့ကြသည်။

ရန်းရင်းဆန်ခတ်ဖြစ်ပွားမှု အများစုသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ရဲများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အသက် ၁၅ နှစ်အရွယ် ကျောင်းသား အလက်ဇန်ဒရို ဂရီဂေါ်ရိုပိုလော့စ် သေဆုံးခဲ့သည့် နေရာအနီးရှိ Exarchia ဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပစ်သတ်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်အား နောက်ဆုံးတွင် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။

**ဆင်ဟွာ**

### ရိုမေးနီးယား နောက်ဆုံးဘုရင် ကွယ်လွန်

**ဘူချာရတ်စ် ဒီဇင်ဘာ ၈**

ရိုမေးနီးယားဘုရင်ဟောင်း မီဟိုင်-၁ သည် ဆွစ်ဇာလန်နိုင်ငံရှိ အိမ်တော်တွင် နတ်ရွာစံ ကံတော်ကုန်သွားပြီဖြစ်ကြောင်း ရိုမေးနီးယား တော်ဝင်အိမ်တော်မှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ၎င်းသည် နတ်ရွာစံချိန်တွင် သက်တော် ၉၆ နှစ်ရှိပြီ ဖြစ်သည်။

၎င်း၏ ကျန်းမာရေးအခြေအနေသည် တိုးတက်ကောင်းမွန်ခြင်း မရှိကြောင်း တော်ဝင်အိမ်တော်မှ နိုဝင်ဘာ ၈ ရက်ကတည်းက ကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။ ၎င်းကွယ်လွန်ချိန်တွင် မင်းသမီး မာရီယာ ရှိနေခဲ့ကြောင်း သိရသည်။

၎င်း၏ တော်ဝင်ဈာပနအခမ်းအနားအသေးစိတ်အစီအစဉ်ကို အိမ်ရှေ့စံ မင်းသမီး မာဂရက်က မကြာမီ ကြေညာမည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ၁၉၂၇ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၁၉၃၀ ပြည့်နှစ် ဇွန်လ ၈ ရက်အထိ တစ်ကြိမ်၊ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာ ၆ ရက်မှ ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်အထိတစ်ကြိမ် ထီးနန်းစိုးစံခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# သမ္မတ ထရန့်လက်ထက် အမေရိကန်နှင့် ဥရောပနိုင်ငံများ ဆက်ဆံရေး အရောင်ပြောင်းလာ

**ချိုးစန္ဒီမွေး**



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သမ္မတဟောင်း အိုဘားမားလိုမဟုတ်၊ သဘောထားတင်းမာသူလည်း ဖြစ်တယ်။ အမေရိကန်သာ ပထမ ဦးစားပေးဆိုတဲ့ သူ့ရဲ့ ဆောင်ပုဒ်နဲ့အညီ တိုင်းပြည်ကို ခပ်တင်းတင်းပဲ ဦးဆောင်ခဲ့ပါတယ်။ သမ္မတထရန့်ဟာ စီးပွားရေးသမားတစ်ဦးပီပီ တခြားတခြားသော အရေးတွေထက် တိုင်းပြည်ရဲ့ စီးပွားရေးကို ပိုပြီး အလေးထားပါတယ်။ သူ သမ္မတဖြစ်လာပြီးနောက်ပိုင်း အပြောင်းအလဲတွေ အတော်လေးလုပ်လာပါတယ်။ ဒီတော့ သမ္မတထရန့်ခေတ်ကို ရောက်လာတဲ့အခါ ဥရောပကို ဦးဆောင်နေသူလို့ ယူဆရတဲ့ အင်အားကြီး ဂျာမနီနိုင်ငံဟာလည်း နိုင်ငံခြားရေးနဲ့ ပတ်သက်လာရင် အားကောင်းတဲ့ အခြေအနေမျိုး ရရှိလာအောင် နည်းလမ်းရှာဖွေရတော့မှာပဲဖြစ်တယ်။

ဂျာမနီနဲ့ ဥရောပဟာ ကိုယ့်အကျိုးစီးပွား မထိခိုက်အောင် ကာကွယ်ရတော့မှာဖြစ်ပြီး ပိုမိုလွတ်လပ်ပြီး ယုံကြည်မှုရှိတဲ့ နိုင်ငံခြားရေးမူဝါဒကို အသစ်စတင်ရတော့မှာပဲဖြစ်တယ်လို့ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ပြောလိုက်ပါတယ်။ ကုန်သွယ်ရေးကိစ္စတွေနဲ့ အီရန်နိုင်ငံရဲ့ အရေးကိစ္စတွေအပါအဝင် အခြားသောကိစ္စတွေမှာ အမေရိကန်နဲ့ ထိပ်တိုက်ရင်ဆိုင်နိုင်ဖို့ သဘောထားတွေ တောင်းခံခဲ့ပါတယ်။ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဟာ ဘရပ်ဆဲလ်ကို ခရီးမထွက်ခင် ဘာလင်မြို့မှာ ရှိနေစဉ်မှာပဲ နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်ပြီး အခုလို ပြောကြားခဲ့တာဖြစ်တယ်။ ဘရပ်ဆဲလ်မှာ ပြုလုပ်ခဲ့တဲ့ အစည်းအဝေးကိုတော့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်လည်း တက်ရောက်ခဲ့ပါတယ်။ အဲဒီ အစည်းအဝေးမှာတော့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟာ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ သဘောတူချုပ်ဆိုထားတဲ့ ကုန်သွယ်ရေးမြှင့်တင်ရေးနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို အမေရိကန်က ဆက်လက် သဘောတူဖော်ဆောင်နေဆဲဆိုတာ ဥရောပက ခေါင်းဆောင်တွေ ယုံကြည်အောင် ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့်လည်း ဥရောပခေါင်းဆောင်တွေကတော့ သူ့ကို အေးစက်စက်ပဲ ကြိုဆိုခဲ့ကြပါတယ်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး မစ္စတာဂါဘရီရယ်ကတော့ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့ရပ်တည်ချက်ကို ခိုင်ခိုင်မာမာရှိဖို့ လုပ်ရမယ်။ လိုအပ်ရင် မိတ်ဖက်အဖြစ်ကလည်း နောက်ဆုတ်သင့်ရင် နောက်ဆုတ်ရမယ်လို့ ပြောခဲ့ပါတယ်။ ထရန့်ရဲ့ အစိုးရအဖွဲ့ဟာ အရင်အစိုးရအဖွဲ့တွေလို မဟုတ်ပါဘူး။ တခြားနိုင်ငံတွေကို အမေရိကန်ရဲ့ပြိုင်ဘက်တွေလို့ပဲ ရှုမြင်ပါတယ်။ ဒီတော့ စီးပွားရေးဆိုင်ရာ ပြိုင်ဆိုင်မှုတွေမှာ ဥရောပဟာ အမေရိကန်ရဲ့ ရန်သူဖြစ်လာနိုင်တယ်လို့ အမေရိကန်ဘက်က ယူဆကောင်း ယူဆနိုင်တယ်လို့ မစ္စတာဂါဘရီရယ်က တုံ့ပြန်ပြောကြားခဲ့ပါတယ်။

ဒါဆိုရင် အမေရိကန်နဲ့ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေဟာ စီးပွားရေးအရ မိတ်ဖက်တွေမဟုတ်တော့ဘဲ ပြိုင်ဘက်နိုင်ငံတွေ ဖြစ်လာကြတော့မှာလား။ တကယ့်ကို စိတ်ဝင်စားစရာကောင်းတဲ့ အချက်တွေပါပဲ။ လွန်ခဲ့တဲ့ နှစ်များကကတော့ ဂျော့စီမာရှယ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့အခန်းကဏ္ဍကို ဥရောပရဲ့ လုံခြုံရေးနဲ့ စီးပွားရေးကို ကာကွယ်သူအဖြစ် တည်ထောင်ခဲ့ပါတယ်။ ဒါတွေဟာ အခုအချိန်မှာတော့ ပျက်သုဉ်းဖို့လမ်းစ မြင်နေရပြီလား။ သေချာတာကတော့ သမ္မတထရန့်ရဲ့ လက်ထက်မှာတော့ ဂျာမနီကို အထူးနိုင်ငံ တစ်နိုင်ငံအဖြစ် ရှုမြင်ခြင်း မရှိတော့ဘူးဆိုတာပါပဲ။ မစ္စတာဂါဘရီရယ်၊ ပြင်သစ်သမ္မတ မာကွန်တို့အပါအဝင် အခြားကမ္ဘာ့ခေါင်းဆောင်တွေဟာ ဂျေရုဆလင်မြို့ သတ်မှတ်မှုနဲ့ပတ်သက်ပြီး အရှေ့အလယ်ပိုင်းဒေသရဲ့ ငြိမ်းချမ်းရေးကို ထိခိုက်နိုင်တယ်လို့ သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဂျေရုဆလင်မြို့နဲ့ ပတ်သက်ပြီး အကောင်းဆုံးအဖြေရှာဖို့ကတော့ ပါလက်စတိုင်းနဲ့ အစ္စရေး နှစ်ဖက်တိုက်ရိုက် ညှိနှိုင်းဖို့ပဲဖြစ်တယ်လို့ ဝိုင်းဝန်း သတိပေးခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ထရန့်ရဲ့ ထုံးစံကတော့ ဘယ်သူ့ရဲ့ သတိပေးမှုပဲဖြစ်ဖြစ် ဂရုစိုက်လေ့ မရှိတာပါဘဲ။

သမ္မတထရန့်ဟာ နေတိုးအဖွဲ့အပေါ် ထောက်ပံ့မှုနဲ့ ပတ်သက်ပြီး အခြားအဖွဲ့ဝင်နိုင်ငံတွေရဲ့ ဘဏ္ဍာရေးထောက်ပံ့မှုပေါ် မူတည်ပြီး အခြေအနေအရ ဆောင်ရွက်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေနဲ့ ကြုံတွေ့ရပြီးတဲ့ နောက်မှာတော့ ဂျာမနီဟာ Trans- Atlantic စာချုပ်နဲ့ ပတ်သက်ပြီး အမေရိကန်အပေါ်မှာ သံသယထားလာပါတယ်။ အမေရိကန်နဲ့ ဆက်ဆံရေးကိုလည်း စိန်ခေါ်မှုတွေနဲ့ ပြည့်နှက်နေတဲ့ နိုင်ငံခြားရေးမူဝါဒအဖြစ် ဂျာမန်အများစုက မြင်လာကြပါတယ်။ မြောက်ကိုရီးယားနဲ့ အီရန်တို့ထက်တောင် အမေရိကန်နဲ့ ဆက်ဆံရေးကို ပိုပြီး အာရုံစိုက်တယ်လို့ စစ်တမ်းကောက်ယူမှုတွေအရ သိရပါတယ်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ဟာလည်း ဂျာမန်ပြည်သူတွေအနေနဲ့ ကိုယ့်ရဲ့ အနာဂတ်အတွက် ကိုယ်တိုင်ပုံဖော်ကြိုးစားကြဖို့၊ ကိုယ်တိုင်တိုက်ပွဲဝင်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါဟာ အရင်ကလောက် အမေရိကန်ကို အားမကိုးဘူးဆိုတဲ့ သဘောပါပဲ။ ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ပြောသွားခဲ့တဲ့ စကားတွေအရဆိုရင် အမေရိကန်နဲ့ ဥရောပအကြား သွေးကွဲမှုတွေ ရှိလာပြီလားဆိုတာ သံသယဝင်ဖို့ ကောင်းလာပါတယ်။ အမေရိကန်ကသာ နောက်ဆုတ်သွားရင် ဥရောပရဲ့လစ်ဟာသွားတဲ့နေရာမှာ ဘယ်သူက ဖြည့်ပေးမှာလဲ။ အရှေ့အလယ်ပိုင်းမှာ ရုရှားက ပါဝင်ပတ်သက်ခဲ့ပြီး အာဖရိကမှာတော့ တရုတ်က ဖြည့်ဆည်းပေးခဲ့တယ်လို့ မစ္စတာဂါဘရီရယ်က ဆိုပါတယ်။

ဥရောပဟာ ချမ်းသာပေမယ့် အားနည်းမှုတွေလည်းရှိတယ်လို့ ကမ္ဘာ့နိုင်ငံတွေက မြင်ကြပါတယ်။ ဂျာမနီနိုင်ငံဟာလည်း ဥရောပမှာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတစ်ခုပါပဲ။ ဒါပေမယ့် လတ်တလောမှာတော့ ဂျာမနီမှာလည်း နိုင်ငံရေး အကျပ်အတည်းတွေ ဖြစ်ပေါ်နေပါတယ်။ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ အိန်ဂျလာမာကယ်က ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒီတော့ နောက်ထပ်တစ်ကြိမ် ရွေးကောက်ပွဲပြုလုပ်ဖို့ ဖိအားပေးမှုတွေ ရှိလာပါတယ်။ အိန်ဂျလာမာကယ်ကတော့ ဒါတွေကို အပြတ်ငြင်းထားပါတယ်။ ဒါပေမယ့်လည်း နိုင်ငံအတွင်းမှာ အိန်ဂျလာမာကယ်ရဲ့ ပါဝါကျဆင်းလာတာကတော့ ငြင်းလို့မရပါဘူး။ အခုအခါမှာလည်း မစ္စတာဂါဘရီရယ်က အိန်ဂျလာမာကယ်အစား စကားပြောပေးနေတာလားဆိုတာတော့ မသဲကွဲပါဘူး။ ဂျာမနီမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေ ရှိနေပေမယ့် မစ္စတာဂါဘရီရယ်ကတော့ အိန်ဂျလာမာကယ်ရဲ့ အစိုးရအဖွဲ့မှာ ထိပ်တန်း သံတမန်တစ်ဦးအဖြစ် ရပ်တည်ဆဲပါ။

အိန်ဂျလာမာကယ်ကတော့ ဆိုရှယ်ဒီမိုကရက်ပါတီနဲ့ ပူးပေါင်းနိုင်ဖို့အရေး နည်းလမ်းတွေ ရှာဖွေဆဲပါပဲ။ ဆိုရှယ်ဒီမိုကရက်ပါတီဟာ သူရဲ့ နိုင်ငံရေး မိတ်ဖက်အဖြစ် လေးနှစ်တိုင်တိုင် ရပ်တည်ခဲ့ပြီး အခြားညွန့်ပေါင်းအစိုးရအဖွဲ့မှာလည်း ပါဝင်ခြင်းမရှိပါဘူးလို့ ကတိပေးထားတဲ့ အဖွဲ့လည်းဖြစ်တယ်။

လွန်ခဲ့တဲ့ သီတင်းပတ်တွေတုန်းကတော့ ဘာလင်မှာရှိတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေဟာ ဥရောပရဲ့ ခေါင်းဆောင်ပိုင်း လိုအပ်ချက်ကို ထောက်ပြပြီး ဆိုရှယ်ဒီမိုကရက်အဖွဲ့ကို ညွန့်ပေါင်းအစိုးရအဖွဲ့မှာ ပါဝင်ဖို့ တိုက်တွန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ယခုသီတင်းပတ်အတွင်းမှာပဲ ဆိုရှယ်ဒီမိုကရက်ပါတီဟာ ပါတီအတွင်း အစည်းအဝေးပြုလုပ်မှာဖြစ်ပြီး အဲဒီအစည်းအဝေးမှာ အိန်ဂျလာမာကယ်ရဲ့အစိုးရအဖွဲ့နဲ့ ညွန့်ပေါင်းဖွဲ့သင့် မဖွဲ့သင့်ဆုံးဖြတ်မှုတွေ ပြုလုပ်မှာပဲဖြစ်တယ်။ အိန်ဂျလာမာကယ်ရဲ့ အရှိန်အဝါနဲ့ ဂျာမနီဟာ ဥရောပမှာရော၊ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာပါ ထင်ပေါ်နေတာပဲဖြစ်တယ်။

ဂျာမနီမှာ အိန်ဂျလာမာကယ်သာ အာဏာမဲ့သွားရင် ဥရောပ ခေါင်းဆောင်ပိုင်းမှာ အားနည်းမှုတွေ ရှိလာနိုင်ပါတယ်။ ဂျာမနီနိုင်ငံသားတွေ ကိုယ်တိုင်ကရော ဂျာမနီဟာ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ထင်ပေါ်သင့် မသင့် ဝေခွဲမရဘူး ဖြစ်နေတာကို စစ်တမ်းကောက်ယူမှုတွေအရ သိရပါတယ်။ ၅၂ ရာခိုင်နှုန်းသော ပြည်သူတွေကတော့ ဂျာမနီကို ကမ္ဘာ့အရေးကိစ္စတွေမှာ ပါဝင်သင့်တယ်လို့ စစ်တမ်းကောက်ယူမှုအရ သိရပါတယ်။ ယခုနှစ်အစောပိုင်းက ကောက်ယူထားတဲ့ စစ်တမ်းတွေအရတော့ ဂျာမနီဟာ နေတိုးမဟာမိတ်နိုင်ငံတွေကို ကာကွယ်ဖို့ရာ စစ်ရေးအရ အထောက်အပံ့တွေ မပေးသင့်ဘူးလို့ ပြည်သူ ၅၃ ရာခိုင်နှုန်းက ဖြေဆိုထားကြပါတယ်။

အခုအချိန်မှာ အမေရိကန်က သူ့ရဲ့ အကျိုးစီးပွားကိုပဲ အဓိကဦးစားပေး ဆောင်ရွက်လာပါတယ်။ နေတိုးတပ်ဖွဲ့အပါအဝင် အခြားသောကိစ္စတွေမှာ အမေရိကန်ရဲ့ စီးပွားရေးကို ထိခိုက်မယ်လို့ ယူဆရင် ဝင်မပါဘဲ လက်ရှောင်လာပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူစာချုပ်မှာလည်း ဒီလိုပါပဲ။ သမ္မတထရန့်အတွက်ကတော့ အမေရိကန်သာလျှင် သူ့ရဲ့ ပထမဦးစားပေးပါ။ ဒီတော့ သမ္မတ ထရန့်ရဲ့ ခေတ်မှာ ဂျာမနီနဲ့ ဥရောပနိုင်ငံတွေဟာ အရင်လို အမေရိကန်ကို အားကိုးနေလို့ မရပါဘူး။ နိုင်ငံတကာအလယ်မှာ အင်အားကောင်းကောင်းနဲ့ ရပ်တည်နိုင်ဖို့ နည်းလမ်းတွေ ရှာဖွေဖို့ လိုအပ်လာပြီပဲ ဖြစ်ပါတယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

> “ဂျေရုဆလင်မြို့နဲ့ ပတ်သက်ပြီး အကောင်းဆုံးအဖြေရှာဖို့ကတော့ ပါလက်စတိုင်းနဲ့ အစ္စရေး နှစ်ဖက်တိုက်ရိုက် ညှိနှိုင်းဖို့ပဲဖြစ်တယ်လို့ ဝိုင်းဝန်း သတိပေးခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ထရန့်ရဲ့ ထုံးစံကတော့ ဘယ်သူ့ရဲ့ သတိပေးမှုပဲဖြစ်ဖြစ် ဂရုစိုက်လေ့ မရှိတာပါဘဲ”

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

**အခန်း (၄)**

**ဤဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း**

**ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်သည့်နည်းလမ်း**

၆။ (က) တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊သင်းဖွဲ့ဆောင်ရွက်ကြသူများကသော်လည်းကောင်းကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ရန်နှင့် မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားတင်ပြနိုင်သည် -

(၁) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့ထည့်ဝင်ထားသည့် အစုများအတွက် ပေးချေရန် ကျန်ငွေတစ်စုံတစ်ရာရှိလျှင် ၎င်းအရေအတွက်အထိ ကန့်သတ်ထားသည့် ကုမ္ပဏီ သို့မဟုတ်

(၂) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏တာဝန်ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းကုမ္ပဏီဖျက်သိမ်းသည့်အခါ ၎င်းကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအဖြစ် ကူဝင်ထောက်ပံ့ရန် အသီးသီး တာဝန်ခံကြသည့် ငွေပမာဏအထိ ကန့်သတ်ထားသည့် ကုမ္ပဏီ သို့မဟုတ်

(၃) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို တစ်စုံတစ်ရာ ကန့်သတ်မထားသည့် ကုမ္ပဏီ။

(ခ) ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် တင်ပြရမည်ဖြစ်ပြီး အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(၁) အဆိုပြုတင်ပြသော ကုမ္ပဏီ၏အမည်၊

(၂) အဆိုပြုတင်ပြသော ကုမ္ပဏီအမျိုးအစား၊

(၃) လျှောက်ထားသူတစ်ဦးစီ၏ အမည်အပြည့်အစုံနှင့် လိပ်စာ၊

(၄) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးများ၏အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့်လိပ်စာ၊

(၅) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့မှ စာဖြင့် ရေးသားထားသည့် သဘောတူညီချက်၊

(၆) အခြားအကြောင်းကြားစာဖြင့် တင်ပြခြင်းမရှိလျှင် အဆိုပြုတင်ပြသော ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊ အဆိုပါ လိပ်စာကို အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ပို့ဆောင်ဆက်သွယ်နိုင်သည့် လိပ်စာဖြစ်ရန် သတ်မှတ်ရမည်။

(၇) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့်ကွဲလွဲခဲ့လျှင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်သည့် နေရာလိပ်စာ၊

(၈) အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ၊ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် -

(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အမည် အပြည့်အစုံနှင့် လိပ်စာ၊

(ခခ) အဆိုပြုတင်ပြသောကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့သည်ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ်လည်းကောင်း၊ ၎င်းတို့အတွက် အချိုးကျသတ်မှတ်ပေးထားသည့် အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ကြမည်ကိုလည်းကောင်း စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်မည့်သူတစ်ဦးစီသို့ ထုတ်ဝေမည့်အစုရှယ်ယာ အရေအတွက်နှင့် အမျိုးအစား၊

(ဃဃ) ကုမ္ပဏီ၏အစုရှယ်ယာ မတည်ငွေရင်းကို ဖော်ပြမည့်ငွေကြေး၊

(ငင) အစုရှယ်ယာတစ်ခုစီအတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ၊

(စစ) မှတ်ပုံတင်သည့်အချိန်တွင် အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေပြီးခြင်း ရှိမရှိ ဖော်ပြချက်၊

(ဆဆ) အဆိုပြုတင်ပြသောကုမ္ပဏီသည် မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခု ရှိ မရှိ ဖော်ပြချက်၊

(ဇဇ) အဆိုပြုတင်ပြသော ကုမ္ပဏီသည်ဖွဲ့စည်းတည်ထောင်သည့်အချိန်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုဟုတ်မဟုတ် ဖော်ပြချက်။

(၉) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အမည်အပြည့်အစုံနှင့် လိပ်စာ၊

(ခခ) အဆိုပြုတင်ပြသောကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့သည်ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ် စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက သဘောတူ၍ ထည့်ဝင်မည့် အဆိုပြုတင်ပြသော အာမခံပမာဏ၊

(ဃဃ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင်-

(၁) ထုတ်ဝေမည့် အစုရှယ်ယာအရေအတွက်နှင့် အမျိုးအစား၊

(၂) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဖော်ပြမည့်ငွေကြေး၊

(၃) အစုရှယ်ယာတစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ၊

(၄) မှတ်ပုံတင်သည့်အချိန်တွင် အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေပြီးခြင်း ရှိ မရှိ။

(ဂ) မှတ်ပုံတင်ဆောင်ရွက်ခြင်းအတွက် တင်ပြသည့်လျှောက်လွှာသည်-

(၁) လျှောက်ထားသူတစ်ဦးစီက လက်မှတ်ရေးထိုးပြီးဖြစ်ရမည်။

(၂) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များအားလုံးသည် မှန်ကန်ကြောင်း လျှောက်ထားသူတစ်ဦးစီက တာဝန်ယူထုတ်ဖော်ကြေညာချက်တစ်ရပ် ပါရှိရမည်။ ၎င်းအပြင်

(၃) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုံစံနှင့် များစွာခြားနားမှုရှိသော ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတစ်ရပ်ကို အသုံးပြုရန် ကုမ္ပဏီက တင်ပြလာသည့်အခါ အနည်းဆုံးလျှောက်ထားတင်ပြသူတစ်ဦးက မှန်ကန်ကြောင်း အတည်ပြုထားသည့် အဆိုပြုကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူ တစ်စောင်အား ပူးတွဲတင်ပြပါရှိရမည် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုံစံကို ကုမ္ပဏီကအသုံးပြုရန် ရည်ရွယ်ကြောင်းဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်တစ်စောင်ကို တင်ပြရမည်။

(ဃ) လျှောက်လွှာတင်သွင်းသည့်အခါတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရမည်။

(င) လျှောက်ထားသူသည် လျှောက်လွှာမူရင်းကွဲများနှင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများအားလုံးကို ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၅)၊ (၈) နှင့် (၉) တို့တွင် ရည်ညွှန်းဖော်ပြထားသည့် သဘောတူညီချက်မူရင်းများနှင့်အတူ သိမ်းဆည်းထားရမည်။ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်အခါ ထိုစာရွက်စာတမ်းများအား ကုမ္ပဏီထံသို့ပေးအပ်၍ ကုမ္ပဏီ၏ မှတ်တမ်းများအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိရမည်။

၇။ ပုဒ်မ ၆ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက်များအား မမှန်မကန်တင်ပြခဲ့ပါက ယင်းအတွက် ဒဏ်ကြေးငွေကျပ် ၂၅ သိန်းကို ပေးဆောင်ရမည်။

**မှတ်ပုံတင်ခြင်း**

၈။ (က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်တင်ပြလာသည့် လျှောက်လွှာတစ်စောင်အား လက်ခံရရှိသည့်အခါ လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်လျက်-

(၁) လျှောက်လွှာအား မှတ်ပုံတင်ရမည်။ ၎င်းအပြင်

(၂) အောက်ပါ အချက်များကို ဖော်ပြလျက် ကုမ္ပဏီဖွဲ့စည်း တည်ထောင်မှု သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည်-

(ကက) ကုမ္ပဏီ၏အမည်၊

(ခခ) ကုမ္ပဏီအမျိုးအစား၊

(ဂဂ) ကုမ္ပဏီသည် ဤဥပဒေအရ ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားကြောင်း၊

(ဃဃ) မှတ်ပုံတင်သည့်နေ့၊

(ငင) သတ်မှတ်ဖော်ပြထားသည့် အခြားအကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာအုပ်အား ထိန်းသိမ်းထားရှိရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အတိုင်း လိုအပ်သော စာရွက်စာတမ်းများမှအပ အခြားစာရွက်စာတမ်းများကို တောင်းဆိုခြင်း မပြုရ။

**မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု**

၉။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီမှတ်ပုံတင်သည့်နေ့ရက်မှစတင်၍ လျှောက်လွှာတွင် အမည်စာရင်းတင်ပြခဲ့သည့်ကုမ္ပဏီတွင် ပါဝင်မည့်သူများသည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင်ပါရှိသည့်အမည်ဖြင့် သီးခြားဥပဒေဆိုင်ရာ အရည်အချင်းရှိသည့် ကုမ္ပဏီတွင်ပါဝင်သူများ ဖြစ်ရမည်။ ဤဥပဒေ၏ ပုဒ်မ ၅ သို့မဟုတ် အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်က ကန့်သတ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီသည် ယင်း၏လုပ်ငန်းတာဝန်များ အားလုံးကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်အပြင် အစဉ်အဆက် ဆက်ခံဆောင်ရွက်ခွင့်ရှိရမည်။

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်၏ ပြည့်စုံခိုင်လုံမှုရှိခြင်း**

၁၀။ ပုဒ်မ ၈ အရ မှတ်ပုံတင်အရာရှိမှ ထုတ်ပေးသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်သည် ဤဥပဒေအရ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များအားလုံးကို ပြည့်စုံစွာလိုက်နာဆောင်ရွက်ပြီးဖြစ်၍ ထိုသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကုမ္ပဏီသည် ဤဥပဒေအရ တရားဝင်မှတ်ပုံတင် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း ပြည့်စုံခိုင်လုံသည့် သက်သေခံအထောက်အထားဖြစ်သည်။

**အခန်း (၅)**

**ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း**

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတွက် လိုအပ်ချက်များနှင့် ယင်း၏ အကျိုးသက်ရောက်မှု**

၁၁။ (က) ကုမ္ပဏီတစ်ခုစီတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု ရှိရမည်ဖြစ်ပြီး ယင်း၏ စည်းကမ်းချက်များအရ ကုမ္ပဏီနှင့် ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့ တစ်ဦးစီက အသီးသီး ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသကဲ့သို့ ၎င်းတို့အပေါ်တွင် စည်းနှောင်မှုရှိသည်။ ထိုဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၌ပါဝင်သူတစ်ဦးစီနှင့် ၎င်းတို့၏ ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များကို လိုက်နာရမည့် သဘောတူညီချက်တစ်ရပ် ဖြစ်သည်။

(ခ) ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ဒါရိုက်တာတစ်ဦးစီနှင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီတို့သည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤဥပဒေနှင့်အညီ ပြင်ဆင်ဖော်ပြထားသည်မှတစ်ပါး ဤဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည့် အခွင့်အရေးများ၊ အခွင့်အာဏာများ၊ တာဝန်များနှင့် ဝတ္တရားများရှိသည်။

(ဂ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန်အတွက် တင်ပြသည့် လျှောက်လွှာတွင် အမည်စာရင်း ဖော်ပြပါရှိသည့်ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီနှင့် နောက်ပိုင်း၌ ကုမ္ပဏီတွင်ပါဝင်မည့်သူများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား လိုက်နာဆောင်ရွက်ကြမည်ဖြစ်ကြောင်း မှတ်ယူရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီသို့ ပေးသွင်းရမည့် ငွေအားလုံးကို ၎င်းတို့မှ ကုမ္ပဏီသို့ပေးချေရမည့် အကြွေးတစ်ရပ်ကဲ့သို့ ဖြစ်စေရမည်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

၁၂။ (က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်းဖော်ပြရန်အတွက် ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့်ကိစ္စရပ်များနှင့် ကုမ္ပဏီမှ ထည့်သွင်းဖော်ပြလိုသော အခြားကိစ္စရပ်များပါရှိနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤဥပဒေနှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသောအပိုင်းများသည် အကျိုးသက်ရောက်ခြင်းရှိမည်မဟုတ်။

(ခ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် သတ်မှတ်နိုင်သည်။

(ဂ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းကို နိုင်ငံတော်အတွင်း၌ တည်ရှိကြောင်း ဖော်ပြရမည်။

(ဃ) ပုဒ်မခွဲ(င)နှင့်အညီ တည်ဆဲကုမ္ပဏီတစ်ခု၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အခြားသော ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ စာရွက်စာတမ်းများသည် ဤဥပဒေ စတင်အာဏာသက်ရောက်ပြီးနောက်ပိုင်းတွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကဲ့သို့ အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤဥပဒေနှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသော အပိုင်းများသည် အကျိုးသက်ရောက်ခြင်းရှိမည်မဟုတ်။

(င) တည်ဆဲကုမ္ပဏီတစ်ခု၏ ယခင်သင်းဖွဲ့စည်းမျဉ်းတွင် အတိအလင်းဖော်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် ကုမ္ပဏီတွင် ပါဝင်သူများက မဲပေးဆုံးဖြတ်၍ ပယ်ဖျက်ခြင်းမပြုခဲ့လျှင် ကူးပြောင်းကာလကုန်ဆုံးသည်အထိ ဆက်လက်အသုံးပြုနိုင်သည်။ ကုမ္ပဏီ၏ အဆိုပါရည်ရွယ်ချက်များအား ဆက်လက်ထားရှိမည်ဖြစ်သည်ဟု ကုမ္ပဏီမှ အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးကြောင်းကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသည့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ကုမ္ပဏီ၏ရည်ရွယ်ချက်များကို အဆိုပါကူးပြောင်းကာလကုန်ဆုံးပြီးနောက် ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဤပုဒ်မခွဲသည် ပုဒ်မ ၂၉ အား ထိခိုက်စေခြင်း မရှိစေရ။

**(ဆက်လက်ဖော်ပြပါမည်)**

## ငါ့သရောက်မြို့တွင် ပျားရည်ဈေးကောင်း၍ ပျားအုံရှာဖွေရောင်းချသူများ လုပ်ငန်းအဆင်ပြေ

**ငါ့သရောက် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့၌ ယခုကဲ့သို့ ဆောင်းရာသီကာလများတွင် ဒေသခံပြည်သူများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိစေရန် ပျားအုံများကိုရှာဖွေပြီး ပျားရည် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လေ့ရှိကြရာ ယခုနှစ်တွင် ငါ့သရောက်မြို့၌ ပျားရည်ဈေးကောင်းနေ၍ ပျားရည်ရှာရောင်းသူအချို့အနေဖြင့် အဆင်ပြေနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ ဒေသခံပြည်သူအချို့က ယခုလို ဆောင်းရာသီကာလတွေမှာ ပျားအုံတွေရှိပြီး ပျားရည်ရောင်းချတာ လုပ်ကိုင်ကြလေ့ရှိပါတယ်၊ ယခု ရာသီပေါ်တဲ့ ပျားရည်က ထန်းလျက်ပေါ်တဲ့ရာသီမဟုတ်တာကြောင့် ပျားရည်စစ်စစ် ထွက်ရှိတဲ့အချိန်လည်းဖြစ်ပါတယ်၊ ပျားရည်စစ်တဲ့အတွက် အမှတ်တရ လက်ဆောင်ဝယ်ပေးချင်ကြသူတွေ၊ ဆေးဖက်ဝင်အဖြစ် မှီဝဲချင်တဲ့သူတွေက ဝယ်ယူအားပေးကြတာများလို့ ရှာဖွေလို့ရသမျှ ပျားရည်ကလည်း ရောင်းကောင်းကြပါတယ်၊ ရွာမှာ ပျားရည်ဈေးက လေးဆယ်ကျပ်သား တစ်ပုလင်းကို ၄၅၀၀ လောက် ရောင်းချရပါတယ်၊ အခုလို ပျားရည်ဈေးကောင်းတဲ့အတွက် ပျားရည်ရှာဖွေရောင်းချတဲ့သူတွေ နေ့စဉ် မိသားစု အပိုဝင်ငွေရရှိပြီး တွက်ခြေကိုက်နေကြပါတယ်"ဟု ငါ့သရောက်မြို့ပြူကြီးကျေးရွာမှ ပျားအုံရှာ၍ ပျားရည်ရောင်းသည့် ဒေသခံတစ်ဦးက ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ပြည်တွင်း၌ ပဲစားသုံးမှုမြင့်တင်ရေး အခမ်းအနားနှင့် ပဲမျိုးစုံလှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္တိကျေးရွာအုပ်စု မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)၌ ပြည်တွင်းပဲစားသုံးမှုမြင့်တင်ရေး အခမ်းအနားနှင့် ပဲမျိုးစုံလှူဒါန်းပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ရန် ပဲထုတ်ကုန်များနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မေခင်သန်းက ပဲစားသုံးခြင်းမှရရှိနိုင်သည့် အာဟာရများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။



ထို့နောက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက မတ်ပဲ အိတ် ၂၀၊ ပဲတီစိမ်း အိတ် ၂၀ နှင့် ပဲစင်းငုံ အိတ် ၂၀ တို့ကို မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ပဲမျိုးစုံနှင့် ပဲထုတ်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုပြီး စမတောင်လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှ ကလေးများအား ပဲထမင်း၊ ပဲဟင်းလျာများဖြင့် နေ့လယ်စာကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

## ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် တွံတေး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**တွံတေး ဒီဇင်ဘာ ၈**

ရန်ကုန်တောင်ပိုင်းခရိုင်ရှိ တွံတေး၊ ဒလနှင့် သန်လျင် သုံးမြို့နယ်စုပေါင်း၍ ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို တွံတေးမြို့ မြို့မဘောလုံးကွင်း၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ သုံးရက်ကြာ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် စတင်ကျင်းပမည့် ဒီဇင်ဘာ ၁၆ ရက်မှ စတင်ကာ ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု ဖက်ရှင်ရှိုးပြိုင်ပွဲများ၊ ရိုးရာပြခန်းများ၊ ကရင်ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် ညပိုင်းတွင် ကရင်ရိုးရာ ဒုံးအကများ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ကရင်တိုင်းရင်းသားရိုးရာဓလေ့များ ပြန်လည်ဖော်ထုတ်ခြင်း၊ မျက်မမြင်တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း၊ နှစ်သစ်ကူးအလံတင်အခမ်းအနား ကျင်းပခြင်းနှင့် The Cruz Music Band ဖြင့် ကရင်တိုင်းရင်းသား နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေခြင်း အစီအစဉ်များ ဖြင့် တွံတေး၊ ဒလ၊ သန်လျင် သုံးမြို့နယ်စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ကရင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့များ မပျောက်ကွယ်စေရေး၊ ကရင်စာပေ ပိုမိုထွန်းကားလာစေရေး၊ အနာဂတ် ကရင်အဆက်အနွယ် လူငယ်များအနေဖြင့် ကရင်ရိုးရာယဉ်ကျေးမှုများကို မြတ်နိုးစွာဖြင့် ထိန်းသိမ်းမြှင့်တင်နိုင်စေရေးနှင့် ရန်ကုန်တောင်ပိုင်းခရိုင် နယ်နိမိတ်အတွင်း စုစည်းညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုံ စည်းလုံးညီညွတ်ရေးတို့ကို ရှေးရှု၍ ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။ **မျိုးလှိုင် (တွံတေး)**

## နွားကောင်ရေ ၉၀၀၀ ခန့်ကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများထိုးပေး

**မလှိုင် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၆ ရွာမှ ပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများအား ခွာနာလျှာနာရောဂါကာကွယ်ဆေးများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ တတိယအကြိမ်မြောက် ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အဆိုပါကာကွယ်ဆေးထိုးလုပ်ငန်းကို ရောဂါဖြစ်ပွားနိုင်ခြေများသော ဒေသများ(Hotspots) နှင့် ရောဂါပျံ့နှံ့မှုအတွက် အရေးကြီးသော ဒေသများတွင် ကွက်ပြည့်ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်စေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ခွာနာလျှာနာ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် မေလက ပထမအကြိမ် ထိုးနှံပေးပြီး ကာကွယ်ဆေးထိုးပြီးတဲ့ နွားများကို နားရွက်အမှတ်အသားများ တပ်ဆင်ပေးခဲ့ပါတယ်၊ တစ်လပြည့်တဲ့ ဇွန်လမှာ ဆေးထိုးပြီး နားရွက်အမှတ်အသားတပ်ဆင်ခဲ့တဲ့ နွားများကို အားဖြည့်ကာကွယ်ဆေးအဖြစ် ဒုတိယအကြိမ်ထိုးနှံပေးခဲ့ပါတယ်၊ ယနေ့ အပြီးသတ်ထိုးနှံပေးခြင်းက တတိယအကြိမ်ဖြစ်ပြီး နောက်ထပ် ခြောက်လလျှင်တစ်ကြိမ်နှုန်းဖြင့် ၂၀၂၀ ပြည့်နှစ်အထိ ကာကွယ်ဆေးများ ထိုးနှံပေးသွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာအေးကိုက ရှင်းပြသည်။

မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ကျေးရွာပေါင်း ၃၆ ရွာတွင်ရှိသော နွားကောင်ရေ ၉၀၀၀ ခန့်ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာအေးကို ဦးဆောင်၍ ကျေးလက်အခြေခံ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ၏ အကူအညီဖြင့် အဖွဲ့ သုံးဖွဲ့ခွဲကာ နိုဝင်ဘာ ၂၅ ရက်မှစ၍ ကျေးရွာများသို့ ကွင်းဆင်းထိုးနှံပေးခဲ့ရာ ဒီဇင်ဘာ ၆ ရက်တွင် အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

**အောင်ငွေ(မလှိုင်)**



## မြဝတီမြို့နယ်၌ ကုန်စုံဆိုင်လုပ်ငန်းရှင်များအား အထူးကုန်စည်ခွန်ဥပဒေအကြောင်း ပညာပေးရှင်းလင်း

**မြဝတီ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးအပါအဝင် ကုန်စုံရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်လုပ်ငန်းရှင်များအား အထူးကုန်စည်ခွန်ဥပဒေအကြောင်း အသိပညာပေး ရှင်းလင်းပွဲကို မြဝတီမြို့နယ် စုပေါင်းရုံးရှိ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးခန်း၌ ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ကုန်စုံဆိုင် လုပ်ငန်းရှင်များအား မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်အောင်က အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးတို့ကို တရားမဝင် ဝယ်ယူရောင်းချခြင်း မပြုလုပ်ရန်နှင့် အထူးကုန်စည် ခွန်ဥပဒေအကြောင်းတို့ကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တွဲဖက်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးလွင်က အထူးကုန်စည်ခွန်ဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုန်စုံဆိုင်ပိုင်ရှင်များက သိရှိလိုသည်များအား မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် တွဲဖက်မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ မြဝတီမြို့နယ်အတွင်းရှိ အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး အပါအဝင် ကုန်စုံရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ပဲခူးမြို့တွင်း၌ LED မီးတိုင်များ တည်ဆောက်ရန် ဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၈**

ပဲခူးမြို့တွင်းလမ်းများ၌ LED မီးတိုင်များ တည်ဆောက်နိုင်ရန် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်းနှင့် ညှိနှိုင်းဆွေးနွေးပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးမြို့မြို့ဝင်ဂိတ်မှ ပဲခူးမြို့အထွက်အထိ LED လမ်းမီးတိုင်များ တည်ဆောက်ရန်အတွက် ကုမ္ပဏီများအားဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ LED မီးတိုင်များ တည်ဆောက်ခြင်းဖြင့် ယာဉ်အန္တရာယ်များ ကင်းရှင်းစေရန်၊ ဒုစရိုက်မှုများ လျော့နည်းစေရန်နှင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်မည့် စီမံချက်များကို တင်ပြကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လျှပ်စစ်ကုမ္ပဏီများဖြစ်သည့် Dream Light Technology ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်၊ Krislite ကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ ဦးကျော်မိုးနိုင်နှင့် Aryan Land ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်မိုးနိုင်တို့က ပဲခူးမြို့တွင်းလမ်းများ၌ Street Light နှင့် High Light တပ်ဆင်မည့်နေရာများ၊ တပ်ဆင်သွားမည့် LED အမျိုးအစားများနှင့် နည်းပညာ အချက်အလက်များကို အသေးစိတ်ရှင်းလင်းတင်ပြကြကာ ဌာနဆိုင်ရာများမှ မေးမြန်းချက်များအပေါ် ကုမ္ပဏီများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



**မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှု၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း၏ ကြီးကြပ်မှုဖြင့် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် အမှတ် (၇၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး နိုင်လင်းတို့သည် ဒီဇင်ဘာ ၇ ရက်က ဒုံဝန်းကျေးရွာအုပ်စု ကမာစိုင်ရွှေညောင်ပင် ဘုန်းကြီးကျောင်းတိုက်၌ ကမာစိုင်အလကမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများအား သက်ငယ်မုဒိမ်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် မှုခင်းဆိုင်ရာ သိကောင်းစရာများကို ပညာပေးဟောပြောစဉ်။** နန္ဒကျော်စွာ

## တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် ဘောလုံးပြိုင်ပွဲ ကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၂ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှစ၍ မြောင်းမြမြို့၌ ကျင်းပရာ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံနှင့် လပွတ္တာခရိုင်တို့ရှိ မြို့နယ်များမှ အားကစားမှူးများ၊ အားကစားသမားများ တက်ရောက်ကြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ခရိုင်တာဝန်ခံ အားကစားမှူးများထံ အားကစားပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြောင်းမြခရိုင်အသင်းက ၃-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲကို အဆင့်ဆင့်ကျင်းပပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ဗိုလ်လုပွဲ ကျင်းပမည်ဟု သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# သိန်းပေါင်း သုံးထောင်ကုန်ကျခံ ရိုက်ကူးခဲ့သည့် "ထာဝရအမေ" ရုပ်ရှင်ဇာတ်ကား




ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ဝင်း (အသည်း) ရေးသားသော "ထာဝရအမေ" ဝတ္ထုကို ဒါရိုက်တာ စင်ရော်မောင်မောင်၊ တွဲဖက်ဒါရိုက်တာ မင်းသန့်မောင်မောင်တို့ ရိုက်ကူးပြီး အကယ်ဒမီ မေသန်းနု၊ ရဲအောင်၊ နေတိုး၊ ဝတ်မှုံရွှေရည်တို့အဓိက ပါဝင်သရုပ်ဆောင်ထားကြသည့် "ထာဝရအမေ" ရုပ်ရှင်ဇာတ်ကား မကြာခင်ရုံတင်ပြသမည်ဟု သိရသည်။

အဆိုပါ ဇာတ်ကားသည် သားသမီးများကို ချစ်ဖို့ကြိုးစားရင်း ကြိုးစားရင်းနှင့် မိမိကိုယ်ကိုယ် ချစ်ဖို့မေ့နေသော အမေတစ်ယောက်အကြောင်းကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားဟု သိရသည်။ ယင်းဇာတ်ကားနှင့်ပတ်သက်ပြီး ဒါရိုက်တာ စင်ရော်မောင်မောင်က "ဒီနှစ်ထဲ အမြန်ဆုံးရုံတင်နိုင်ဖို့လုပ်နေတယ်၊ အမေချစ်တဲ့သား၊ အမေချစ်တဲ့သမီးပါ၊ နေတိုး၊ ဝတ်မှုံရွှေရည်၊ မင်းသန့်၊ ရဲအောင်၊ ကျွန်တော်တို့ စိတ်နှစ်မြှုပ်ထားပါတယ်၊ အားလုံးကျေနပ်အားရပါတယ်၊ ပြီးတော့ ဒီဇာတ်ကားက အလွန်ထူးခြားပါတယ်၊ မေသန်းနုနဲ့ ကျွန်တော်နဲ့ ပထမဆုံး ၁၂ နှစ်အကြာမှာ ပြန်လည်ဆုံတဲ့ဇာတ်ကားလည်း ဖြစ်တယ်၊ ဒီဇာတ်ကားတအားထူးခြားရပါစေမယ်" ဟု ပြောသည်။

ဇာတ်ကားအတွက် ပြင်ဆင်မှုပိုင်းနှင့် ကုန်ကျမှုပိုင်းများနှင့်ပတ်သက်ပြီး ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ဝင်း (အသည်း) က "ဘယ်တုန်းက အမေအတွက်ဆိုရင် ဘာကိုမှ မစဉ်းစားခဲ့ဘူး၊ အမေက ရုပ်ရှင်မှာကြည့်ထားရသလို ကိုယ့်ဆီက ဘာကိုမှ ယူမသွားခဲ့ဘူး၊ သူကပဲ ကိုယ့်ကိုအကုန်လုပ် ပေးသွားခဲ့တယ်၊ ဒီဝတ္ထုရေးတာ၊ ဒီဇာတ်ကားရိုက်တာ အမေအတွက် အမေ့ရဲ့ကျေးဇူး ဆပ်နေတာပါပဲ၊ ဦးမောင်က သိန်း ၃၀၀ ပေးဆိုလည်း ပေးလိုက်တာပါပဲ၊ ဘာမှကို ပြန်မမေးပါဘူး၊ စာရင်းချုပ်ရင်တော့ သိန်း ၃၀၀၀ လောက်ကုန်သွားပြီ၊ အခုလို ခမ်းခမ်းနားနားကလည်း ကိုယ့်အတွက် မလိုတော့ဘူး၊ အမေအတွက်ပါပဲ၊ အမေ့ကျေးဇူးကို ဆပ်နိုင်သမျှဆပ်ပါမယ်၊ ဆပ်လို့လည်း မကုန်ပါဘူး၊ အမေအတွက် စဉ်းစားပြီး ဘာစာရင်းအင်းမှမတွက်ဘဲ ဒီဇာတ်ကားကို ရိုက်တာပါ၊ အမေရဲ့ပုံစံတွေကို မဆင့် (မေသန်းနု)ကလည်း သေချာကြည့် လေ့လာလုပ်ကိုင်ကြတယ်၊ ကျန်တဲ့ သရုပ်ဆောင်တွေကလည်း သေချာလေ့လာပြီးတော့ အရင်ခေတ်နဲ့ အညီဖြစ်အောင် လုပ်ထားကြတယ်၊ တကယ့် ရေနွေးငွေ့ရထားခေါင်းကို ရန်ကုန်ကနေ မိတ္ထီလာအထိမောင်းခဲ့တယ်ဆိုတော့ အရင်ခေတ်နဲ့ တော်တော်လေးကို တူပါတယ်၊ ကျွန်တော်ရေးသားထားတဲ့အတိုင်း တတ်နိုင်သမျှတူအောင် လုပ်ထားကြတယ်၊ အမေက မိုးလင်းမိုးချုပ် သားသမီးအတွက်ပဲ လုပ်ဆောင်ပေးခဲ့တယ်၊ သူ့အတွက်ဆိုရင် ဘာကိုမှ မလုပ်ပါဘူး၊ အမေကလည်း အညာကဆိုတော့ အညာကအတိုင်းပဲ အနုအရွတွေ မသုံးတတ်ဘူး၊ သူ့ရင်ထဲမှာ ကိုယ့်အပေါ်မေတ္တာတွေ စေတနာတွေ ရှိနေတယ်ဆို ကိုယ်က သိနေတယ်လေ။ ဒီဇာတ်ကားကို လာကြည့်ကြပါ၊ အခုခေတ်မှာ အင်တာနက်တွေ၊ ဖေ့စ်ဘုတ် ဂိမ်းတွေထဲမှာ နစ်မြောနေတဲ့လူငယ်တွေ ဒီရုပ်ရှင်ကိုကြည့်လိုက်လို့ မိဘရဲ့မေတ္တာကို သဘောပေါက်ပြီးဆိုရင် ဆရာ ဒီဇာတ်ကားကို ထုတ်လုပ်ရကျိုးနပ်ပြီးလို့ ပရိဂ္ဂဟာတစ်ယောက်အနေနဲ့ ပြောလိုက်ချင်ပါတယ်၊ ဆရာ ကျိုက်မရောက ဆရာတော်ကြီး ရန်ကုန်လာရင်သီတင်းသုံးဖို့ ကျောင်းတစ်ကျောင်းဆောက်ရန် စီစဉ်နေတာ သိန်း ၁၅၀၀ ကုန်ပြီ၊ ပြီးတော့ မုဒုံဘုရားမှာ ဘုရားရုပ်တုတန်ဆောင်ကြီးက ပြီးနေပြီ လှူမယ်လို့လည်း ကတိပေးပြီးပြီ၊ သိန်း ၅၀၀ ကုန်ပါတယ်" ဟု ပြောသည်။

**ကိုလင်း**

## မြေပြန့်က မြန်မာတိုင်းရင်းသားတွေနှင့် တောင်ပေါ်တိုင်းရင်းသားတွေ၏ စည်းလုံးမှုကိုပြသမည့် ဇာတ်ကားများရိုက်ကူးနေသူ သရုပ်ဆောင် နေထူးနိုင်

သရုပ်ဆောင် နေထူးနိုင်သည် အနုပညာသက်တမ်းနှစ် ၂၀ ကျော်ရှိပြီး ဗီဒီယို ဇာတ်ကားများစွာကို ရိုက်ကူးထားသူ ဖြစ်သည်။ နယ်ပရိသတ်အကြိုက်ဆုံး မင်းသားတစ်လက်ဖြစ်ပြီး သူ့အနေဖြင့် ဇာတ်ကားများဖန်တီးမှုတွင် ပရိသတ်အတွက် အကောင်းဆုံးတွေပေးနိုင်ရန်နှင့် မြန်မာပြည်ရှိတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းများကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်ပြီး "အာခါ တိုင်းရင်းသား" များနှင့်အတူ လာအို၊ ထိုင်းနှင့် တာချီလိတ်မြို့များသို့ သွားရောက်ကာ ရိုက်ကူးခဲ့သည့် "အနေအေးတဲ့မြွေပွေး" ဇာတ်ကားကို ရွှေဥသြထုတ်လုပ်ရေးမှ မကြာမီ ပြသနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။ အဆိုပါ ဇာတ်ကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်း ဒါရိုက်တာ လွင်ဗို ရိုက်ကူးပြီး အာခါ တိုင်းရင်းသား၊ တိုင်းရင်းသူ သရုပ်ဆောင်များဖြစ်ကြသည့် ရဝိန်၊ ဟေဆွား၊ ချာဂျူးနှင့် နေထူးနိုင်တို့ အထူးပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဇာတ်ကားလေးကို ရိုက်ကူးရတဲ့အတွက် တကယ်ကို ဝမ်းသာမိပါတယ်၊ ဒီကားလေးက တကယ့်ကို အံ့သြစရာ ချီးမွမ်းစရာတွေနဲ့ ပြည့်နေတဲ့ကားလေးပါ၊ ဘာလို့လဲဆို ဒီဇာတ်ကားမှာပါဝင်တဲ့ အာခါတိုင်းရင်းသားတွေက သရုပ်ဆောင်လုပ်တယ်ဆိုတာ ဘာမှန်းကို သူတို့ကောင်းကောင်း မသိကြပါဘူး၊ ဒါပေမယ့် တကယ်ရိုက်ကူးတဲ့အခါ အိုက်တင်ပိုင်းကို သိပ်ပြီးသင်ပေးနေစရာမလိုဘဲ၊ ကျွန်တော်တို့ လိုချင်တဲ့ ပုံစံထဲကိုရောက်အောင် လုပ်နိုင်တယ်၊ အခက်အခဲဆိုလို့ ဘာသာစကားပိုင်းပဲ ရှိတာပါ မြန်မာစကားကို သူတို့အနည်းငယ်လောက်ပဲ နားလည်ကြတယ်၊ မြန်မာလိုရေးထားတဲ့ စကားလုံးတွေ ဇာတ်ညွှန်းမှာပါတဲ့အခါ သူတို့ နားမလည်တဲ့ဟာတွေ ပါလာတာမျိုးတွေ ရှိတယ်၊ ဒီလောက်ပါပဲ၊ တိုင်းရင်းသားတွေအစုံပါတဲ့ ဇာတ်ကားလေးတစ်ကားဆိုလည်း မမှားပါဘူး၊ လားဟူ၊ ရှမ်း၊ ပအိုဝ်း တိုင်းရင်းသားတွေလည်း ပါကြပါတယ်" ဟု ပြောသည်။



အဆိုပါ ဇာတ်ကားသည် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်ကြောင်း "ရွှေဥသြ" ထုတ်လုပ်ရေးအနေဖြင့် "စည်းလုံးခြင်းသည် အင်အား" အမည်ရသော ဇာတ်ကားကိုလည်း ရိုက်ကူးထားပြီး လူမှောင်ခို ဇာတ်လမ်းဖြစ်သည်ဟု သိရသည်။

သရုပ်ဆောင်နေထူးနိုင်က အင်တာဗျူး အနုပညာ ကြေးနှင့်စပ်လျဉ်း၍ သူ၏ ခံစားချက်အချို့ကိုလည်း ဖွင့်ဟပြောကြားသည်။

"ကျွန်တော် ရပ်တည်လာတယ်ဆိုတာ ဒုက္ခတွေခံပြီးတော့မှ ဒီနေရာကို ရောက်လာတယ်၊ စာနယ်ဇင်းတွေလည်း ဒီလိုပဲ ရပ်တည်ရတာပါပဲ၊ တစ်ယောက်ရပ်တည်မှုနဲ့ တစ်ယောက် မတူညီကြပေမယ့် အနုပညာလုပ်တဲ့ ညီအစ်ကို မောင်နှမတွေဖြစ်တဲ့အတွက် တန်ဖိုးထားစေချင်တယ်၊ ကျွန်တော်အနုပညာကို ဒီထက်မက ကောင်းအောင် ရိုက်သလို၊ ဒီဘက်က ရုပ်သံလိုင်းတွေကလည်း သူတို့အစီအစဉ်ကောင်းတွေဖြစ်အောင် ကြိုးစားကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်နားလည်မှု မျိုးဖြစ်ချင်တာကြောင့် ကျွန်တော်ပွဲတွေမှာ အင်တာဗျူးဖြေမယ်၊ စာရွက်အပေါ်မှာ ရေးချတဲ့ အင်တာဗျူးတွေ၊ ကျွန်တော် စိတ်ဝင်စားတဲ့ မေးခွန်းတွေ ဘယ်မေးခွန်းကိုမဆို ကျွန်တော် ဖြေဆိုပါတယ်၊ တခြားပွဲတွေမှာ အင်တာဗျူးမယ်ဆိုရင် အင်တာဗျူးကြေး ယူပါမယ်၊ ဒါပေမယ့် ရုပ်သံမှသော်လည်းကောင်း၊ Channel တစ်ခုခုမှသော်လည်းကောင်း၊ တခြားသော Video ထောင် ရိုက်ပြီး Facebook Page ကနေ Live သော်လည်းကောင်း ကျွန်တော့်ကို လွှင့်တင်မယ်ဆိုရင် ကျွန်တော်အနုပညာ ကြေးယူပါမယ်၊ ကျွန်တော်တို့နိုင်ငံက ပြောနေကြသလို နိုင်ငံ တကာကို မီအောင်သွားချင်ရင် နိုင်ငံတကာလို စကျင့်ရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ကိုယ်တိုင်ပြောင်းလဲမှ ကျန်တာတွေလည်း ပြောင်းလဲလာမှာ ဖြစ်ပါတယ်၊ အခုဆို ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးက အနုပညာရှင်တွေဖြစ်တာကြောင့် ကျွန်တော်တို့ ထုတ်လုပ်ရေးလည်းရှိတယ်ဆိုတော့ မျိုးဆက်သစ်ကလေးတွေ မွေးထုတ်ဖို့ရှိပါတယ်၊ လာမယ့် ၂၀၁၈ ခုနှစ်ထဲမှာ ဖြစ်မှာပါ" ဟု သရုပ်ဆောင်နေထူးနိုင်က ပြောသည်။

နေထူးနိုင်သည် မည်သည့်ဈေးနှုန်းဟူ၍ သတ်မှတ်ထားခြင်းမရှိဘဲ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုထားရှိရန် အတွက် ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ရေနံချောင်းတွင် မြေ ၁၂ ဧက ဝယ်ယူထားပြီး ရုပ်ရှင်အနုပညာရှင်များ မွေးထုတ်နိုင်ရန် ကြိုးစားနေကြောင်း သိရသည်။ **ကိုလင်း**

## မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် စင်ကာပူနိုင်ငံတွင် ပြုလုပ်မည့် Mrs. Elite International သို့ အလှမယ် ငါးဦးစေလွှတ်ယှဉ်ပြိုင်မည်

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် Mrs. Elite International ပြိုင်ပွဲသို့ Style Plus H မှ ရွေးချယ်ထားသော မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်စုစုပေါင်းငါးဦး သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Style Plus H ၏ National Director တစ်ဦးဖြစ်သူ ဒေါ်လှနုထွန်းထံမှ သိရသည်။




အသက် (၄၅) နှစ်အထက် မစ္စများအတွက် မော်လမြိုင်ကိုယ်စားပြုအလှမယ် ဖြူဖြူရွှေနှင့် ပြည့်ပြည့်ကျော်တို့ကို ရွေးချယ်ခဲ့ပြီး အသက် (၄၅) နှစ်အောက် မစ္စများအဖြစ် ထက်ထက်နှင့် ရွှေသော်သော်တို့ကိုလည်းကောင်း၊ အိမ်ထောင်ကွဲအလှမယ်အဖြစ် ပွင့်ဖြူစိုးက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"Talent Show အနေနဲ့ကတော့ ရွှေသော်သော်က ဓားသိုင်းအက ပါပါမယ်၊ ဖြူဖြူရွှေကတော့ ဦးရွှေရိုးနဲ့ဒေါ်မိုးအကကို နှစ်ကိုယ့်တစ်စိတ်အက ကပါမယ်၊ ပြည့်ပြည့်ကျော်ကတော့ ဇော်ဂျီက ပါမယ်၊ ထက်ထက်ကတော့ မြန်မာအက ကမယ်လို့ သိရပါတယ်၊ ပွင့်ဖြူစိုးကတော့ သူဘာလုပ်ပြမယ်ဆိုတာကို မပြောသွားဘူး" ဟု Style Plus H ၏ National Director ဒေါ်လှနုထွန်းက ပြောသည်။

Mrs. Elite Myanmar Yangon 2017 ပြည့်ပြည့်ကျော်သည် ဒီဇင်ဘာ ၄ ရက်တွင် စင်ကာပူနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး Mrs. International Myanmar 2017 ထက်ထက်နှင့် Mrs. International Myanmar 2017 ပွင့်ဖြူစိုးတို့သည် စင်ကာပူသို့ ရောက်ရှိနေပြီဖြစ်ကာ Mrs. Elite Myanmar 2017 Mawlamying မဖြူဖြူရွှေနှင့် Mrs. International Myanmar Mandalay 2017 ရွှေသော်သော်တို့သည် ဒီဇင်ဘာ ၂ ရက်တွင် စတင်ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

Mrs. Elite International ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ စင်ကာပူနိုင်ငံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၆၀ မှ အိမ်ထောင်ရှင် အလှမယ်များနှင့် အိမ်ထောင်ကွဲအလှမယ်များ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ National Costume တစ်စုံနှင့် Evening Grown နှစ်စုံအပြင် Talent Show တို့ ပြသရမည်ဖြစ်ကြောင်း အဆိုပါပွဲမှ သိရသည်။

ငါးဦးမြောက် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် အိမ်ထောင်ရှင်အလှမယ် ပြည့်ပြည့်ကျော် သွားရောက်ယှဉ်ပြိုင်မည့်အကြောင်း သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် Myanmar Beauty Queen Training School My Condo 9-A တွင် ဒီဇင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။ **ကိုလင်း**

## ရွှာစားကြီးစိန်စတင်း၏ သားနှင့် ရွှာစားကျော်စိန်ကုလား၏မြေးတို့ မြန်မာ့ဂီတဖန်တီးမှု



ရွှေတံဆိပ် ဆုရှင်များဖြစ်သော တေးသံရှင် ကျော်ကျော်ဟန်နှင့် သူဇာအောင်တို့၏ မြန်မာအလှူတော် မင်္ဂလာသံစဉ်များ ပါဝင်သော "ရှင်လောင်း လှည့်ကြစို့" ဒီဗီဒီ ကာရာအိုကေ သီချင်းခွေကို ဒီဇင်ဘာ ၁၂ ရက်တွင် ထင်ရှူးရိပ်တေးသံသွင်းမှ ဖြန့်ချိမည် ဖြစ်သည်။

"အခွေလေးကတော့ အလှူမင်္ဂလာပွဲပြုလုပ်တဲ့သူတွေအတွက် အဓိကထားပြီး လုပ်ခဲ့တာပါ၊ သီချင်းတွေကအစ အားလုံးသေချာစိစစ် ရွေးချယ်ပြီး လုပ်ခဲ့တာပါ၊ ကျွန်တော့်အနေနဲ့လည်း သီချင်းခွေဆိုလို့ ဒါပထမဆုံး လုပ်တာပါ၊ ဒီအခွေလေးက ကျွန်တော်ဘဝအတွက် အမှတ်တရ တစ်ခုဆိုလည်း ပြောလို့ရပါတယ်၊ ဒီအခွေထဲမှာ ပါတဲ့သီချင်းလေးတွေအကုန်လုံးနီးပါးက အလှူမင်္ဂလာသီချင်းလေးတွေပါ၊ အချစ်သီချင်းလည်း မဟုတ်ပါဘူး၊ အလွမ်းသီချင်းလည်း မဟုတ်ပါဘူး၊ ဒီအခွေလေးကို ကျွန်တော်နဲ့ မသူဇာ တိုင်ပင်ပြီး လွန်ခဲ့တဲ့ ခုနစ်လ၊ ရှစ်လ လောက်ကတည်းက ဖန်တီးခဲ့တာပါ၊ ကျွန်တော်တို့ ဒီအခွေလေးကို လုပ်ဖို့အတွက် ငွေကြေးပိုင်းကအစ သေချာစိစစ်ပြီး လုပ်ရပါတယ်၊ ပွဲတွေမှာ သီချင်းဆိုလို့ရသမျှ အနုပညာကြေး အကုန်လုံး ဒီခွေထဲထည့်လိုက်ပြီး လုပ်ခဲ့တာပါ" ဟု ပြောသည်။

အဆိုပါ စီးရီးကို ဖန်တီးကြသူ တေးသံရှင် နှစ်ဦးသည် ရွှာစားကြီး စိန်စတင်း၏ သားငယ် ကိုကျော်ကျော်ဟန်နှင့် ရွှာစားကြီး ဆိုဗီယက်ပြန် ဦးစိန်ကုလား၏ မြေး၊ ရွှာစားကြီး မြကုလား၏ သမီး မသူဇာတို့ဖြစ်ပြီး တေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ် ပါဝင်ပြီး တေးသီချင်းများကို တေးရေးလက်ာကျော်စွာ ရွှေတိုင်ညွန့်၊ ဂီတလုလင် မောင်ကိုကို၊ လင်းခေး၊ လုလင်၊ ပန်တျာကျော်ဇော်၊ ကျော်ကျော်ဟန်တို့ ရေးသားထားသော တေးသီချင်းများပါဝင်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဂီတပညာရှင်စာရင်းတွင် လူမည်း အနုပညာရှင်များက ထိပ်ဆုံးမှဦးဆောင်



ရက်ပ်ပါအဆိုတော် Sean Combs ဟာ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်လိုက်တဲ့ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အဆိုရှင်စာရင်းမှာ ထိပ်ဆုံးက ပါဝင်ခဲ့ပြီး အဲဒီစာရင်းမှာ ထိပ်ပိုင်းလေးယောက်စလုံးဟာ လူမည်းအနုပညာရှင်တွေ ဖြစ်နေတာကို တွေ့ရပါတယ်။ ဖော့ဘ်မဂ္ဂဇင်းရဲ့ဖော်ပြချက်အရ Combs ရဲ့ ဝင်ငွေဟာ တစ်နှစ်မှာ ဒေါ်လာသန်း ၁၃၀ ရှိတယ်လို့ခန့်မှန်းထားပါတယ်။ Combs ဟာ Hip Hop ထုတ်လုပ်သူတစ်ယောက်ဖြစ်ပြီး စွန့်ဦးတီထွင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့နောက်မှာတော့ နာမည်ကျော်အဆိုတော်ဘီယွန်းစေးလ်က ဒေါ်လာ၁၀၅ သန်းနဲ့ ဒုတိယနေရာကလိုက်ပါတယ်။ ဘီယွန်းစေးလ်ဟာ သူရဲ့ကမ္ဘာလှည့်ဖျော်ဖြေမှုတွေနဲ့ Lemonade ဆိုတဲ့ သီချင်းအယ်လ်ဘမ် ရောင်းရငွေကနေတစ်ဆင့် ဒီလိုဝင်ငွေကောင်းကောင်း ရရှိခဲ့တာပဲဖြစ်ပါတယ်။ Lemonade ဆိုတဲ့ သီချင်းအယ်လ်ဘမ်ဟာလည်း ဘီယွန်းစေးလ်ရဲ့ လူကြိုက်များတဲ့ အယ်လ်ဘမ်တစ်ခု ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ကနေဒါအဆိုတော် ဒရိတ်ခ်က ဒေါ်လာ ၉၄သန်းနဲ့ တတိယနေရာကလိုက်ပြီး သူ့နောက်မှာတော့ သည်ဝိခ်အန်းက ဒေါ်လာ၈၉သန်းနဲ့ စတုတ္ထနေရာက လိုက်ပါတယ်။ ဗြိတိန် ဂီတအဖွဲ့ဖြစ်တဲ့ Coldplay အဖွဲ့ကတော့ ၈၈သန်းနဲ့ ပဉ္စမ နေရာချိတ်ပါတယ်။ ဒီဝင်ငွေတွေကိုတော့ ဖော့ဘ်မဂ္ဂဇင်းက ၂၀၁၆ခုနှစ်ဇွန်လကနေ ၂၀၁၇ အထိ ဝင်ငွေများကိုအခြေခံပြီး ကောက်ယူထားတာပဲဖြစ်ပါတယ်။

မနှစ်က ထိပ်ဆုံးစာရင်းမှာပါဝင်ခဲ့တဲ့ တေလာဆွစ်ဖ်နဲ့ One Direction အဖွဲ့တို့ကတော့ ဒီနှစ်Top Ten စာရင်းမှာပါဝင်ခဲ့ခြင်း မရှိပါဘူး။ အကြောင်းကတော့ တေလာဆွစ်ဖ်ဟာ ဒီနှစ်မှာ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်ခဲ့ခြင်း မရှိသလို သူရဲ့နောက်ဆုံးအယ်လ်ဘမ်ကလည်း နိုဝင်ဘာလအတွင်းက ထွက်ရှိခဲ့လို့ပါပဲ။ One Direction အဖွဲ့ကတော့ အဖွဲ့သားတွေဟာ တစ်ဦးချင်း အယ်လ်ဘမ်တွေ ထွက်ရှိနိုင်ဖို့ ကြိုးစားနေခဲ့ကြတဲ့အတွက် ဒီနှစ်အတွက် ဝင်ငွေအများဆုံးစာရင်းမှာပါဝင်ခဲ့ခြင်း မရှိပါဘူး။

**ရိုက်တာ**

### ပြင်သစ်နိုင်ငံရဲ့ အကျော်ကြားဆုံး ရော့ခ်စတား ကွယ်လွန်



ပြင်သစ်နိုင်ငံရဲ့အဲလ်ဗစ်ပရက်စလေလို့ တင်စားရတဲ့ ပြင်သစ်နိုင်ငံရဲ့ အကျော်ကြားဆုံး ရော့ခ်စတားတစ်ဦးဖြစ်သူ ဂျွန်နီဟယ်လီဒေးလ်ဟာ အဆုတ်ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားပြီဖြစ်ပါတယ်။ သူကွယ်လွန်တဲ့ အခါသူ့အသက်ဟာ ၇၄နှစ်ရှိပြီဖြစ်ပါတယ်။ သူဟာ အဆိုတင်မက ၁၉၆၀ ခုနှစ်ကတည်းက ရုပ်ရှင်ဇာတ်ကားပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ သူ့ဘဝတစ်လျှောက်လုံးမှာ ရောင်းချခဲ့ရတဲ့ သီချင်းအယ်လ်ဘမ်အရေအတွက်ဟာ အခြားသောအနုပညာရှင်တွေထက်ပိုပါတယ်။

သူ့သေဆုံးသွားကြောင်းကိုတော့ ပြင်သစ်သမ္မတနဲ့ သူ့ရဲ့ဇနီးတို့က ကြေညာပေးခဲ့တာပဲ ဖြစ်ပါတယ်။ သူဟာ နှစ်ပေါင်း၅၀အတွင်းမှာ အထူးခြားဆုံးလူလို့ပြောရအောင် အောင်မြင်ခဲ့တဲ့လူပဲဖြစ်တယ်လို့ ပြင်သစ်သမ္မတက ပြောခဲ့ပါတယ်။ သူသေဆုံးသွားမှုဟာ သူ့ရဲ့ပရိသတ်တွေ၊ နာမည်ကျော်တွေနဲ့ နိုင်ငံရေး သမားတွေကြား ပျံ့နှံ့သွားခဲ့ပါတယ်။ သူ့ရဲ့သီချင်းတွေဟာ ပြင်သစ်စကားပြောတဲ့ နိုင်ငံတွေမှာ အတော်လေးလူကြိုက်များပါတယ်။ သူ့သီချင်းအယ်လ်ဘမ်ဟာ အချပ်သန်း ၁၀၀ကျော် ရောင်းချထားရတယ်လို့လည်း သိရပါတယ်။ နာမည်ကျော်အဆိုတော် စလင်းဒီယွန်ကလည်း ဟယ်လီဒေးလ်သေဆုံးသွားမှုဟာ လေးစားတန်ဖိုးထားရတဲ့ အနုပညာရှင်တစ်ယောက် ဆုံးရှုံးသွားရတယ်လို့ တွစ်တာမှာရေးသားခဲ့ပါတယ်။ ဟယ်လီဒေးလ်ရဲ့ သားသမီးတွေထဲကတချို့ဟာလည်း သူတို့ရဲ့ဖခင်လို အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင်တွေအဖြစ် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။

**ရိုက်တာ**

ချိုး

## မြန်နှုန်းပိုမြင့်ပြီး သုံးသူများ ပိုအဆင်ပြေမည့် လုပ်ဆောင်ချက်သစ်များကို Viber က ထပ်မံ မိတ်ဆက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ကမ္ဘာပေါ်တွင်ရော မြန်မာနိုင်ငံတွင်ပါ လူသုံးအများဆုံး Instant messenger ဖြစ်သည့် Viber အနေဖြင့် ယခု ဒီဇင်ဘာလထဲတွင် ဝန်ဆောင်မှုများပေးခဲ့သည်မှာ ခုနစ်နှစ်ပြည့်ခဲ့ခြင်းနှင့်အတူ ဆက်လက်၍လည်း သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်လုံခြုံရေးကို အလေးအနက်ထားပြီး မြန်နှုန်းကို မြှင့်တင်ပေးကာ အဖွဲ့လိုက်နှင့် တစ်ယောက်ချင်း ဆက်သွယ်ပြောဆိုမှုများအတွက် ပိုမိုအဆင်ပြေစေမည့် လုပ်ဆောင်ချက်သစ်များကို မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း Viber မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Viber အပလီကေးရှင်းကို ထုတ်လုပ်သော Rakuten Viber ၏ အမှုဆောင်အရာရှိချုပ် Djamel Agaoua က "ပြီးခဲ့တဲ့ခုနစ်နှစ်တာကာလမှာ Viber ဟာ တစ်ဟုန်ထိုး တိုးတက်လာခဲ့ပါတယ်။ အသုံးပြုသူ အရေအတွက်ဟာ ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမြတ်အစွန်းဟာလည်း နှစ်ဆမြင့်တက်ခဲ့ပါတယ်၊ အသုံးပြုသူတွေရဲ့ယုံကြည်မှုနဲ့ စဉ်ဆက်မပြတ်အသုံးပြုမှုတို့ကို ရရှိခဲ့ပြီး တစ်ချိန်တည်းမှာ အမြတ်အစွန်းရရှိဖို့ဆိုတဲ့ စိန်ခေါ်မှုကိုလည်း အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပါတယ်၊ လာမယ့်နှစ်မှာ ကျွန်တော်တို့ဟာ မြန်နှုန်းကို မြှင့်တင်ပေးပြီး အဖွဲ့လိုက်နဲ့ တစ်ယောက်ချင်း ဆက်သွယ်ပြောဆိုမှုတွေကို ပိုမိုအဆင်ပြေစေမယ့် Feature အသစ်တွေကိုလည်း မိတ်ဆက်သွားမှာဖြစ်ပါတယ်၊ ရှေ့ဆက်ပြီးတော့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ သုံးစွဲသူတွေ မနက်ခင်း အိပ်ရာထတဲ့အခါတိုင်းမှာ ပထမဆုံး အသုံးပြုတဲ့ အပလီကေးရှင်းတစ်ခုဖြစ်ဖို့၊ နောက်ပြီး သူတို့ရဲ့ လုံခြုံရေးနဲ့ ကိုယ်ရေးအချက်အလက်တွေကို ထိခိုက်နစ်နာစေခြင်း မရှိဘဲ လူတိုင်းလွတ်လပ်စွာ ပြောဆိုဆက်သွယ်နိုင်မယ့် အပလီကေးရှင်းတစ်ခုဖြစ်ဖို့ ဖြစ်ပါတယ်"ဟု ပြောသည်။

Viber အနေဖြင့် စတင်ဝန်ဆောင်မှုပေးချိန်မှစ၍ သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက် လုံခြုံမှုကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဧပြီလအတွင်းက သုံးစွဲသူများ ကိုယ်တိုင်သာ အချက်အလက်များကို ဖတ်ရှုနိုင်စေသည့် Full End-to-End Encryption ကို မိတ်ဆက်ပေးခဲ့ကာ Viber သည် ဤစနစ်ကို ပထမဆုံး စတင်မိတ်ဆက်နိုင်ခဲ့သော စာတိုပေးပို့သည့် အပလီကေးရှင်း ဖြစ်ခဲ့သည်။ အဆိုပါ End-to-End Encryption စနစ်ကြောင့် Viber အသုံးပြု၍ ဆက်သွယ်ပြောဆိုမှုများအားလုံးကို ပြောသူနှင့် လက်ခံသူ နှစ်ဦးမှလွဲလျှင် Viber ကိုယ်တိုင်ပင် မသိနိုင်တော့ဘဲ အပြည့်အဝ လုံခြုံမှုကို ရရှိစေခဲ့သည်။



ယခု ဝန်ဆောင်မှုပေးသည့်သက်တမ်း ခုနစ်နှစ် ပြည့်လာချိန်တွင်လည်း Viber အနေဖြင့် သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက် လုံခြုံရေးကို ဆက်လက်၍ ဦးစားပေးသွားမည်ဖြစ်သလို Viber ကို စဉ်ဆက်မပြတ် သုံးစွဲလာခဲ့သူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် Viber Platform ပေါ်တွင် အမေရိကန်ဒေါ်လာ ခုနစ်သန်းတန်ဖိုးရှိ လက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ဆောင်များအနေဖြင့် Viber ၏ တရားဝင် Chatbox ကို အသုံးပြုရန် စာရင်းပေးသွင်းသူများအနေဖြင့် ၀ ဒသမ ၅ ဒေါ်လာမှ ၃ ဒေါ်လာအထိ Viber Out အသုံးပြုရန် Credit သို့မဟုတ် ရောင်းအားအကောင်းဆုံး Sticker Pack ငါးခုထဲမှ တစ်ခုကို အခမဲ့ရယူနိုင်ခွင့် စသည်တို့ အပါအဝင် လက်ဆောင်အမျိုးမျိုးကို ကျပန်းစနစ်ဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

### ဟွာဝေးရဲ့ လူကြိုက်များ Honor စီးရီးစ်ထဲက စမတ်ဖုန်းသစ် Honor V10

Honor V10 ဟာ အခု ဒီဇင်ဘာလဆန်းမှာ စတင်မိတ်ဆက်ခဲ့တဲ့ ဟွာဝေးရဲ့လူကြိုက်များတဲ့ Honor စီးရီးစ်ထဲက နောက်ဆုံးမိတ်ဆက်ထားတဲ့ စမတ်ဖုန်းသစ်ဖြစ်ပြီး ဇန်နဝါရီလထဲမှာမှ စတင်ရောင်းချမှာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကို ဝင်ရောက်မယ့်အချိန်ကို မကြော်ငြာသေးပေမယ့် လက်ရှိပြည်ပမှာ မိတ်ဆက်ထားတဲ့ ဈေးနှုန်းနဲ့ အရည်အသွေးအရ ပြည်တွင်းကို ဝင်ရောက်လာရင်လည်း လူကြိုက်များတဲ့ဖုန်းတစ်လုံး ဖြစ်လာနိုင်ပါတယ်။




Honor V10 ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၉၉ လက်မရှိလို့ screen အရွယ်အစားကြီးပေမယ့် ဖုန်းရဲ့မျက်နှာပြင် ဘေးပေါင်တွေကို လျှော့ထားတာကြောင့် ဖုန်းကိုယ်ထည်အနေနဲ့ အရင်ထွက်ခဲ့တဲ့ မျက်နှာပြင် ၅ ဒသမ ၅ လက်မအရွယ် Honor 4X ဖုန်းတွေနဲ့ ကိုယ်ထည်အရွယ် သိပ်မကွာတာ တွေ့ရပါတယ်။ Resolution က 1080x2160 pixels ရှိပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် ဗားရှင်းသစ်ဖြစ်တဲ့ 8.0(Oreo)ကို EMUI 8.0 နဲ့ တွဲပြီး အသုံးပြုထားပါတယ်။ CPU ပိုင်းမှာတော့ Octa-Core processor နဲ့ AI ပါတဲ့ စွမ်းရည်မြင့် Kirin 970 Processor ကို အသုံးပြုထားပြီး RAM မင်မိုရီအနေနဲ့ 4GB နဲ့ 6GB နှစ်မျိုးထွက်ရှိမှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 128GB အထိ ပါဝင်လို့ မင်မိုရီပမာဏ များပြားသလို SD ကတ်ကိုလည်း 256GB အထိ ထပ်စိုက်ပြီး သုံးနိုင်ဖို့ ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာလည်း နောက်ကင်မရာအဖြစ် ၁၆ မဂ္ဂါပစ်ဇယ်နဲ့ ၂၀ မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးကို Dual ထည့်သွင်းပေးထားလို့ စွမ်းဆောင်ရည်အထူးကောင်းမွန်သလို အဆင့်မြင့် ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေလည်း ထပ်ပေါင်းပေးထားပါတယ်။ ရှေ့ဘက် ဆယ်လ်ဖီကင်မရာကလည်း ၁၃ မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။

Finger Print လည်း ပါဝင်ပြီး မျက်နှာနဲ့ ဖုန်းလော့ခ်ဖွင့်နိုင်တဲ့ လုပ်ဆောင်ချက်မျိုး အပါအဝင် အခြား နည်းပညာမြင့် လုပ်ဆောင်ချက်တွေကိုလည်း သုံးနိုင်ပါတယ်။ ဘက်ထရီပိုင်းအနေနဲ့ Li-Po 3750 mAh ဘက်ထရီကို အသုံးပြုထားလို့ စွမ်းဆောင်ရည်ကောင်းသလို 3G နက်ဝပ်မှာ Stand by ထားရင် ၅၂၈ နာရီနဲ့ စကားပြောရင် ၂၃ နာရီလောက် အသုံးပြုနိုင်တယ်လို့ ကြော်ငြာထားပါတယ်။ အလျင်အမြန်ဘက်ထရီအားပြည့်စေတဲ့ fast charging လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။

Honor V10 ကို ကိုယ်ထည်အရောင်အနေနဲ့ အပြာရောင် အရောင်ကွဲနှစ်မျိုး၊ အနက်ရောင်၊ ရွှေရောင်နဲ့ အနီရောင်လို့ အရောင်ငါးမျိုးနဲ့ ရရှိနိုင်မှာဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာ လက်ရှိကြော်ငြာထားတဲ့ ဈေးနှုန်းက ၄၀၉ ဒေါ်လာဖြစ်ပါတယ်။ **သူရဖြိုး**

## မြန်မာနိုင်ငံ၏ အဓိကနေရာဒေသ ၅၀ တွင် တယ်လီနော၏ 4G/LTE ကွန်ရက်ဖြင့် ယခုနှစ်အတွင်း ချိတ်ဆက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

တယ်လီနောမြန်မာအနေဖြင့် 4G/LTE ကွန်ရက်ကို ယခုနှစ်ကုန်မတိုင်မီ ကာလအတွင်း မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းနေရာများနှင့် မြို့ကြီးများ အပါအဝင် အဓိကနေရာဒေသပေါင်း ၅၀ ၌ ဝန်ဆောင်မှုပေးနိုင်အောင် တိုးချဲ့သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က "ကျွန်တော်တို့အနေနဲ့ 4G ကွန်ရက်လွှမ်းခြုံမှုကို အရှိန်မြှင့်တိုးချဲ့ဆောင်ရွက်နေပါတယ်၊ 4G ဝန်ဆောင်မှုတွေကို နာမည်ကျော်ကမ်းခြေတွေ အပါအဝင် ခရီးသွားဧည့်သည်တွေ သွားရောက်လည်ပတ်မှုများပြားတဲ့ ဒေသတွေမှာပါ ရရှိအောင် ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်၊ စစ်ကိုင်းနဲ့ ရွှေဘိုဆိုတာ ပြည်တွင်းပြည်ပက ခရီးသွားတွေအတွက် နာမည်ကျော်ကြားတဲ့ နေရာတွေဖြစ်ပြီး အခုလို ပွင့်လင်းရာသီအစမှာ 4G ဝန်ဆောင်မှုတွေကို စတင်ပေးအပ်နိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်မိပါတယ်၊ လာမယ့်နှစ်မှာလည်း ဒီထက်များပြားတဲ့ မြို့ကြီးတွေမှာ ဝန်ဆောင်မှုတွေ တိုးချဲ့ပေးအပ်သွားမှာလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

ယခုလက်ရှိအချိန်တွင် တယ်လီနောအနေဖြင့် 4G/LTE ဝန်ဆောင်မှုများကို မြို့ကြီး ၃၂ မြို့အပါအဝင် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းခြေသုံးခုတွင် ဝန်ဆောင်မှုပေးထားပြီးဖြစ်ကြောင်း သိရသည်။ တယ်လီနော၏ 4G/LTE ကွန်ရက်ကို နောက်ဆုံး ဝန်ဆောင်မှုပေးထားသော မြို့များမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းနှင့် ရွှေဘိုမြို့တို့ဖြစ်ပြီး ဒီဇင်ဘာလ အစောပိုင်းက ဝန်ဆောင်မှုများ စတင်ခဲ့ခြင်းဖြစ်သည်။

**သူရဖြိုး**

# တရားမဝင် ကျောက်စုပ်နေသောလှေများကြောင့် ကမ်းပြိုမှုများဖြစ်ပေါ်မည်ကို ဒေသခံများစိုးရိမ်

**တိုက်ကြီး ဒီဇင်ဘာ ၈**
တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာကျေးရွာအနီး ရေဝတီမြစ်အတွင်း၌ တရားမဝင် ကျောက်စုပ်ယူနေသော လုပ်ငန်းရှင် ၄၀ ခန့် ရှိနေကာ အဆိုပါ ကျောက်စုပ်ယူနေမှုများကြောင့် ကမ်းပြိုမှုများဖြစ်မည်ကို ဒေသခံများအနေဖြင့် စိုးရိမ်နေကြကြောင်း အေးရွာကျေးရွာမှ ရပ်မိရပ်ဖ ဦးသိန်းမြင့်က ပြောသည်။

အဖျောက်မြို့တွင် ရေဝတီမြစ် ကမ်းပြိုမှုများကြောင့် မြစ်အတွင်း ကျောက်စုပ်လုပ်ငန်းများမပြုလုပ်ရန် ဒေသန္တရ အမိန့် အမှတ်စဉ်(၄/၂၀၁၇)ကို တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်တိုဘာ ၁၉ ရက်က ထုတ်ပြန်ထားခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ ကျောက်စုပ်ထုတ်ယူသည့် မော်တော်များ ရှိနေသေးကြောင်း သိရသည်။ ကျောက်စုပ်မော်တော် ခုနစ်စင်းကို နိုဝင်ဘာ ၁၂ ရက်က အဖျောက်မြို့အုပ်ချုပ်ရေးမှူးနှင့် မြို့မိ မြို့ဖများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဖမ်းဆီးထားကြောင်း အဖျောက်မြို့ အုပ်ချုပ်ရေးမှူးရုံးမှ သိရပြီး ဖမ်းမိထားသော အဆိုပါ မော်တော်များကိုလည်း ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ပေးရန် ဒေသခံများက ဆန္ဒရှိနေကြသည်။

"ကျောက်စုပ်လှေတွေ တစ်နေ့ကို အစင်း ၄၀ ကျော် ကျောက်စုပ်နေကြတာ ကျေးရွာအုပ်ချုပ်ရေးမှူးကို တင်ပြထားတယ်၊ အဖျောက်မြို့အုပ်ချုပ်ရေးမှူးထံလည်း တင်ပြထားပါတယ်၊ သီးခြားတားမြစ်စာတော့ မရသေးဘူး၊ အေးရွာကျေးရွာကတော့ တရားမဝင်ကျောက်စုပ်သူတွေကြောင့် မြစ်ကမ်းပြိုတာ တစ်ရွာလုံးကုန်ပြီ၊ ခုလည်းထပ်ပြီး တရားမဝင် ကျောက်စုပ်တာတွေ ရှိနေတော့ ဒေသခံတွေက ကမ်းပြိုမှာစိုးရိမ်နေတယ်"ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အုန်းပင်ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဟိန်းဇော်လတ်က "အုပ်ချုပ်ရေးပိုင်းအနေတဲ့ တားမြစ်စာတွေ ထုတ်ပြန်ထားပြီး တရားမဝင် ကျောက်စုပ်လုပ်ငန်းရှင် ၂၀ ကို နောက်နောင် မပြုလုပ်ရန် ဝန်ခံလက်မှတ်ထိုးခိုင်းထားပါတယ်"ဟု ပြောသည်။

အဖျောက်မြို့ပန်းတုန်းပိတ်နှင့် အေးရွာကျေးရွာတို့အနီးတွင် ၂၀၁၅ ခုနှစ်မှ စတင်ကာ ရေဝတီမြစ်အတွင်း တရားမဝင် ကျောက်စုပ်ထုတ်ယူမှုများကြောင့်လည်းကောင်း၊ ရေတိုက်စားမှုကြောင့်လည်းကောင်း ကမ်းပြိုကျမှုများဖြစ်ခဲ့၍ အဆိုပါကျေးရွာများမှ အိမ်ထောင်စုများ ဘုန်းကြီးကျောင်းများတွင် နေရာပြောင်းရွှေ့ရပြီး နီးစပ်ရာ ဆွေမျိုးများ၏ နေအိမ်များ၌လည်းကောင်း၊ ရေကာတာပေါင်များတွင် ယာယီတဲများထိုး၍လည်းကောင်း နေထိုင်နေကြရကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**


အေးရွာအနီး ရေဝတီမြစ်အတွင်းမှ ကျောက်စုပ်မော်တော်များ

## ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားသူများညီလာခံ ဟားခါးမြို့၌ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၈**
ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားသူများညီလာခံ(၂၀၁၇) (Chin State Development Actor's Conference )ကို ဒီဇင်ဘာ ၆ ရက်က ဟားခါးမြို့ကာဆင်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှု လက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ဖွင့်ပွဲသို့ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်း မြို့နယ်ကိုးခုမှ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံတွင် လူမှုဘဝဖူလုံရေး၊ လူမှုရေးဆိုင်ရာများ အကာအကွယ်ပေးရေး၊ မီဒီယာနှင့် လူမှုအဖွဲ့အစည်းများ ရေရှည်တည်တံ့ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စသည့် ကိစ္စရပ်များ အပါအဝင် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကို ဒီဇင်ဘာ ၇ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**




## ကျေးရွာရှစ်ရွာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စာကြည့်တိုက်များ အဆင့်မြှင့်တင်မည်

**မိတ္ထီလာ ဒီဇင်ဘာလ ၈** မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာစာကြည့်တိုက်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ သိရသည်။ မြို့နယ်အတွင်းရှိ ညောင်ကန်၊ သဲကုန်း၊ ကံကြီး၊ ပန်းတိမ်ကုန်း၊ ရွာသစ်၊ ကုက္ကိုကုန်း၊ မြာ-ကုန်သာကျေးရွာနှင့် အရှေ့ပြင်စျေး (မီးရထားစည်သူ) ရပ်ကွက်တို့မှ စာကြည့်တိုက်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၃၅ သိန်းစီ အကုန်အကျခံ၍ အဆင့်မြှင့်တင် ဆောက် လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကံကြီးအုပ်စု ကျောင်းရွာကျေးရွာမှ စာကြည့် တိုက် အမိုးမိုးခြင်း၊ မြာကျေးရွာအုပ်စု ရေဝေကျေးရွာမှ ဒေါ်မြ စိန်စာကြည့်တိုက်အတွက် ပရိဘောဂ ဝယ်ယူခြင်းတို့ကို ရန်ပုံငွေ ကျပ်ငါးသိန်းစီဖြင့်လည်းကောင်း၊ ဆပ်ပြာကျင်းကျေးရွာအုပ်စု ဒီဒုတ်တောင်ကျေးရွာစာကြည့်တိုက် ပြုပြင်မွမ်းမံခြင်းကို ကျပ် ၁၅ သိန်းဖြင့်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**


### အထက(၄)စစ်တွေ မြတ်ဆရာပူဇော်ပွဲ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက(၄)၏(၁၂)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ/ဆရာမများ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်မြို့နှင့် စစ်တွေမြို့တို့တွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသားကျောင်းသူအားလုံးမည်သည့် ခုနှစ်မဆို စုံစုံညီညီ တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၄ရက်(တနင်္ဂနွေနေ့)
**အချိန်** - မွန်းတည့် ၁၂နာရီ
**နေရာ** - (၁) ရခိုင်ပြည်နယ်ဓမ္မာရုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
(၂) မဟာပညာကျော်ခန်းမ၊ အထက(၄)စစ်တွေမြို့

ဂါရဝငွေဖြင့် ငွေပဒေသာပင်များကို ဖြစ်မြောက်ရေးကော်မတီသို့လည်းကောင်း၊ ဆရာ/ဆရာမများ နာမကျန်းရန်ပုံငွေအတွက် KBZ Bank A/C No.00710200704035901သို့ လှူဒါန်းကုသိုလ်ယူနိုင်ပါသည်။

**စစ်တွေ**
၁။ ကိုအောင်ကျော်စံ ဖုန်း-၀၉-၅၆၈၀၄၅၀
၂။ ကိုညီညီဌေး ဖုန်း-၀၉-၅၆၈၀၄၄၀
၃။ ကိုကျော်စောဝင်း ဖုန်း-၀၉-၄၉၆၄၀၅၂၀
၄။ ကိုထွန်းလင်းအောင် ဖုန်း-၀၉-၄၄၀၀၁၉၈၄
၅။ ကိုတင်ငြိမ်းဦး ဖုန်း-၀၉-၅၁၇၅၀၅၅
၆။ ဒေါက်တာလတ်လတ်ထွန်း ဖုန်း-၀၉-၇၇၀၀၁၀၀၄၆
၇။ ဒေါ်ကေသီဦး ဖုန်း-၀၉-၇၈၁၁၈၀၂၉၄

**ရန်ကုန်မြို့**
၁။ ဒေါ်မြသီတာ ဖုန်း-၀၉-၂၅၀၁၅၀၄၇၂
၂။ ဒေါ်ခင်မြနု ဖုန်း-၀၉-၅၀၂၄၃၄၅
၃။ ကိုကျော်နိုင် ဖုန်း-၀၉-၅၀၈၁၈၈၄
၄။ ဒေါ်မိုးမိုးလေး ဖုန်း-၀၉-၅၁၂၀၅၅၄
၅။ ကပ္ပတိန်စိုးဟန် ဖုန်း-၀၉-၅၀၂၉၇၇၀
၆။ ဒေါ်ခင်ခင်သာ ဖုန်း-၀၉-၅၁၉၃၂၅၈
၇။ ဒေါ်မေမေအောင် ဖုန်း-၀၉-၂၅၄၃၄၅၆၁၂

စစ်တွေ/ရန်ကုန်ရှိကျောင်းသားကျောင်းသူများ မိတ်ဆုံညစာစားပွဲရှိပါသည်။

### ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်ကျေးရွာ အထက၊ အဌမတန်းမှ မသူဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၁၀/သဖရ(နိုင်)၁၀၁၂၆၇ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း**

### တိုက်ခန်းရောင်းမည်

ကြည့်မြင်တိုင်မြို့နယ်၊ ဟုန်းလမ်း၊ ပန်း လှိုင်အိမ်ရာဝင်းရှိ မြေညီထပ် (ပြင်ဆင်ပြီး) ရောင်းမည်။

**ဖုန်း-၀၉-၅၀၀၂၆၈၆**

### ၂၀၁၈ ခုနှစ်အတွက် "ဆောင်ရန်၊ ရှောင်ရန်"များနှင့်အတူ တစ်နှစ်စာ အိတ်ဆောင်ပေဒင်စာအုပ် -

၂၀၁၈-ခုနှစ်
ဝံ-ကဏီဘို
၁၂-ရာသီဟောကိန်း



အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၅၀၄၄၅၅၇၉၊ ၀၉-၄၂၈၆၁၀၄၈၈

ထွက်ပြီ

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပြည်စိုးထွန်း အထက(ခွဲ) နဝမတန်းမှ မဂျူးဂျူးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းစိုး ၈/စလန(နိုင်)၁၁၆၀၃၆ ဖြစ်ပါကြောင်း။

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### တောင်ငူခရိုင်တရားရုံး၌
### ၂၀၁၇ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၀

ဦးသက်ခိုင်အောင် နှင့် ၁။ ဒေါ်နုနု
၂။ ဦးပြည့်ဖြိုးကျော်

**လျှောက်သူ** **လျှောက်ခံရသူများ**

တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ အမှတ် ၁၅/၅၁၊ (၁၁)လမ်း (ယခုနေရပ်လိပ်စာမသိ) ကုမ္ပဏီဝန်ထမ်းဖြစ်သူ ဦးပြည့်မျိုးကျော်(ဘ) ဦးသက်ခိုင်အောင် သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဦးသက်ခိုင်အောင်က ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ ဝရမ်းခွာပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့်အကြောင်းပြရန် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တဖက်သတ်မှ ပြုလုပ်၍ကြားနာစစ်ဆေးဆုံးဖြတ် လိမ့်မည်။

၂၀၁၇ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**
**ခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

### အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/1613 Toyota Townace KM 70 P/U (4x2) ယာဉ်လက်ဝယ်ရှိသူ SWEET WAI ZIN SWAN CO.,LTD က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**



# ကျောက်ဆည်တက္ကသိုလ် တေရသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောက်ဆည်တက္ကသိုလ်မှကျင်းပခဲ့သော **ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့** စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ၏ ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ဘွဲ့နှင်းသဘင် ၁၃-၁-၂၀၁၈ ရက် (စနေနေ့)အစီအစဉ်**

**နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ မွန်းလွဲ ၁း၀၀ နာရီမှ ၄း၀၀ နာရီအထိ**

| ဘွဲ့ | အထူးပြုဘာသာ | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|---|
| မဟာသုတေသနဘွဲ့ | (က) သင်္ချာ | မဟာသုတေသနဘွဲ့ | (က) မြန်မာစာ |
| မဟာသိပ္ပံဘွဲ့ | (ခ) ဘူမိဗေဒ | မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) | (ခ) ဓာတုဗေဒ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | |
| သိပ္ပံဘွဲ့ | | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | |

**ဘွဲ့နှင်းသဘင် ၁၄-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့)အစီအစဉ်**

**နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ မွန်းလွဲ ၁း၀၀ နာရီမှ ၄း၀၀ နာရီအထိ**

| ဘွဲ့ | အထူးပြုဘာသာ | ဘွဲ့ | အထူးပြုဘာသာ |
|---|---|---|---|
| မဟာသုတေသနဘွဲ့ | (က) အင်္ဂလိပ်စာ | မဟာသုတေသနဘွဲ့ | (က) ပထဝီဝင် |
| မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) | (ခ) သတ္တဗေဒ | မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) | (ခ) သမိုင်း |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (ဂ) ရုက္ခဗေဒ | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (ဂ) ဒဿနိကဗေဒ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | | ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (ဃ) ရူပဗေဒ |

**အစမ်းလေ့ကျင့်ခြင်း ၁၂-၁-၂၀၁၈ ရက် (သောကြာနေ့)အစီအစဉ်**

(စနေနေ့နံနက်ပိုင်း)
(စနေနေ့မွန်းလွဲပိုင်း) } နံနက် (၉း၀၀ မှ ၁၂း၀၀)နာရီထိ
(တနင်္ဂနွေနေ့နံနက်ပိုင်း)
(တနင်္ဂနွေနေ့မွန်းလွဲပိုင်း) } မွန်းလွဲ (၁း၀၀ မှ ၄း၀၀)နာရီထိ

ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ၉-၁-၂၀၁၈ ရက်မှ ၁၁-၁-၂၀၁၈ ရက်များတွင် ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ယူနိုင်ပါသည်။

**မှတ်ချက်။ ။တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲအခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲအခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမပြုပါက သက်ဆိုင်ရာအခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၂။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် ၁၅၀၀ဝိ/-ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများအတွက် ၁၀၀၀ဝိ/-ဖြစ်ပါသည်။ ဘွဲ့လျှောက်လွှာတင်သွင်းသူများသည် (၁$\frac{၁}{၂}$×၂) လက်မ ဓာတ်ပုံ(၃)ပုံနှင့်အတူ လျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်ကြေးငွေများကို ကျောက်ဆည်တက္ကသိုလ် ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာဖြင့်ဖြစ်စေ ၆-၁၂-၂၀၁၇ရက်မှ ၁၅-၁၂-၂၀၁၇ရက်အထိ ပေးသွင်းနိုင်ပါသည်။

၃။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ အခြားအချက်အလက်များသိရှိလိုပါက ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(စန်းစန်းညွန့်)**
**မော်ကွန်းထိန်း**
**ကျောက်ဆည်တက္ကသိုလ်**

# ကလေးတက္ကသိုလ် ကောဒသမအကြိမ်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ကလေးတက္ကသိုလ် ကောဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ကျင်းပရန်လျာထားပါသဖြင့် အဆိုပါအခမ်းအနားသို့ တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- မဟာသုတေသနဘွဲ့ (M.Res) စာမေးပွဲ အောင်မြင်ပြီးသူများ
- မဟာဘွဲ့(M.A,M.Sc) စာမေးပွဲအောင်မြင်ပြီးသူများ
- ဂုဏ်ထူးတန်းဘွဲ့ B.A(Hons),B.Sc(Hons) စာမေးပွဲအောင်မြင်သူများ
- ရိုးရိုးဘွဲ့(B.A,B.Sc) စာမေးပွဲအောင်မြင်ပြီးသူများ

၂။ လျှောက်ထားသူများသည် ကလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် မှန်ကန်စွာဖြည့်စွက်ပြီး မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံများမှ မိမိနှစ်သက်ရာဝတ်စုံဝတ်ဆင်လျက် နောက်ခံအပြာရောင်ဖြင့် နောက်ဆုံး(၆)လအတွင်း ရိုက်ကူးထားသော (၂×၁$\frac{၁}{၂}$)လက်မအရွယ် ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုပူးတွဲ၍ လျှောက်ထားကြရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ၁၅၀၀ဝိ/-(ကျပ်တစ်သောင်းငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့အတွက် ၁၀၀၀ဝိ/-(ကျပ်တစ်သောင်းတိတိ) ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ကလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် **'ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း'** ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ကလေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့် လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့အပ်နှင်းမည့်အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနသို့လည်းကောင်း၊ ဖုန်း-၀၇၃-၂၁၄၆၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(ခင်မောင်လွင်)**
**မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန**
**ကလေးတက္ကသိုလ်**

# ပုသိမ်တက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ပုသိမ်တက္ကသိုလ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်နှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တို့တွင် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(၁) **၂၁-၁၂-၂၀၁၇(နံနက်ပိုင်း)(၀၉း၀၀)နာရီ**
- **ပါရဂူဘွဲ့** (အဏုဇီဝဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- **မဟာသုတေသနဘွဲ့အားလုံး** (မြန်မာစာ၊ပထဝီဝင်၊ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊သတ္တဗေဒ၊ဘူမိဗေဒ၊အဏုဇီဝဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- **မဟာဘွဲ့အားလုံး (၂၀၁၀) အောင်** (မြန်မာစာ၊အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ ဒဿနိကဗေဒ၊ဥပဒေပညာ၊ရူပဗေဒ၊ သင်္ချာ၊ရုက္ခဗေဒ၊သတ္တဗေဒ၊အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- **ဥပဒေဘွဲ့ (၂၀၁၁) အောင်** (ဥပဒေပညာ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်
- **(သိပ္ပံဘွဲ့) (၂၀၁၂) အောင်** (အဏ္ဏဝါသိပ္ပံ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်

(၂) **၂၁-၁၂-၂၀၁၇(မွန်းလွဲပိုင်း)(၁၃း၀၀)နာရီ**
- **ဂုဏ်ထူးဘွဲ့ (၂၀၁၁) အောင်** (မြန်မာစာ၊အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊ရုက္ခဗေဒ၊ သတ္တဗေဒ၊ဘူမိဗေဒ၊အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်
- **ဝိဇ္ဇာဘွဲ့ (၂၀၁၂)အောင်** (အင်္ဂလိပ်စာ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်
- **သိပ္ပံဘွဲ့ (၂၀၁၂)အောင်** (ဘူမိဗေဒ၊ အဏုဇီဝဗေဒ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်

(၃) **၂၂-၁၂-၂၀၁၇(နံနက်ပိုင်း)(၀၉း၀၀)နာရီ**
- **သိပ္ပံဘွဲ့ (၂၀၁၂) အောင်** (ဓာတုဗေဒ၊ ရုက္ခဗေဒ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်

(၄) **၂၂-၁၂-၂၀၁၇(မွန်းလွဲပိုင်း)(၁၃း၀၀)နာရီ**
- **ဝိဇ္ဇာဘွဲ့ (၂၀၁၂) အောင်** (မြန်မာစာ၊ ပထဝီဝင်) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်
- **သိပ္ပံဘွဲ့ (၂၀၁၂) အောင်** (ရူပဗေဒ၊ ဇီဝဓာတုဗေဒ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်

(၅) **၂၃-၁၂-၂၀၁၇(နံနက်ပိုင်း)(၀၉း၀၀)နာရီ**
- **ဝိဇ္ဇာဘွဲ့ (၂၀၁၂) အောင်** (သမိုင်း၊ဒဿနိကဗေဒ၊စိတ်ပညာ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်
- **သိပ္ပံဘွဲ့ (၂၀၁၂) အောင်** (သင်္ချာ၊ သတ္တဗေဒ) — ၂၀၁၅-၂၀၁၆ ပညာသင်နှစ်

**အစမ်းလေ့ကျင့်ရက်။** ။ ၁၉-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့)

အသေးစိတ်အစီအစဉ်ကို ပုသိမ်တက္ကသိုလ်(ဘွဲ့နှင်းသဘင်ဌာန) ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် ဘွဲ့ဝတ်စုံများကို ၁၅-၁၂-၂၀၁၇ရက်မှစ၍ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။

**မော်ကွန်းထိန်း**
**ပုသိမ်တက္ကသိုလ်**

# ရန်ကုန်မြို့တော်နေ ပြည်သူများသို့ အသိပေးပန်ကြားချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေးတို့အတွက် အဘက်ဘက်မှ အဆင့်မြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်များနှင့်ပတ်သက်၍ ယာယီဆိုင်းဘုတ်များ၊ LED ဆိုင်းဘုတ်များ၊ မြေစိုက်ဆိုင်းဘုတ်များ၊ Vinyl ကြော်ငြာများ၊ ခြံစည်းရိုးနံရံကပ်ဆိုင်းဘုတ်များနှင့် နံရံဆေးခြယ်ဆိုင်းဘုတ်များအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ရာတွင် မြို့တော်နေပြည်သူအချို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံများ၊ ဓာတ်တိုင်များ၊ ခုံးကျော်တံတားများ၏ နေရာအချို့တွင် ကြော်ငြာများတပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်းနှင့် ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၆၁ အဆောက်အအုံဆိုင်ရာတားမြစ်ချက်များ၊ ပုဒ်မခွဲ(ဃ)တွင် **'မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း သို့မဟုတ် ရေးဆွဲခြင်းမပြုရ'** ဟူ၍ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကြော်ငြာဆိုင်းဘုတ်များ၊ စာရွက်များ၊ Vinyl များ စိုက်ထူခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း၊ ရေးဆွဲခြင်းများဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတို့တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Transformer | (၁၅)လုံး |
| (ခ) | လျှပ်စစ်ပစ္စည်းများနှင့်ဓာတ်အားခွဲရုံသုံးပစ္စည်းများ | (၃)မျိုး |
| (ဂ) | Centrifugal Motor & Pump | (၆)စုံ |
| (ဃ) | HDPE ပိုက်နှင့်ပိုက်ဆက်ပစ္စည်း | (၁၂)စုံ |
| (င) | အမှိုက်ပုံး | (၁၂၂၉)ပုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၁၂-၂၀၁၇ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၈-၁-၂၀၁၈ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၂၅၄၈၂၉၇၀၆၊ ၀၉-၂၅၀၁၈၀၂၂၁ နှင့် ၀၉-၅၀၅၅၃၂၄ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကြပ်စင်တံတား ချဉ်းကပ်လမ်းနှစ်ဖက်၏ မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်း (တူး/သယ်/ဖို့/ဖြန့်ခင်း/ကြိတ်/ပုံဖော်) အား (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂-၁-၂၀၁၈ရက်မှ ၉-၁-၂၀၁၈ရက်ထိ |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၁-၁-၂၀၁၈ ရက် ၁၂း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၁၁-၁-၂၀၁၈ ရက် ၁၃း၀၀ နာရီ |
| **တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ထမ္မရာဇ်ရပ်ကွက်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မြောက်ဦးခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၄၃-၅၀၂၈၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါရုံးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဌာနကိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | (၄၅)ယောက်စီး ဘတ်(စ်)ကား | ၂စီး | 1 Lot |
| ၂။ | ကွန်ပျူတာ၊ ပရင်တာ | ၂၀၀ စုံ | 1 Lot |
| ၃။ | မိတ္တူကူးစက် | ၉၇ လုံး | |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၇ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၁၂-၂၀၁၇ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**စက်မှုဌာနခွဲ၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၂၀၂၃၂၁၀၊ ၀၉-၉၇၉၅၆၃၄၉၆၊ ၀၉-၄၄၈၅၃၇၆၃၁၊ ၀၉-၂၅၆၁၆၇၇၀၇**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၂၁၂၊ မြေကွက်တည်နေရာအမှတ် ၂၁၂၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဒုဗိုလ်မှူးကြီးမင်းနိုင်)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးမင်းနိုင် ၁၃/တကန(နိုင်)၀၄၅၀၉၁ထံမှ (၁၆-၃-၀၂)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးညိုဝင်းအောင် ၁၃/တကန(နိုင်)၀၄၅၀၉၃မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြေချပါမစ်မူရင်းစာချုပ်သည် သိမ်းဆည်းထားရာမှ ပျောက်ဆုံးလျက်ရှိကြောင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ မေတ္တာဖြင့်ပေးခြင်းမရှိပါကြောင်း အမှန်တကယ်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်နှင့် လျှောက်ထားသူမှာ ပူးတွဲတင်ပြထားသော သန်းခေါင်စာရင်းမိတ္တူအရ ပါမစ်အမည်ပေါက် ဦးမင်းနိုင်၏ သားသမီးသုံးဦးထံမှ တစ်ဦးဖြစ်နေပါ၍ ဦးမင်းနိုင်(သို့)ကျန်သားသမီးနှစ်ဦး၏ သဘောထားတင်ပြရန်အကြောင်းကြားခဲ့ရာ ဝင်စာအမှတ် ၄၄၂၃/၈-၅-၁၇ ဖြင့် ကျန်သားသမီးနှစ်ဦးဖြစ်သော ဦးလေးမြင့်နိုင်နှင့် ဒေါ်ယဉ်ယဉ်ခိုင်တို့မှ ဦးညိုဝင်းအောင်၏ ဂရန်သစ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိ သဘောတူကြောင်းနှင့် မိခင်၊ ဖခင်တို့၏သေစာရင်းများ ပူးတွဲတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ဌာနမှ ကွင်းဆင်းစိစစ်ရာ ကျောက်ပြားကာသွပ်မိုးတစ်လုံး (၁၆×၁၂)ပေရှိပြီး ကိုယ်တိုင်မနေပါ။ သို့ပါ၍ ဦးညိုဝင်းအောင်မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ အထက(၂) အဋ္ဌမတန်း(B)မှ မောင်ဧယျာမြင့်မြတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၇-၂၀၀၄ ဖြစ်ပါကြောင်း။ **ဒေါ်လှစောရှည်**

## မွေးသက္ကရာဇ်အမှန်

ကျုံဒိုးမြို့ ဦးအောင်နိုင်ဦးနှင့် ဒေါ်တင်တင်ခိုင်တို့၏သမီး မယွန်းဝတီအောင်၊ ကျုံဒိုး အထကကျောင်း ပဉ္စမတန်း(A)၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၉-၂၀၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဒုတိယနှစ်(ပထဝီဝင်)မှ မချိုချိုအေး ၁၀/သထန(နိုင်)၂၀၃၆၆၁ ၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်သန်း ၁၀/သထန(နိုင်)၂၇၃၄၅၂ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၉၈၆၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါလုပ်ငန်း(၃)ခုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် Design and Build တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ |
|---|---|---|
| (က) | EDRB/၀၄/ ၂၀၁၇-၂၀၁၈ | ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း(ရွှေတိဂုံဘုရားအနောက်ဘက်မုခ်အနီး) Underpass တည်ဆောက်ခြင်း၊ |
| (ခ) | EDRB/၀၅/ ၂၀၁၇-၂၀၁၈ | ကမာရွတ်မြို့နယ်၊ ပြည်လမ်း (ပညာရေးတက္ကသိုလ်ရှေ့) Underpass တည်ဆောက်ခြင်း၊ |
| (ဂ) | EDRB/၀၆/ ၂၀၁၇-၂၀၁၈ | မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း (ရှစ်မိုင်ခုံးကျော်တံတားအဆင်း) Underpass တည်ဆောက်ခြင်း၊ |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများကို (၈-၁၂-၂၀၁၇) ရက်မှစ၍ (၂၂-၁၂-၂၀၁၇) ရက်ထိ အမှတ်(၄၂၀/၄၃၀)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ မြို့တော်ခန်းမ(ဒုတိယထပ်)၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဆောင်ရွက်မည့် ဒီဇိုင်းပုံစံအပါအဝင် တင်ဒါစာရွက်အပြည့်အစုံကို အထက်ဖော်ပြပါ ဌာနသို့ (၂၂-၁-၂၀၁၈)ရက် ညနေ ၁၄း၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျ တင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ (၂၂-၁-၂၀၁၈)ရက် ၁၅း၀၀နာရီတွင် တင်သွင်းသူများရှေ့၌ စာရွက်စာတမ်းများကို ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ **တယ်လီဖုန်းအမှတ်-၀၉ ၅၁၀၃၂၅၀** သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါကော်မတီ

# တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တင်ဒါကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မရမ်းကုန်းမီးလောင်ပြင်နေရာတွင် အဆောက်အဦသစ် ပြန်လည်တည်ဆောက်မည့်လုပ်ငန်းကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သော တင်ဒါတင်သွင်းလိုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ |
|---|---|
| EDB/၀၂/ ၂၀၁၇-၂၀၁၈ | မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်းသွယ်ရှိ မြေညီထပ်(ကားပါကင်)+၄½ထပ် အဆောက်အအုံနှစ်လုံးနှင့် မြေညီထပ်(ကားပါကင်)+၄ထပ် အဆောက်အဦတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာအဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ(Instructions to Tenderers)နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများအပြည့်အစုံကို ၁၂-၁၂-၂၀၁၇ ရက်မှစ၍ ၁၂-၁-၂၀၁၈ ရက်အထိ ကျောက်တံတားမြို့နယ်၊ ၃၄ လမ်းနှင့် စည်ပင်လမ်းထောင့်ရှိ (၁၀)ထပ်ရုံး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရှစ်လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ စာရွက်စာတမ်းအပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၁၂-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၄၃၆၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၄၀၈၆၂ SUZUKI SMASH 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုး ၈/သရန(နိုင်)၀၆၇၅၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သရက်မြို့)**

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ဘိုကုန်း အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ မပန်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးဖိုးတူး ၁/ရကန(နိုင်)၀၄၀၉၀၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ဘိုကုန်း အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်လင်း ၁/ရကန(နိုင်)၀၄၄၄၃၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ဘိုကုန်း အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်အောင်မင်းကို၏ ဖခင်အမည်မှန်မှာ ဦးလှိုင်မင်း ၁/ရကန(နိုင်)၀၆၉၂၃၆ ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ငွေလုံးငွေရင်း(မူလ)လုပ်ငန်း၊ အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ကတ္တရာ(၆၀/၇၀) အမျိုးအစား ၁၀၇၈.၅တန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **သတင်းစာတွင် ကြော်ငြာသည့်ရက်** | - ၆-၁၂-၂၀၁၇ရက် |
| (ခ) | **လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၁၁-၁၂-၂၀၁၇ရက် |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်ရက်** | - ၂၀-၁၂-၂၀၁၇ရက် ၁၂း၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်မည့်ရက်** | - ၂၈-၁၂-၂၀၁၇ရက် ၀၉း၃၀နာရီ |
